စစ်ကိုင်းတောင်ရိုး

# သေမေသကချောင်ဆရာကြီးများ

၂
၀တ

ဒေါ်ဗျာနဝတီ

မှတ်တမ်းတင်သည်

၁၅၇၃၄

# စစ်ကိုင်းတောင်ရိုး

# ခေမေသကချောင်

# ဆရာကြီးများ

ဒေါ်ဈာနဝတီ

သီဟာရှင်း
စာပေတိုက်

အမှတ် ၁၆၉၊ ၃၇ လမ်း၊ ရန်ကုန်
ဖုန်း-၇၁၂၁[illegible]

ပထမအကြိမ်

၁၉၈၂၊ မတ်လ

အုပ်ရေ ၂၀၀၀

စာမူ ကြိုတင်ခွင့်ပြုအမှတ်(၆၂၂)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ်(၂၆၀)

**အဖုံးရိုက်** - ပြည်သူ့အလင်း
**ပန်းချီ** - သပြေ-ဆွေမျင့်
**တန်ဖိုး** - ရှစ်ကျပ်

**ပုံနှိပ်/ထုတ်ဝေသူ**-ဦးစိန်ကြည် ပြည်သူ့အလင်းပုံနှိပ်တိုက်(၀၀၄၇)
အမှတ် ၁၆၉၊ ၃၇ လမ်းမှ ပုံနှိပ်၍၊ ဦးစိန်ကြည်
ပြည်သူ့အလင်း စာပေတိုက်(၀၀၄၈)၊ အမှတ်
၁၆၉၊ ၃၇ လမ်းက ထုတ်ဝေသည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပထမချောင်ဆရာကြီး ဒေါ်မေဓာဝတီ [၁၂၂၄-၁၂၉၄] | ၁ |
| ၂။ | ဒုတိယချောင်ဆရာကြီး ဒေါ်ကုမ္ဗာရီ [၁၂၂၀-၁၃၂၃] | ၆၀ |
| ၃။ | တတိယချောင်ဆရာကြီး ဒေါ်ဂုဏဝတီ [၁၂၅၂- ] | ၇၄ |
| ၄။ | စတုတ္ထချောင်ဆရာကြီး ဒေါ်စျာနဝတီ [၁၂၆၆- ] | ၉၁ |
| ၅။ | ဆရာကြီး ဒေါ်စျာနဝတီ၏ ဇာတာ | ၂၄၇ |
| ၆။ | ဒေါ်စျာနဝတီ၏ နောက်ဆုံးအချိန် | |
| | ဒ. စီအစဉ် | (နောက်ဆက်တွဲ) |

# နိဒါန်းစကား

၁၂၆၇-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ "ခေမာသက ကျောင်း"ကိုစတင်တည်ထောင်ခဲ့ပါသည်။ ယခုဆိုလျှင်နှစ်ပေါင်း (၇၆)နှစ်မျှ ရှိပြီဖြစ်သည်။ ဤနှစ်များတွင် တည်ထောင် အုပ်ချုပ်ခဲ့သည့် သာသနနွယ်ဝင် သီလရှင်ကျောင်းဆရာကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်းကို စုစည်းတင်ပြကာ "ခေမာသကကျောင်း ဆရာကြီးများ" အမည်ဖြင့် စာအုပ် ထုတ်ဝေလိုက်ရပါသည်။

ပထမကျောင်းဆရာကြီးဒေါ်ခေမာဝတီသည် ၁၂၆၇-ခုနှစ်မှ ၁၂၉၄-ခုနှစ်အထိ ၂၇ နှစ်တိုင်တိုင် လည်းကောင်း၊ ဒုတိယ ကျောင်းဆရာကြီး ဒေါ်ကုမ္ဘာရီသည် ၁၂၉၄-ခုနှစ်မှ ၁၃၂၃-ခုနှစ်အထိ ၂၉ နှစ် တိုင်တိုင် လည်းကောင်း၊ တတိယကျောင်း ဆရာကြီး ဒေါ်ဂုဏဝတီနှင့်စတုတ္ထကျောင်းဆရာ ဒေါ်ဈာနဝတီ တို့သည် တွဲဖက်လျက် ၁၃၂၃-ခုနှစ်မှယနေ့အထိ နှစ်ပေါင်း

(၂၀) တိုင်အောင် လည်းကောင်း အဆင့်ဆင့် ထိန်းသိမ်း အုပ်ချုပ်၍လာခဲ့ကြပါသည်။

မြန်မာပြည် အရပ်ရပ်မှ ရောက်ရှိလာခဲ့ကြသည့် **သာသန** နွယ်ဝင် အမျိုးသမီးသီလရှင်တို့ကို ထိန်းသိမ်း အုပ်ချုပ်ရာတွင် ဆရာတော်ဘုရားကြီးများ၏ အဆုံးအမ ဩဝါဒကို ခံယူကာ ထိန်းသိမ်းခဲ့ကြပါသည်။ အထူးသဖြင့် မဟာဂန္ဓာရုံ ဆရာတော်ကြီး ထုတ်ပြန်ထားသည့် "သီလရှင်ဥပဒေ"အတိုင်း လိုက်နာ ကျင့်သုံး ခဲ့ကြပါသည်။

မှန်ပါသည်၊ ခေမေသကချောင် ဆရာကြီးများသည် မဟာ ဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဥတ္တရထေရ်မှအစ နိုင်ငံကျော် ခမ္မကထိက အနီးစခန်းဆရာတော်အထိ ဆရာတော်အဆက်ဆက် တို့၏ ဆုံးမဩဝါဒကို ခံယူကာခေမေသကချောင်ကို တီထွင်ခဲ့ ကြသည်။ အုပ်ချုပ်ခဲ့ကြသည်။ သာသနနွယ်ဝင် သီလရှင် ဆရာ လေးများ၏ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရားကောင်းမှု၊ ပရိယတ္တိ စာပေတတ်ကျွမ်းမှုရှိအောင် အစစ ထိန်းသိမ်း စောင့်ရှောက်ခဲ့ ကြသည်။ ထိုချောင် ဆရာကြီးများ၏ မဆုတ်မနစ်သော ဇွဲ လုံ့လကြောင့် ခေမေသကချောင်ကြီးသည် ယခုအခါ သီလရှင် တရာကျော်ရှိသည့် ထင်ရှားသောစာသင်တိုက်ကြီးတခုအဖြစ်ဖြင့် မြန်မာပြည်တွင် ဝင့်ဝင့်ကြွားကြွား မြင့်မြင့်မားမား တည်ရှိ လျက် ရှိနေပါသည်။

မဟာဂန္ဓာရုံ ဆရာတော်၊ အနီးစခန်း ဆရာတော် စသည့် ဆရာတော်ကြီးများ အဆက်ဆက်၏ အဆုံးအမဩဝါဒကို ခံယူ

လိုက်နာကျင့်သုံးခဲ့သကဲ့သို့၊ယခုလည်း ရတနာ့ဗိမာန်ဆရာတော်၊ ပဋ္ဌာနမဂန္ဓာရုံ ဆရာတော်၊ ဟံသာဝတီရိသဆရာတော်၊ သဒ္ဓမ္မသီတဂူ ချောင် သဲကုန်းဆရာတော်တို့၏ အဆုံးအမဩဝါဒကို ခံယူ ကျင့်သုံးကာ မိမိတို့၏ဂုဏ်သိက္ခာ သာသနအရှိန်ကို မညှိုးမှိန်စေပဲ စည်းကမ်းကြီးစွာ ထိန်းသိမ်း အုပ်ချုပ်လျက်ရှိပါသည်။

ဤချောင်ဆရာကြီးများ၏ ရိုးသားမှု၊ နိုးကြားမှု၊ ကြိုးစားမှုများကို သိရှိလေ့လာနိုင်ရန် လည်းကောင်း၊ သမိုင်းမှတ်တမ်း အနေဖြင့် တည်ရှိနေစေရန်လည်းကောင်းရည်သန်၍ "မှတ်တမ်းတင်" ပြုစုခဲ့ပါသည်။ဤသို့မှတ်တမ်းတင်ပြုစုရာတွင် အကြောင်း အရာ အချက်အလက်များကို မိမိက စုဆောင်း ရေးသား၍ အစီအစဉ်ကျနအောင် စကားလုံးနှင့် ဝါကျအထားအသိုများ တိကျ ကောင်းမွန်အောင် အရှင်နန္ဒမာလာဘိဝံသ (မဟာ သုဗောဓာရုံ)နှင့်အရှင်မဟောသဓပဏ္ဍိတ(ဝေဇယန္တာချောင်) ဆရာတော်လေး နှစ်ပါးက တည်းဖြတ် ပြင်ဆင်ပေးခဲ့ကြပါ သည်။

ချောင်ဆရာကြီးများ၏ အကြောင်းရာထုပ္ပတ်ကို စုံဆောင်း ရေးသားရာတွင် မှတ်သားအတုယူဖွယ်ရာ လေးနက်ခိုင်မာသော အကြောင်းများ၊ ကြည်ညိုဖွယ်ရာဂုဏ်ပုဒ်များ၊ မြတ်နိုးဖွယ်ရာ ကြိုးပမ်း ဆောင်ရွက်မှုများ အမှန်ပင် ကျန်ရှိနေပါလိမ့်မည်။ ထိုဆရာကြီးတို့၏ဂုဏ်ကို ပြည့်စုံကုံလင်အောင် ဖေါ်မပြ နိုင်ဟု ဆိုလျှင်ကား မိမိ၏ အားနည်းချက်မျှသာဖြစ်ကြောင်း ဝန်ခံပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက် ပေးတော်မူသော အရှင်မဟာသမပဏ္ဍိတအားလည်းကောင်း၊ လက်နှိပ်စက်ဖြင့်စာမူအချောရိုက်ကူးပေးသော ဦးကျော်မင်း(စခန်းမှူး စိုင်ပြင်)အား လည်းကောင်း၊ စာရေးဆရာ မေမြို့-မိုးကြည်နှင့် သီဟုမင်းစာပေတိုက်လုပ်သားတို့အားလည်းလောင်း အထူးပင် ကျေးဇူးတင်လျက် ရှိပါကြောင်း မှတ်တမ်းပြုပါသည်။ ။

**(အမျိုးသမီးသာသနာ စည်ပင်ပြန့်ပွား ထွန်းကားပါစေ)**

**ဒေါ်စျာနဝတီ**

**ခေမေသကကျောင်း**
**စစ်ကိုင်းတောင်ရိုး**

၁၃၄၃-ခု၊ ဝါဆိုလပြည့်နေ့
(၁၆-၇-၈၁)

မန္တလေးမြို့ အင်းကန်း ကျောင်းတိုက်
ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ မယ်တော်



ပထမချောင်ဆရာကြီး ဒေါ်မေဓာဝတီ
အသက် ၇၈

# ဆရာကြီး ဒေါ်မေဓါဝီ
## (၁၂၂၄–၁၂၉၄)

## ( ၁ )

မန္တလေး ရန်ကုန်သွား မီးရထားလမ်းမကြီးတွင်ဖြူးအလွန် တဘူတာမှာ ညောင်ပင်သာဘူတာဖြစ်၏၊ ညောင်ပင်သာ ဘူတာအနီး၌ "ကြိန်တောမျှောင်"ခေါ် ရွာကြီးတရွာရှိသည်၊ ၎င်းရွာကြီးသည် ဆရာကြီး ဒေါ်မေဓာဝီ၏ ဇာတိရွာဖြစ်သည်။

ဆရာကြီး၏ငယ်နာမည်မှာ မစပယ်ဖြစ်သည်၊ မစပယ်ကို ၁၂၂၄ ခု၊ ပြာသိုလဆန်း ၄ ရက် ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်၊ အမတယောက် အကိုတယောက် မွေးချင်းသုံးယောက်ရှိ၏။

မစပယ်၏မိဘများမှာ အရောင်းအဝယ်ဖြင့် အသက်မွေးကြ၍ စီးပွားချောင်လည်ကြ၏၊ ဖခင်က ညောင်ပင်သာဇာတိ၊ မိခင်က ကြိန်တောမျှောင်ဇာတိ၊ သဒ္ဓါတရား ရှိကြသူများ

ဖြစ်၍ ကြိန်တောမျှောင်ရွာ၌ ကျောင်းတဆောင် ဆောက်လှူကြ၏၊ ကျောင်းရေစက်ချပွဲနှင့်တွဲ၍ သားရှင်ပြု အလှူပွဲကိုလည်း ဆင်နွှဲခဲ့ကြသည်။

ကြိန်တောမျှောင်ဘုန်းကြီးသည် မစပယ်၏ ဦးကြီးအရင်းဖြစ်သည်၊ မစပယ်သည် အကိုဖြစ်သူနှင့်အတူ ဦးကြီးကျောင်းတွင် စာသင်ခဲ့ရသည်၊ ရေးတတ် ဖတ်တတ်၍ အတွက်အချက်အသင့်အတင့်တတ်သောအခါ မိဘများက မစပယ်ကို ကျောင်းနှုတ်ကြ၏၊ မစပယ်က ကျောင်းပျော်သည်၊ ကျောင်းမထွက်ချင် စာကိုသာဆက်ပြီး သင်ချင်သည်။

"ငါ့သမီး ဒါလောက်တတ် တော်ရောပေါ့၊ အိမ်မှာဈေးရောင်းသင်ရအောင်"ဟု မိဘများက ချော့ပြောကြသည်၊ သို့ဖြစ်၍ ၉ နှစ် ၁၀ နှစ်အရွယ် အိမ်မှာဈေးရောင်းသင်ရ၏။

မမယ်က အိမ်ထောင်ကျ၍ ညောင်ပင်သာရွာ၌ အရောင်းအဝယ်ဖြင့် အသက်မွေး၏၊ သားတယောက် သမီးတယောက်ရသည်၊ မစပယ်က ဆယ့်သုံးလေးနှစ်အရွယ်ရှိသောအခါ မိဘ ၂ ပါး ကွယ်လွန်သွားကြ၏။

## ( ၂ )

မိဘ ၂ ပါးကွယ်လွန်သွားသည့်နောက် မစပယ်သည် အမနှင့်အတူနေရပြီး ဈေးရောင်းရသည်၊ ထမင်းဟင်းချက်ပြုတ်ရသည်၊ အမ၏ကလေးများကို ထိန်းရသည်၊ ရောင်းတတ်ဝယ်

တတ် ချက်တတ် ပြုတ်တတ်ရှိသည့်အပြင် အရာရာမှာပင် ချက်ချက်ချာချာရှိ၍ အမလုပ်သူက မစပယ်ကို အားကိုးသည်။

သို့ရာတွင် မစပယ်က အိမ်မှာမနေချင်၊ အမလုပ်သူကို မကြာခဏနားပူသည်။

"ကျုပ်ကဒီလိုမနေချင်ဘူးတော့"

"ဒါဖြင့် ညည်းက ဘယ်လိုနေချင်တာတုန်း"

"သီလရှင်ဝတ်မှာပေါ့တော်၊ လူဝတ်နဲ့ မနေချင်ပေါင်၊ သီလရှင်ဝတ်ပြီး ဦးကြီးဆီဖြစ်ဖြစ် အကိုဆီဖြစ်ဖြစ် စာသင်မယ်"

အမလုပ်သူက ညီမငယ်ကိုကြည့်ပြီး ခေါင်းဆတ်သည်၊ အတန်ကြာငေးပြီး ရှေ့ရေးနောက်ရေးတွေးသည်၊ ပြီးမှ လေသံပျော့ဖြင့် ညီမငယ်ကို ချော့သည်။

"အခုမှာ အိမ်ထောင်သယ်ဘဝဆိုတော့ လင်ဒုက္ခ သားသမီးဒုက္ခ မသေးလှပါဘူးအေ၊ သားတယောက် သမီးတယောက်နဲ့ စားအိုးကလဲကြီး၊ ဒါတွေညီမအသိပါ၊ ခုညီမအသက် ၁၅ နှစ်မှတ်လား၊ ငယ်ပါသေးတယ်၊ အမစိတ်မချသေးဘူး၊ အမတို့မှာ အရောင်းအဝယ်ကလဲ သိပ်မကောင်းဘူး၊ နောက် ၃ နှစ်လောက်တော့ စောင့်လိုက်ပါအုံး၊ အဲဒီကျမောင်ကုလေးကိုလဲ အသက်စေ့လို့ ပဉ္စင်းခံပေးယင်း၊ ညီမလဲသီလရှင်ဝတ်ချင်တာ တခါထဲ ဝတ်ပေးတာပေါ့"

မမယ်သည် ညီမငယ်ကိုချော့ပြောပြီး ဦးကြီး ဘုန်းကြီးကိုလည်း အကျိုးအကြောင်းလျှောက်သည်၊ အကူအညီတောင်းသည်။

"ဦးကြီးဘုန်းကြီးကို မိဘလိုအားကိုးလို့ လျှောက်ရအုံးမှာပဲဘုရား"

"ဟ ဘာများလဲ၊ လျှောက်စရာရှိလျှောက်ပေါ့၊ တို့က လျှောက်မှလဲသိရမှာ"

"ညီမလုပ်သူကဘုရား သီလရှင်ဝတ်ချင်လို့တဲ့၊ အဲဒါ ခဏခဏနားပူနေတာ တပည့်တော်မမှာလဲ အိမ်ထောင်သယ်ဆိုတော့ တာဝန်ကမသေးလှဘူး၊ ငယ်သေးတော့ ညီမကိုလဲခွဲမထားရက်ဘူး၊ ဒါကြောင့်မို့ ၃-နှစ်လောက်တော့ဆိုင်းပါ၊ မောင်လေးပဥ္စင်းတက်တော့ ဝတ်ပေးမယ်လို့ ပြောရတယ်ဘုရား၊ ဦးကြီးဘုန်းကြီးလဲ ဝိုင်းပြီး အမိန့်ရှိပေးပါအုန်းဘုရား"

"အေးအေး သူဝတ်ချင်တာတော့ ဝတ်ပေစီ၊ သူ့ပါရမီနဲ့သူလာတာ၊ မစငယ်က ဉာဏ်ကောင်းတယ်ဟ၊ နင်တို့နဲ့အပြတ်အသတ်ကွာတယ်၊ စိတ်မြန်ကိုယ်မြန်လဲရှိတယ် လိမ်လဲလိမ်မာပါတယ်ဟ၊ သူကငယ်ငယ်ကထဲက ကျောင်းထွက်ချင်တာမှုတ်ဘူး၊ အေး ၃နှစ်တော့ ဆိုင်းရမှာပေါ့၊ ကြာတာမှတ်လို့"

မမယ်သည် ဦးကြီးဘုန်းကြီးကို ကန်တော့ပြီး ပြုံးရွှင်စွာထပြန်သွား၏၊ နောက်ရက်တွင် မစပယ်ကို ဦးကြီးဘုန်းကြီးကကျောင်းခေါ်ပြီး အကျိုးအကြောင်းပြောသည်။

"နင့်အမကငါ့လျှောက်သွားတယ်၊ ကိုရင်အသက်ပြည့်လို့ ပဥ္စင်းတက်ပေးယင်း နင့်ကိုလဲ သီလရှင် ဝတ်ပေးမယ်လို့ သူပြောတဲ့အတိုင်း ခေတ္တတော့စောင့်လိုက်ပါ၊ သူ့မှာလဲ သမီးနှစ်ယောက် သားတယောက်နဲ့ တာဝန်က မသေးလှဘူး၊ အမေ

အခဖဆုံးသွားကထဲက နင်တို့ကိုလဲ သူပဲ စောင့်ရှောက်လာခဲ့ရဘယ်မဟုတ်လား၊ သူ့ကိုလဲပြန်ငဲ့ရမယ်”

“မှန်ပါ ဘကြီးဘုန်းဘုန်းပြောတာ နားထောင်ပါမယ်ဘုရား”

“အေးအေး သုံးနှစ်ဆိုတာ မကြာပါဘူးဟ”

(၃)

၁၂၄၂ ခုနှစ်တွင် မစပယ်အသက် ၁၈ နှစ်ပြည့်သည်။ အကိုဖြစ်သူကိုရင်က အသက် ၂၀ တွင်းသို့ ရောက်သည်။

ထိုနှစ်၌ မမယ်တို့မှာ အခရောင်းအဝယ်ကောင်း၍ ငွေကြေးစုမိသာသည်၊ ယောကျ်ားလုပ်သူနှင့် တိုင်ပင်၍ မောင်ကိုပဉ္စင်းတက်ခပေးပြီး ညီမကို သီလရှင် ဝတ်ပေ ရန် စီစဉ်ကြသည်၊ ဦးကြီးဘုန်းကြီးထံသွားလျှောက်၍ “ကျောင်းမှာလုပ်”ဟုအမိန့်ချလိုက်သည်။

မစပယ်သည် သီလရှင်ဝတ်ရတော့မည်ဖြစ်၍ ဝမ်းသာမဆုံးတပြုံးပြုံးဖြစ်နေ၏။ ဆောင်ရွက်စရာ ရှိသမျှကို ယခင်ကထက်ပိုပြီး တက်တက်ကြွကြွ ဆောင်ရွက်သည်၊ ရဟန်းဆောင်ပစ္စည်းများနှင့် ဝယ်စရာခြမ်းစရာများကို သူကိုယ်တိုင် မွှီသွားဝယ်သည်။ သီလရှင်ဝတ်စုံအတွက် ပိတ်ဝယ်ပြီး စက်အချုပ်အပ်သည်၊

ရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲကို ကြိန်တောမျှောင်ဘုန်းကြီးကျောင်း၌ ကျင်းပသည်။ ပင့်သံဃာ ၁၀ ပါးအား တပါးလျှင် ၂၅ ကျပ်တန်စီ လှူသည်။ ပရိသတ်အား ထမင်းခဲဘွယ်ဖြင့် ညှော်ခံကျွေးမွေးသည်။ နှစ်ထောင်ကျော် သုံးထောင်လောက် ကုန်ကျသည်။

မစပယ်သည် ဆံကေသာ ရိတ်ပယ်၍ ဦးကြီး ဘုန်းကြီးထံ ရှစ်ပါးသီလခံယူပြီး သံလရှင် ဝတ်သည်။ ဦးကြီး ဘုန်းကြီးက "မမေဓါဝတီ"ဟု ဘွဲ့ပေးသည်။

(၄)

မမေဓါဝတီ၏ အကိုသည် ပဥ္စင်းခံပြီးနောက် ဦးကြီးဘုန်းကြီးက ထား၍ ညောင်ပင်သာ ကျောင်းသို့ သွာပြီး ကျောင်းထိုင်ရ၏။ မမေဓါဝတီလည်း အဘူလိုက်ပါသွားပြီး အကိုဦးပဥ္စင်းထံ စာသင်သည်။

ထို့နောက် ဦးကြီးဘုန်းကြီးကျောင်း ပြောင်းနေပြီး စာသင်သည်။ တနေ့သောအခါတွင် မမေဓါဝတီက ဦးကြီးဘုန်းကြီးအား လျှောက်သည်။

"တပည့်တော်က သီလရှင်ဝတ်ပြီး ဒီရွာမနေချင်ပါဘုရား"

"နင်က ဘယ်သွားချင်တာလဲဗျာ့"

"တောင်ငူမြို့ သီလရှင်များရှိရာ သွားချင်တာပါဘုရား"

"နင်ပြောတာလဲ ဟုတ်တယ်၊ ဒါပေမဲ့ သူတို့မှာ မောင်

ရဟန်းခံပေးရ၊ ညီမ သီလရှင်ဝတ်ပေးရနဲ့ ခပ်ကျဉ်းကျဉ်း လုပ်တာတောင် သုံးလေးထောင်လောက် ကုန်ထားတာ၊ တနှစ်, နှစ်နှစ်လောက်တော့ စောင့်လိုက်ပါ၊ကိုယ့်ဘိုကိုယ်ရှိန်းတာတော့ ဟုတ်ပါရဲ့၊ သူတို့ဘိုလဲ ထဲ့စဉ်းစားအုန်း၊ ဟုတ်လား"

"စာသင်ရတာ အသက်ကြီးတော့ မကောင်းပါဘုရား၊ ငယ်ငယ်ရွယ်ရွယ် ကြိုးစားမှ ကောင်းတာ ဘုန်းဘုန်းဘုရား၊ တပည့်တော် တနှစ်, နှစ်နှစ်တော့ စောင့်ပါမယ်၊ ဒီထက်ပိုပြီး မစောင့်နိုင်ပါဘုရား၊ လူဆိုတာ အတောမသတ် ပစ္စည်းရှာချင်တာ၊ တပည့်တော်က စောင့် ဆိုင်း ပြီး မ နေ ချင် ပါ ဘု ရား၊ ဘုန်းဘုန်းကလဲ ကူပြီးအမကြီးကို အမိန့်ရှိပေးပါ၊ နင်တို့ညီမ သီလရှင်ဝတ်ပြီး စာ တတ် မှ ကောင်း တာ၊ သူသွားချင်တာ လိုက်ပို့လိုက်လို့ ခေါ်ပြီးပြောပေးပါဘုရား"

## (၅)

၁၂၄၅ ခုနှစ်၊ နယုန်လဆန်း ၈ ရက်နေ့တွင် မမေဓါဝတီသည် ဇာတိရွာမှ တောင်ငူသို့ စာသင်ရန် ထွက်လာခဲ့သည်။ တောင်ငူသို့မသွားမီ အကိုဘုန်းကြီးနှင့် ဦးကြီးဘုန်းကြီးတို့ကို သွားရောက်ကန်တော့သည်။

ဦး ကြီးဘုန်းကြီးက "နင်ဘယ်နေမှာလဲ"ဟု မေးသည်။

"တပည့်တော်မ တောင်ငူမြို့ထောင့်ကျောင်းမှာ နေမယ် စိတ်ကူးပါတယ်ဘုရား၊ စာတက်ရရင်တော့ အနဲဆုံး ၅ နှစ်

နေမှာပါ၊ အဲဒီကမှ မန္တလေး စစ်ကိုင်း သွားပြီး နေရာရှာ၊ စစ်ကိုင်းတောင်ရိုးမှာက သီလရှင်လဲ များတယ်၊ စာလဲ သင်ရတယ်လို့ ကြားပါတယ်၊ အဆင်ပြေသလိုပါဘုရား”

ဟု မမေဓါဝတီက လျှောက်သည်။

“အေး- ငါက ဆုပေးလိုက်ရတာပေါ့”

“ချောင်ဆရာကြီးဖြစ်ပြီး တပည့်တပန်းတွေနဲ့ ကြီးပွားပါစေ၊ စာပေကျမ်းဂန်တွေ တတ်မြောက်ပြီး လောကုတ္တရာတရားထူးများ ရအောင် အားထုတ်နိုင်ပါစေ၊ အသက်ရာကျော်ရှည်ပြီး သူတော်ကောင်းတရား များများကြီး ရှာမှီးကာ ဒီအဝတ်ဖြင့် ပျော်မွေ့နိုင်ပါစေဗျား”

ဦးကြီးဘုန်းကြီးက ဆုပေးပြီး ဆုံးမသြဝါဒစကား ဆက်လက် မိန့်ကြားပြန်သည်။

“ငါတို့တော့ ဘုန်းကြီးလုပ်ပြီးတော့ ဟောရ,ပြောရ,ဆုံးမသြဝါဒပေးရတာပဲ၊ သီလရှင် ငယ်သေးတယ်၊ လူကြီးများနဲ့နေ၊ ကာယကံမှု, ဝစီကံမှု, မနောကံမှု လုံခြုံပစေ၊ အပြီးသတ်စကား ငယ်ရွယ်သူမို့,ဆုံးမရတာ ကြပ်ကြပ်မှတ်သွား၊ မမေ့နဲ့၊ မိမယ်ဏ ကိုယ့်အိမ်သားကို အိမ်အတွက်မှာထားပြီး ကောင်းမွန်စွာ လိုက်ပို့လိုက်၊ ကဲ- သွားကြတော့”

(၆)

မမေဓါဝတီသည် အမကြီး မမယ်နှင့်အတူ တောင်ငူသို့ ထွက်လာခဲ့သည်။ ချောင်းထိပ် အိမ်မှ လှည်းဖြင့် ပို့ပေး၏။

ချောင်းဖြတ်ကူးပြီး ညီအမနှစ်ယောက်တည်း တောင်ငူမြို့အရောက် ခြေလျင်လျှောက်ကြသည်။

တောင်ငူရောက်ခါနီးတွင် ဘုန်းကြီးတပါး၊ ဒကာတယောက်နှင့်တွေ့၍ မြို့ထောင့်ကျောင်း မည်သည့်လမ်းကသွားရကြောင်း မေးမြန်းရာ ဤလမ်းအတိုင်းသွားရကြောင်း၊ မိမိတို့လည်း မြို့ထောင့်ကျောင်း အလှူမှပင် ပြန်လာကြောင်း၊ မဝေးတော့ကြောင်း ဘုန်းကြီးက အမိန့်ရှိသည်။

ညီအမနှစ်ယောက် စကားတပြောပြောဖြင့် လမ်းလျှောက်လာကြရာ မြို့ထောင့်ကျောင်းအနီးသို့ ရောက်လာ၏။

"အမကြီးရေ ရှေ့ကကျောင်းပဲထင်တယ်"

"အေး ဟုတ်တယ်၊ ဝင်ကြစို့"

ကျောင်းပေါက်ဝတွင် ဦးပဉ္ဇင်းတပါးနှင့်တွေ့၍ မမယ်မက မေးသည်။

"ဦးပဉ္ဇင်း- ဒီကျောင်းမှာ သီလရှင်များရှိသလား ဘုရား"

"ရှိတယ်ဒကာမကြီး၊ ဝင်သွားကြပေါ့"

ညီအမနှစ်ယောက် ကျောင်းတိုက်တွင်းသို့ ဝင်ရောက်သွားသောအခါ မီးဖိုဆောင်အနီးမှ အဖွားကြီးတယောက်က လှမ်းကြည့်ပြီး "လူဝတ်ကြောင်တယောက်နဲ့ သီလရှင်တယောက် ကျောင်းလာတာနဲ့တူတယ်"ဟု ပြောသည်ကို ကြားကြရ၏။

အနီးရောက်သောအခါ "လာကြလာကြ ဇရပ်ထဲသွားကြ အဲဒီမှာအဖွားကြီး ၂ ယောက်နဲ့ သီလရှင် ၂ ပါးရှိတယ်" ဟု ပြောလိုက်သည်။

ညီအမနှစ်ယောက် ဇရပ်ထဲသို့ဝင်သွားကြသည်၊ ၁၈ နှစ် အရွယ် ဖြူဖြူချောချော သီလရှင်လေးက မမေဓါဝတီကို ရိုသေလေးစားသည့်အမူအရာဖြင့် "ဒီကြွပါဘုရား"ဟု ခေါ်သည်၊ ၎င်းသီလရှင်လေး၏အမည်မှာ "မကုမ္မာရီ"ဖြစ်၏။

မမေဓါဝတီသည် မကုမ္မာရီနှင့်တွေ့လျှင်တွေ့ခြင်း "ဟယ် ငါ့မှာညီမလေးတယောက် တွေ့လိုက်ရသလိုပဲ၊ ဝမ်းသာလိုက်တာ"ဟု နှုတ်မှပင် အသံထွက်သွားလေသည်၊ မမေဓါဝတီတို့ ညီအမသည် ပါလာသောအထုပ်အပိုးများကို တနေရာမှာချထားပြီး ပေးထားသည့်နေရာတွင် ထိုင်ကြသည်၊ အချင်းချင်း အကျိုးအကြောင်း မေးမြန်းကြ ပြောဆိုကြ၏။

မကုမ္မာရီက ရှမ်းသံဝဲဝဲဖြင့် "အမတို့ကဒီမှာနေမှာလား၊ ဆရာတော်ကြီးလျောက်ပြီး နေယင်ရပါတယ်"ဟု ပြောသည်၊ ထိုအခါ စိတ်မြန်လက်မြန်ရှိသော မမေဓါဝတီက "အမ ဆရာတော်ကြီးလျှောက်ပြီးနေယင်ရသတဲ့၊ လာပါသွားကြစို့ ဆရာတော်ကြီးကို ကန်တော့ယင်း လျှောက်ရအောင်"

အိမ်မှပါလာသောမုံ့၊ ဝတ္ထုငွေ ၂၅ ကျပ်ဖြင့် မြို့ထောင့်ဆရာတော်ကြီးယံ သွားရောက်ကန်တော့ကြ၏။

"ဘယ်ကလာကြတာလဲ"

"ညောင်ပင်သာကပါဘုရား"

"အသိရှိသလား"

"မရှိပါဘုရား၊ သတင်းကြားတာနဲ့လာတာပါဘုရား"

"ဘယ်လိုကြားသလဲ"

ထိုအခါ မမေဓါဝတီက သွက်သွက်နှင့်လျှောက်သည်။

"ဟော့ဒီအမကြီးက ဈေးသည်ပါဘုရား၊ တောင်ငူကိုဈေးဝယ်လာယင်း ကျောင်းတကျောင်းမေးကြည့်တော့ ဒီကျောင်းမှာ အမယ်ကြီးများနှင့် သီလရှင်ကလေး ၂ ပါးရှိကြောင်း သတင်းကြားလို့ပါဘုရား"

"အေး ၅၀ ကျော် ၆၀ အရွယ် အမယ်ကြီးတွေကို ဆွမ်းဟင်းချက်ဘို့ဆိုပြီး ထားတာ၊ သီလရှင်လေး ၂ယောက်က ကျောင်းဒကာကြီးများရဲ့ သမီးနဲ့ မြေးမျှ ဖြစ်နေတော့မကင်းတရားမို့ ခဏထားရတယ်၊ ငယ်ရွယ်သူတွေမို့ ကျောင်းမှာကြာကြာထားလို့တော့မဖြစ်ဘူး၊ သင့်တော်မဲ့နေရာရှာပြီးပို့ပေးရမှာ၊ နင်လဲခဏတော့နေရပါတယ်"

မခမဓါဝတီတို့ညီအမသည် ခေတ္တခဏနေခွင့်ရသဖြင့် ဆရာတော်ကြီးကို ဝတ်ချပြီး ပြန်ခဲ့ကြ၏၊ မမယ်သည် တညအိပ်ပြီးနောက် ညီမဖြစ်သူကို အဖွားကြီးများထံ ကြည့်ရှုဆုံးမပါရန် အပ်နှံသည်။

"ကဲညီမ အဖွားတို့သီလရှင်တို့နဲ့ ဇနေရစ်ပေတော့၊ အမကတော့အိမ်ထောင်သယ်မို့ မပြန်ယင်မဖြစ်သေးဘူး၊ ပြန်လိုက်အုံးမယ်၊ စားဘို့သောက်ဘို့လုံလောက်အောင် ထားခဲ့မယ်" ဟု ပြောဆိုပြန်သွား၏။

## (၃)

နောက်ရက်ဘွင် မမေဓါဝတီသည် ဆရာတော်ကြီးအားသွားရောက်ကန်တော့ပြီး "တပည့်တော်မ စစ်ကိုင်းတောင်ရိုး

မှာနေတို့ စိတ်ကူးပါတယ်၊ ဒေတ္တခဏဒီမှာတနှစ်လောက်နေပြီး ဆရာတော်ကြီးထံ စာတက်ချင်ပါတယ်ဘုရား''ဟု လျှောက်သည်။

''အေး....နေတုန်းနေခိုက် အကျိုးရှိအောင် စာချပေးရတာပေါ့၊ နင်က ဦးကြီးဘုန်းကြီးထံ ပရိတ်ကြီး ဓမ္မစကြာ အနတ္တလက္ခဏာသုတ် သင်ခဲ့ပြီးဆိုတော့ သဒ္ဒါကြီးတက်တာပေါ့''

မမေဓါဝတီသည် နေ့စဉ်ဆရာတော်ကြီးထံ စာတက်၏၊ စာတတ်ချင်စိတ် ပြင်းထန်သည့်ပြင် ဥာဏ်လည်းကောင်း၏၊လုံ့လဝီရိယလည်းရှိ၏၊ တနှစ်အတွင်း သဒ္ဒါသင်္ဂြိုဟ်ကုန်သည်၊ ဆရာတော်ကြီးက ငှ ီကာကျော်ဆက်ချပေးသည်။

''မမေဓါဝတီက စာအဟုတ်ဝါသနာပါတာ၊ သူ့အသံက တစာစာနေတာပဲ၊ ဒို့ကျောင်းက ဦးပဥ္စင်းကိုရင်တွေ အားကျကြစမ်းဗျာ့''ဟု ဆရာတော်ကြီးက အမိန့်ရှိသည်။

အတူနေအဖွားကြီးများကလည်းတစာစာနေသည့် မမေဓါဝတီကို ကြည်ညိုကြ၏၊ အရေးပေးကြ၏၊ ''မမေဓါဝတီ ထမင်းဆာနေတော့မှာပဲ၊ စာ နားလိုက်ပါအုံး၊လာလာ ထမင်းစားရအောင်''ဟု ခေါ်ယူကြ၏။

အဖွားကြီး၃ ဦးက သီလရှင်ကလေးကိုချစ်ကြ၏ စာအံဖော်ရသည်ဆိုပြီး အစအရာရာ ညှာတာကြ၏၊ လုပ်စရာရှိလျှင် သီလရှင်ကလေးများကို မခိုင်းရက်၊ သူတို့ဘာသာ ဖြစ်သလိုလုပ်ကြ၏။

မမေဓါဝတီသည် တောင်ငူမြို့တွင် တနှစ်လောက်နေရန်ကြံရွယ်ထားသော်လည်း စာဝါလိုက်ရသဖြင့် ၅ နှစ်ခန့်ကြာ

သွား၏၊သဒ္ဒါကြီး သဂြိုဟ် ဋီကာကျော်နှင့် ညဝါ မာတိကာ ဓါတုကထာ ယမိုက်ပဋ္ဌာန်းကုန်သည်၊

စာဝါကုန်သောအခါ မမေဓါဝတီက မကုမ္မာရီတို့ကိုပြော သည်၊ "အမခတော့ စာဝါတွေကုန်သွားပြီ၊ စစ်ကိုင်းသွားနေ တော့မယ်၊ ဘုန်းကြီးကျောင်းထဲနေရတာ မလွတ်မလပ်နဲ့၊ အလှူအတန်း၊ အကျွေးအမွေးကပေါတော့ စာသင်ချိန်ကလဲ နဲတယ်၊ စာတက်ရတာမတွင်ဘူး၊ ညီမကော လိုက်မလား"

"တပည့်တော်လဲ အမနဲ့လိုက်နေမှာပါဘုရား"ဟု မကုမ္မာရီ ကပြောသည်။

မမေဓါဝတီသည် ဈေးဝယ်လာသူလှူကြုံဖြင့် ညောင်ပင် သာသို့ စာခရေးပေးလိုက်၏၊ "စစ်ကိုင်းသွားဘို့အမအားမြန်လာ ပါ"ဟု မှာသည်။

(ဂ)

မမယ်သည် ညီမဖြစ်သူ မမေဓါဝတီထံမှ စာရောက်သော အခါ ဦးကြီးဘုန်းကြီးနှင့် မောင်ဘုန်းကြီးတို့ထံ သွားရောက် လျှောက်ထားသည်။ "အစစအရာရာ စီစဉ်ထားပြီးလိုက်သွား ဘာမှမပူနဲ့၊ နှင့်သားသမီးတွေ တို့ကြည့်ရှုဆုံးမလိုက်မယ်"ဟု အားပေးကြ၏။

မမယ်၏ယောက်ျားသည် မမေဓါဝတီတောင်ငူမှာနေ၍တနှစ် ကျော်ကျော် ရှိသောအခါ မမာမကျန်းဖြစ်ပြီး ဆုံးသွား၏၊

သမီးကြီးကို အိမ်ထောင်ချရန် စီစဉ်ဆဲဖြစ်၏၊ မမေဓါဝတီ ထံမှ စာရသောအခါ ကိစ္စအားလုံးပြီးစီးအောင် စီမံရသည်။

"ငါ့သမီးအကြီးက အစစအရာရာ စိတ်ချရပါပြီ၊ အမေပြောတဲ့အတိုင်း လုပ်စရာရှိတာတွေ လုပ်ရစ်ပေတော့၊ မောင်လေးနဲ့ညီမလေးကိုလဲ စောင့်ရှောက်လိုက်ပါ"ဟု သမီးအကြီးကို လုံးဝလွှဲအပ်ပြီး ညီ မ ရှိရာ တောင်ငူသို့ ၁၂၅၀ပြည့်နှစ် ပြာသိုလဆန်း ၁ရက်နေ့တွင် ထွက်လာခဲ့၏။

ညီမနှင့်တွေ့သောအခါ မခယ်က ညည်းသည်။ "အမမှာ ဒုက္ခများလိုက်ပုံကတော့ မပြောပါနဲ့၊ယောကျ်ားလုပ်သူကဆုံး၊ ဒီအထဲ ညီမဆီက စာရောက်တုန်း သမီးအကြီးကို အိမ်ထောင်ချပေးရ၊ ကလေးတွေကိုလဲ သူ့ဆီအပ်ခဲ့ရနဲ့ သောကများလိုက်တာ မပြောချင်ပါဘူး၊ အဖေအမေကမရှိတော့လဲ ကိုယ့်သားသမီးထက် ညီမကိုပဲပြီး ဂရုစိုက်ပြီး လာခဲ့ရတာ"

ထိုအခါ မမေဓါဝတီက "လူ့လောက ဒုက္ခတွေပြောမဖြစ်ဘူး၊ တရားရှိအောင်နေမှ တရားကပ်တာ၊ တရားနှလုံးသွင်းနေယင် ဒုက္ခတွေငြိမ်းသွားမှာ၊ ဘာမှပြန်တွေးမနေနဲ့အမ၊ ညီမပြောတာသာ နားထောင်၊ အေးငြိမ်းပါတယ်" ဟု တရားချသည်။

"အေးလေ ဒီကရှေ့တော့ အမလဲ ဆင်းရဲဒုက္ခတွေ ငြိမ်းတော့မှာပါ၊ ညီမဆီက စာရတော့ စီစဉ်စရာရှိတာတွေ စီစဉ်ပြီး တခြား ဘာမှ မယူခဲ့နိုင်ဘူး၊ ပိုက်ဆံပါ ပြီးတာပဲလေဆိုပြီး ပိုက်ဆံကိုသာ ယူလာခဲ့ရတယ်"

မမေဓါဝတီသည် စစ်ကိုင်းသွားရန် အမဖြစ်သူနှင့် တိုင်ပင်ပြောဆိုပြီးနောက် "အမလာ ဆရာတော်ကြီး ကန်တော့ရအောင်"ဟု ပြောကာ ကန်တော့သွားကြ၏။

"တပည့်တော်ရဲ့ အမကြီး ရောက်လာပါပြီဘုရား၊ လာမဲ့ ပြာသိုလဆန်း ၈ရက်နေ့လောက် စစ်ကိုင်း သွားကြဘို့ပါဘုရား။ ပြာသိုလဆန်း ၄ ရက်နေ့တပည့်တော်မမွေးနေ့နဲ့ ကိုးလို့ ကျောင်းသံဃာကုန် ဆွမ်းကပ် ချင်ပါတယ်ဘုရား"ဟု မမေဓါဝတီက လျှောက်သည်။

"အေး အေး နင်တို့စစ်ကိုင်းသွားယင် တို့ဆီက သီလရှင်လေး ၂ယောက်လဲ နင်တို့နဲ့ ထဲ့လိုက်ရမှာပဲ"ဟု ဆရာတော်ကြီးက အမိန့်ရှိသည်၊

မမေဓါဝတီသည် ၁၂၅၀ပြည့်နှစ် ပြာသိုလဆန်း ၄ရက်နေ့တွင် ၂၆ နှစ်ပြည့် မွေးနေ့အဖြစ် ဆွမ်းကပ်သည်၊ ပြာသိုလဆန်း ၈ရက်နေ့ စစ်ကိုင်းသွားခါနီးတွင် ဆရာတော်ကြီးကို သွားရောက်ကန်တော့ကြသည်။

"တပည့်တော်မတို့အပေါ် အပြစ်ကြီးအပြစ်ငယ်ရှိကခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့ပါသည်၊ တပည့်တော်မတို့ကို ဆုံးမတော်မူပါဘုရား"ဟု မမေဓါဝတီက လျှောက်သည်။

"နင်တို့ကလျှောက်တော့ တပည့်များဖြစ်လို့ ငါက ဆုံးမရတာပေါ့၊ ငါ့တပည့်များ သီလရှင်ကျင့်ဝတ်နဲ့ညီအောင်နေကြ၊ စာလဲကြိုးစားကြ၊ သီလရှင်ဆိုတာ သီလရှင်တွေရှိတဲ့နေရာမှကောင်းတယ်၊ ဒါမှလဲ လိမ္မာရေးခြားပိုရှိနိုင်တယ်၊ မကုမ္မာရီနဲ့မပေါမာရီကိုလဲ နင်က ဂရုစိုက်လိုက်ပါ၊ သူတို့က ရှမ်းစပ်ဆို

တော့ စကားပြောတာ ခပ်ဝဲဝဲ၊ သည်းခံပြီး စာချပေးလိုက်ပါ၊ နင်တို့ကလဲ မမေဓာဝတီပြောတာ နားထောင်ကြ၊ဟုတ်လား၊ အေး- နင်တို့ စစ်ကိုင်းတောင်ရောက်လို့ ချောင်ဆရာကြီးတွေ ဖြစ်မှ ဒို့လဲလာဖြစ်အောင် ကြိုးစားရမှာပဲ၊မန္တလေးရောက်ယင် အရှေ့ဝိသုဒ္ဓါရုံတိုက် သွားတဲ့ကြ၊ ဘူတာရောက်တော့မေးပေါ့၊ ဟိုရောက်တော့ တောင်ပူမြို့ထောင့်ကျောင်းက လာတယ်လို့ ပြောက်၊ ကဲ- သွားကြတော့''

(၄)

အမကြီးမယ်နှင့်အတူ မမေဓါဝတီ၊ မကုမ္ဗာရီ၊ မဟေမာရီ တို့သည် ၁၂၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက်နေ့ နံနက်တွင် မြို့ထောင့်ကျောင်းမှဘူတာသို့ မြင်းလှည်းဖြင့် ထွက်လာခဲ့ကြ၏။ ရန်ကုန်မှလာသော မီးရထားကို စောင့်စီးကာ မန္တလေးသို့ လိုက်ပါခဲ့ကြသည်။ ရထားပေါ် ရောက်သောအခါ မမေဓါ ဝတီက ''အမကြီးရော့, ညီမတို့ရော အလကား မနေကြနဲ့၊ ပုတီးစိပ်ကြ'' ဟု တိုက်တွန်းယင်း သူကိုယ်တိုင်လည်း ပုတီး စိပ်လျှက် လိုက်ပါသည်။

မန္တလေးရောက်သောအခါ ဘူတာရုံ၌တွေ့သော ဘုန်းကြီး ၂ ပါးအား အရှေ့ဝိသုဒ္ဓါရုံတိုက်ကို မည်သို့သွားရကြောင်း မေးလျှောက်သည်။ ထိုအခါ ဘုန်းကြီး ၂ ပါးက ''ဒကာမ ကြီးတို့က ပစ္စည်းယူစရာတွေများတယ်၊ မြင်းလှည်းစီးသွားတာ ကောင်းတယ်''ဟုပြောပြီး ''ဟေ့-မြင်းလှည်းသမား ဒီလာအုံး၊ ဟောဒီဒကာမကြီးတယောက်နဲ့ သီလရှင်သုံးယောက်ကို အရှေ့

ဝိသုဒ္ဓါရုံတိုက်ထဲ အရောက်ပို့လိုက်၊ မသိသူကို ပိုက်ဆံ ပို့ပြီး မတောင်းနဲ့၊ ငါက မြင်းလှည်းနံပါတ် မှတ်ထားတာ၊ ထုံးစံအတိုင်းယူ၊ ကဲ ဒကာမကြီးတို့ သွားကြ”ဟု မြင်းလှည်းပေါ် တင်ပေးလိုက်ကြသည်၊ မမေဓာဝတီတို့မှာ ဘုန်းကြီးနှစ်ပါးကို ကျေးဇူးတင်မဆုံး ရှိကြ၏။

အရှေ့ဝိသုဒ္ဓါရုံတိုက်တွင်းသို့ ရောက်သောအခါ တိုက်အုပ်ဆရာတော်ကြီးနှင့် ဦးစွာတွေ့သည်။ “နင်တို့ ဘယ်က လာကြသလဲ”ဟု မေးရာ တောင်ငူ မြို့ထောင့်ကျောင်းမှ လာကြောင်း၊ မြို့ထောင့် ဆရာတော်ကြီး လမ်းညွှန်လိုက်ကြောင်း— လျှောက်ကြ၏။

“အေး–အေး၊ ဟောဟိုမှာ ဇရပ်တလုံးရှိတယ်၊ ဇရပ်ပေါ် ပစ္စည်းတွေထားပြီး ဆရာတော်ကြီးကို သွားကန်တော့ကြ၊ ဆရာတော်ကြီး အမိန့်ရှိတာ မှတ်ခဲ့ကြ၊ ပြီးတော့ ငါ့ကိုပြန်လျှောက်”

မမေဓာဝတီတို့သည် ဇရပ်ပေါ်တွင် ပစ္စည်းများ ချထားခဲ့ပြီး ဘုရားကျောင်းပေါ်တက်၍ ဆရာတော်ကြီးကို ကန်တော့ကြ၏၊ အကျိုးအကြောင်း လျှောက်ကြ၏၊ ဆရာတော်ကြီးက “တိုက်အုပ်ဆရာတော်ရှိတယ်၊ သူ ကြည့်စီမံလိမ့်မယ်၊ ကဲ-သွားကြ”ဟု အမိန့်ရှိလိုက်သည်။ ထိုအကြောင်းကို တိုက်အုပ် ဆရာတော်အား ပြန်လျှောက်ကြ၏။

“တိုက်အုပ်ဆရာတော်က “အေး-ဇရပ်ပေါ် သွားနှင့်ကြ၊ ငါလာခဲ့မယ်” အမိန့်ရှိသည်။ မမေဓာဝတီတို့သည် ဇရပ်ပေါ် ရှင်းလင်းပြီး ပါလာသောဖျာကို ခင်းကြ၏။ ထိုအခါ တိုက်အုပ်ဆရာတော် ကြွလာပြီး “ခေတ္တနားတော့ တိုက်ထဲမှာ နေ

နိုင်တယ်၊ ကြာကြာတော့ မထားနိုင်ဘူး”ဟု အမိန့်ရှိသည်။
“မှန်ပါ၊ ခေတ္တတော့ ခေတ္တပါဘုရား၊ ဒါပေမယ့် စာချတာ ကြုံနေယင်လဲ စာဝါလိုက်ချင်ပါတယ်ဘုရား”
“အေး–စာလိုက်တာတော့ ဟုတ်ပြီ၊ တိုက်ထဲကြာကြာနေလို့တော့ မတော်ဘူးကွဲ့”
“ဒါဖြင့် တပည့်တော်မများတိုက်ရဲ့အပြင်ဘက်တနေရာရာနေပြီး စာလိုက်ယင် မဖြစ်ပါလား ဘုရား”
“ဖြစ်ပါတယ်၊ အပြင်မှာ နေချင်ယင် တို့ ဒကာ-ဒကာမရင်းတာတွေ ရှိတယ်၊ ပြောပေးရတာပေါ့”
ထိုက်အုပ်ဆရာတော်ကစာဝါသနာပါပုံရသောမမေခါဝတီတို့ကိုကြည့်ပြီး သနားသွားဟန်တူ၏။ “အဝေးက လာရတာ အတော်ရေ့စိတ်နဲ့ မလာနိုင်ဘူး၊ စာတတ်ချင်လွန်းလို့ လာရှာကြတာ”ဟု တွေးပြီး “အေးလေ... နင်တို့ စာလိုက်ချင်တယ်ဆိုတော့ တို့ကြည့်ပြီး စီစဉ်ပေးရတာပေါ့”ဟု အမိန့်ရှိ ကာ ကျောင်းသို့ ပြန်ကြွသွား၏။

## (၁၀)

မမေခါဝတီတို့သည် တိုက်အုပ်ဆရာတော်၏ စီစဉ်ပေးချက်အရ တိုက်အပြင်ဘက်ရှိ နှစ်ခန်းဇရပ်လေးကို ကာရံပြီးနေကြ၏။ အနေကျယ်စေရန် တဘက်မှ အဖီကလေး ချထား၏။အရပ်ထဲမှ ဒကာ–ဒကာမများကလည်း စုပေါင်းပြီး ဝင်းခြံ ခတ်ပေးကြ၏။ သို့ဖြစ်၍ ဇရပ်လေးမှာ လုံလုံခြုံခြုံ ရှိသွားသည်။

အမကြီးဖြစ်သူ မမယ်က ထမင်းဟင်းချက်ပြုတ်ကျွေးသည်။ သီလရှင် သုံးပါးက စာအံကြ စာတက်ကြ ရေးကြ မှတ်ကြ၏။ စာဝါချိန်တွင် မမေဇာတီက အမကြီးကိုအဖော်ခေါ်၍ တိုက်တွင်းသို့ စာဝါသွားလိုက်သည်။

မမေဓာဝတီသည် စာတတ်ချင်စိတ် လွန်စွာ ပြင်းပြသူဖြစ်၏။ ဉာဏ်ကောင်းသလောက် လုံ့လဝီရိယလည်း ကောင်း၏။ စာဝါချိန်ကို မည်သည့်အခါမှ အပျက်မခံ၊ စာဝါချိန် နောက်မကျရအောင်လည်း အမြဲတန်း တင်ကြိုလေ့ရှိသည်။ တခါတခါ အမဖြစ်သူကို စောင့်ရလျှင်....

"မမကလဲ မြန်မြန် လုပ်ပါဆို၊ စာဝါနောက်ကျတော့မှာပဲ"ဟု ညည်းညူတတ်သည်၊

မမေဓာဝတီတို့သည် အမကြီး ချက်ပြုတ် ကျွေးသမျှကို မညည်းမညူစားသောက်၍ စာကိုသာ တွင်တွင် ကြိုးစားကြ၏။ အနီးအနားရပ်ကွက်မှ ဒကာ–ဒကာမများက မမေဓာဝတီတို့ကို ခင်မင်ကြ၏။ စာတတ်ချင်လွန်းလို့ ရပ်ဝေးမှ လာရောက် စာသင်နေသူများဖြစ်၍ ပို၍ ကြင်နာစိတ်ပွား သနားနေကြ၏။ မကြာခဏ စားသောက်ဖွယ်ရာတွေ လာပို့ကြ၊ ဟင်းချက်စရာတွေ လာပို့ကြနှင့် ဂရုစိုက်ကြ၏။

မမေဓာဝတီတို့သည် နေရေး ထိုင်ရေးကလည်း အဆင်ပြေ စာရေး သောက်တာလည်း မပူရ၊ စာလည်း မှန်မှန် တက်ရသဖြင့် ရင်းဇရပ်မှာ ၁၅နှစ်ခန့် ကြာသွားပါ၏။ ပါဠိ အဋ္ဌကထာ ဋီကာ အထက်တန်း ကျမ်းစာကြီးများ အတော်ပေါက်သွား၏။

စာဝါတွေ အတော်ချောင်သွားသောအခါ မမေမာဝတီက တလ လေးကြိမ် အဖိတ်နေ့ ဆန်ခံထွက်ရန် စီမံသည်။ "ကဲ— ငါ့ညီမနဲ့ ငါ့တူမ၊ အမတို့ မြို့ထဲ အဖိတ် ဆန်ခံထွက်ရအောင်" ဟု ပြောသည်။

ထိုအခါ မကဲ့မှာရီတို့က ရှက်ရွံ့ရွံ့ဖြစ်နေရာ "ကောင်းတဲ့အလုပ် လုပ်တာ မရှက်ရဘူး၊ မကြောက်ရဘူး၊ မကောင်းတဲ့အလုပ်ကို လုပ်မှ ရှက်ရ ကြောက်ရတယ်"ဟု ဆုံးမသည်။

အမကြီး မမယ်က ဗန်းကုံးလေးတွေ ပြင်ပေး၊မမေခေ့ာဝတီတို့ သုံး ပါးက တလ လေးကြိမ် အဖိတ်ဆန်ခံ ထွက်ကြ၏။ ပထမဆုံးနေ့က ဗန်းကုံးအပြည့်ရ၍ ဇက်ညောင်းအောင် ရွက်ခဲ့ကြရ၏၊ နောက်များတွင် ရင်းနှီးသည့်အိမ်တွေက အရွက်ရသက်သာအောင် ဆန်နှင့်ပိုက်ဆံ ဖလှယ်ပေးကြသည်။ဂရုတစိုက်လောင်းသည့် အိမ်တွေက "ဆရာလေးတို့က ဘယ်ကလဲ၊ ဘယ်မှာ နေကြပါသလဲ"ဟု မေးကြ၏။

"ကျွန်မတို့က တောင်ငူကပါ၊ အရှေ့ ဝိသုဒ္ဓါရုံတိုက် အပြင်ဇရပ်မှာ နေပါတယ်၊ ခေတ္တ စာလိုက်ယင်း တလလောက် အဖိတ်ဆန်ခံကြည့်တာပါ၊ နောက်နှစ်ကျ စစ်ကိုင်းတောင်ရိုး သွားနေကြမှာပါ"ဟု မမေခေ့ာဝတီက ပြောပြသည်။

"ဆရာလေးတို့ချောင် ရောက်ယင် တပည့် တော်မ တို့ကို မမေ့နဲ့"ဟု တရင်းတနှီး ပြောဆိုကြ၏။

(၁၁)

၁၂၆၄-ခုနှစ် တပို့တွဲလတွင် ဖြစ်၏။ မမေခါ၀တီတို့ထံ အမျိုးသမီး သုံးယောက် သီလရှင်ဝတ်ရန် ရောက်လာကြ၏။ မိတ္ထီလာမြို့နယ် မင်းရွာမှ ဖြစ်သည်။

လာရောက်အပ်နှံသူမှာ ဘုန်းကြီးတပါး ဖြစ်သည်။ ၎င်းဘုန်းကြီးသည် ငယ်စဉ်က အရွေ့ဝိသုဒ္ဓါရုံတိုက်၌ စာသင်ဘူး၏။ အမျိုးသမီးများမှာ ဘုန်းကြီး၏တူမများ၊ မြေးများဖြစ်၍ မူလက စစ်ကိုင်းတောင်ရိုးသို့ပို့ရန် ရည်ရွယ်ယင်း ရှိသော်လည်း အရွှေ့ဝိသုဒ္ဓါရုံတိုက် အပြင်ဇရပ်၌ သီလရှင်များ ရှိကြောင်း သတင်းကြား၍ ရောက်လာခြင်းဖြစ်၏။

ဘုန်းကြီးက တိုက်အုပ်ဆရာတော်ထံ ဝင်ရောက်ပြီး အကျိုးအကြောင်းလျှောက်သည်။

"သူဘို့က တပည့်တော်ရဲ့ တူမနဲ့ မြေးတွေပါ၊ တပည့်တော်ရဲ့ ဒကာ-ဒကာမကြီးများ အသက်အရွယ်ကြီးတော့ သူတို့ပဲ ပြုစုလုပ်ကျွေးနေကြပါတယ်၊ ခု သူတို့လက်ပေါ်မှာပဲ ဆုံးသွားကြပါတယ်၊ သူတို့ ကျေးဇူးများလှလို့ ကျေးဇူးရှိရာ တပည့်တော်က ပို့ပေးတာပါ၊ မငယ်ဆိုသူကလဲ ဥပုသ်စောင့်ယင်း လိုက်ပါရစေဆိုပြီး လိုက်လာတော့ ဒီသုံးယောက်လုံးကို ဆရာတော်ထံ အပ်ခဲ့ပါတယ် ဘုရား"

ထိုအခါ တိုက်အုပ် ဆရာတော်က အနီးရှိ ကျောင်းသားအား မမေခါ၀တီတို့ကို သွားခေါ်စေ၏။ မမေခါ၀တီတို့ ရောက်သောအခါ "ဟောဒီ....ဘုန်းကြီးက တူအရီးသုံးယောက်

၁၅၁၂၄

ကိုလာအပ်နေတယ်၊သီလရှင်ဝတ်မှာကနှစ်ယောက်၊တယောက်က ဉပုသ်စောင့်လိုက်လာတာ၊ ဒီဘုန်းကြီးက ဒီမှာကြာကြာမနေနိုင်ဘူး၊ တို့တိုက်ထဲ ဦးပဥ္စင်းဘဝတုန်းက နေ ဘူး သွားတယ်၊ ရင်းနှီးလို့လာပြီး အပ်တာ၊ တို့က ကူညီစောင့်ပေးရလိမ့်မယ်၊ ကဲ–သူတို့ကို ဇရပ်ခေါ်သွားကြ"

၁၂၆၄–ခု တပို့တွဲလပြည့်နေ့တွင် သံဃာများအား ဆွမ်းကပ်ပြီး သီလရှင်ဝတ်ပေးကြ၏။ သီလရှင်ဝတ်မည့် အမျိုးသမီးနှစ်ယောက်မှာ အမိဖြစ်သူ မကွင်းညွှာနှင့် သမီးဖြစ်သူမသန့်တို့ဖြစ်သည်။

မကွင်းညွှာကတပည့်တော်မသမီးလေးကို အရင်ဝတ်ပေးပါဘုရား၊ ဒါမှ တပည့်တော်မထက် ဝါကြီးမှာပါ၊ တပည့်တော်မကို နောက်မှဝတ်ပေးပါဟုလျှောက်၍ သမီး ဖြစ်သူကို အရင်ဝတ်ပေးကြ၏။

သမီးဖြစ်သူ မသန့်က ၁၂ နှစ်အရွယ်၊ ၁၂၅၂ ခုဖွား၊ တနင်္လာသမီး၊ မကွင်းညွှာက ကြာသပတေးသမီး။

တိုက်အုပ်ဆရာတော်က အမေလုပ်သူက မပညာဝါ၊ သမီးက မဂုဏဝတီ၊ ကိုယ့်ဘွဲ့ကိုမှတ်ထား၊ လူနာမည် မခေါ်ရဘူး၊ သီလရှင်မို့ဘွဲ့ပဲခေါ်ရမယ်၊ ဘွဲ့မခေါ်ယင် ဒဏ်ပေးရမယ် ဟုတ်လားဟု အမိန့်ရှိသည်။

(၁၂)

၁၂၆၆ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၁ ရက်နေ့တွင် မန္တလေးမြို့ ရပ်ကွက်များမှ စစ်ကိုင်းတောင်ရိုးသို့ ကထိန်ခင်း

သွားကြ၏၊ မခမဓာဝတီတို့လည်း စစ်ကိုင်းတောင်ရိုး၌ ချောင်နေရာရှာရန် အတူလိုက်ပါသွားကြ၏။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ လှေကြီးဖြင့် စစ်ကိုင်းတောင်ရိုးသို့ကူးသွားကြ၏။ လှေခပေါ်တွင် အချို့ဒကာမကြီးများက မမေဓာဝတီတို့နှင့် စကားလာပြောကြ၏။

"ဆရာလေးတို့က တောင်ငူက ဟုတ်လား ကြည့်ပါအုံး၊ အရွယ်ကောင်းလေးတွေ ဘဲ့ ဘယ်လိုခေါ်တုန်း"

"ကျွန်မက မမေဓာဝတီ၊ ဟောဒီညီမကမကုမ္မာရီ။ ဒီတူမလေးက မဂုဏဝတီတဲ့"

"အော်....လှလှပပ ယဉ်ယဉ်ကျေးကျေး လေးတွေ၊ နို့....နေပါအုံး၊ ဆရာလေးတို့က စစ်ကိုင်းနေရစ်မှာလား၊ပြန်လိုက်မှာလား၊

"ကျွန်မတို့ မနေရစ်ပါဘူး၊ ပြန်လိုက်မှာပါ၊ တညအိပ်ပါပဲ"

"ဒါဖြင့် အပြန်လဲ တပည့်တော်မတို့နဲ့ အတူတူပေါ့၊ ဆရာလေးတို့ကို တပည့်တော်မတို့ဝင်ခေါ်မယ်၊ ဘယ်ချောင် တည်းကြမှာလဲ"

"ဂူချောင် တည်းမှာပါ"

မမေဓာဝတီတို့စကားလက်ဆုံကျနေတုန်းပင်စစ်ကိုင်းတောင်ရိုး သရက်ပင်ဆိပ်သို့ရောက်လာ၏။ အချိန်ကား နံနက် ၆နာရီကျော်ကျော်ဖြစ်၏။ လှေမှဆင်းပြီး ဂူနီချောင်လမ်း မေးရာ လူငယ်တယောက်က ဂူနီချောင်အထိလိုက်ပို့သည်။

ဂူနီချောင် ဆရာကြီးနှင့် တွေ့သောအခါ မမေခါဝတီက အကျိုးအကြောင်းလျှောက်ထားသည်။

"တပည့်တော်က တောင်ငူကပါဘုရား၊ အရှေ့ ဝိသုဒ္ဓါရုံ တည်းပြီး ဓေတ္တစာသင်နေကြပါတယ်၊ ခု အရပ်ထဲက ကထိန် လှေကြုံနဲ့လိုက်လာတာပါ၊ ဆရာကြီးများထံ မှီခိုဆည်းကပ်ပြီး ချောင်တည်ရန် နေရာကြည့်ချင်လို့ လာကြတာပါဘုရား"

"အော်....ကောင်းပါလေ့၊ ကောင်းပါလေ့၊ ဒီလိုဆို ခု အချိန်ရပါသေးတယ်၊ မဟာဂန္ဓာရုံဆရာတော်ဘုရားထံ သွား ကန်တော့ရအောင်၊ အပြန်မှ နေ့စာစားကြတာပေါ့"

ဂူနီချောင်ဆရာကြီးက ဝမ်းသာအားရပြောဆိုပြီး မမေခါ ဝတီတို့ကို မဟာဂန္ဓာရုံ ဆရာတော်ထံ ခေါ်သွား၏။ ထိုစဉ်က မဟာဂန္ဓာရုံဆရာတော်ကို စစ်ကိုင်းတောင်ရိုးလုံးရှိ သီလရှင် များက အလွန်လေးစားကြရ၏။

မဟာဂန္ဓာရုံဆရာတော်မှာ တကယ့် ယောဂီ ပုဂ္ဂိုလ်ဖြစ်၍၊ တိတ်ဆိတ်ငြိမ်သက်စွာသွားရောက်ဆည်းကပ်ကြရ၏။ မမေခါ ဝတီတို့ရောက်သွားသောအခါ ဂူခြေကြီးမားစွာ တပါးတည်း ထိုင်နေစဉ် ဖူးတွေ့ကြရသည်။

ခပ်လှမ်းလှမ်းမှပင် လက်အုပ်ချီ၍ အနီးသို့ သွားရောက် ဝပ်ချကြ၏။

"ချောင် ဆရာကြီး ဘာကိစ္စလာလဲ"

"အခြား ကိစ္စတော့ မဟုတ်ပါဘုရား၊ ဒီ သီလရှင်လေး သုံးပါးက အရှေ့ဝိသုဒ္ဓါရုံက လာကြတာပါ၊ သူတို့က တပည့်

တော်တို့ထံ တည်းခိုပြီး ချောင်တည်ချင်လို့ပါတဲ့ဘုရား၊ အဲဒါကြောင့် ဆရာတော်ဘုရားထံ လာပို့တာပါဘုရား"

"ဒါဖြင့် ချောင်ဆရာကြီးက ဂူနီချောင် အနောက်ဖက်က နေရာကိုပြလိုက်ပေါ့၊ ချုံနွယ် သစ်ပင်တွေကို ရှင်းလိုက်ယင် ချောင်ဖြစ်လာမှာပဲ၊ နောက်ရောက်လာတဲ့ အခါကျ ချောင်ဆရာကြီးက ဂရုစိုက်ပြီး စီမံပေးလိုက်၊ ဒါပဲ မဟုတ်လား"

"မှန်ပါဘုရား"

"ကဲ... ပြန်ကြ"

ဂူနီချောင်ဆရာကြီးနှင့် မမေဓာဝတီတို့သည် မဟာဂန္ဓာရုံဆရာတော်ကို ရိုသေစွာရှိခိုပြီး ထပြန်ခဲ့ကြ၏။ အပြန်လမ်းခရီးတွင် ဂူနီချောင်ဆရာကြီးက မခမဓာဝတီတို့အား နေရေး ထိုင်ရေးနှင့်စပ်၍ ဆုံးမစကားပြောကြားသည်။

"ညီမနဲ့တူမတို့ ဆရာကြီးပြောမယ် နားထောင်ကြ၊ ချောင်တည်ပြီး ပေါနေတဲ့အခါ မဟာဂန္ဓာရုံ ဆရာတော်ဘုရား ထုတ်ပြန်ထားတဲ့ ကျင့်ဝတ်နှင့်အညီနေရတယ်၊ "သီလရှင်မယ်၊ကျင့်ရှစ်ဆယ်၊ နှုတ်ဝယ်ရအောင် ဆောင်ရပါသည်ဘုရား" ဆိုတဲ့အတိုင်း သီလရှင်တွေလိုက်နာရမယ့် ကျင့်ဝတ်က ရှစ်ဆယ်ရှိတယ်၊ စာအုပ် ထုတ်ထားတာရှိတယ်၊ တအုပ် ပေးလိုက်မယ်၊ ကျက်မှတ်ထားကြပေါ့၊ ပြီးတော့ ချောင် တည် မှာ ဆိုယင် မကြာစေနဲ့ ပြန်မြန်လာကြ၊ နေရာ ကောင်းကောင်း ရအောင်လို့ ပြောတာ"

မမေခါဝတီတို့သည် ဂူနီချောင်ဆရာကြီး ဆုံးမသမျှ မှတ်သားပြီး ဂူနီချောင်၌ နေ့စဉ်စားကြ၏။ ဘုရားပါဖူးပြီး နောက်ရက်တွင် ကထိန်လှေကြုံဖြင့် မန္တလေးသို့ ပြန်ခဲ့ကြ၏။

(၁၃)

၁၂၆၆ ခုနှစ် ပြာသို လဆန်းတွင် ဖြစ်၏။ မမေခါဝတီသည် အစ်မကြီးဖြစ်သူ မမယ်နှင့်စကားပြောယင်း သူ၏ အကြံအစည်တခုကို ဖွင့်ဟပြောဆိုသည်။

"အစ်မကြီးရေ၊ ညီမတို့ ဒီမှာနေတာ ၁၆ နှစ်လောက် ရှိသွားပြီနော်၊ စသင်ရဘာလည်း အတော်ကို ကျေးဇူးများပါတယ်၊ အော်....အစ်မကြီးကို တခု ပြောချင်သေးတယ်"

"ဘာများတုန်း ပြောပါ"

"အော်....တခြားမဟုတ်ပါဘူး၊ တိုက်အုပ်ဆရာတော်ကြီးက ညီမတို့ လေးယောက်ကို အလွန် ဂရုစိုက်တော်မူတယ်၊ စားရေးသောက်ရေး၊ နေရေး ထိုင်ရေးမှအစ လိုလေသေးမရှိအောင် စောင့်ရှောက်တော်မူတယ်၊ ဒကာ-ဒကာမ များကိုလဲ ဟောပြောပေးတော်မူတယ်၊ ဒီတော့ ညီမတို့ စစ်ကိုင်းတောင်ရိုး မပြောင်းခင် ကျေးဇူးဆပ်ပွဲကလေးလုပ်ရယင် မကောင်းဘူးလား"

"ကောင်းသားပဲ ဘယ်လို လုပ်ချင်သလဲ"

"တိုက်အုပ် ဆရာတော်ကို ပြုစုနေတဲ့ ကိုရင်က အသက်ပြည့်နေပြီ၊ အဲဒါ ကျွန်မတို့က ရဟန်းအမလုပ်ပြီး ပဥ္စင်းတက်ပေးခဲ့ချင်တယ်၊ အမကြီးလက်ထဲ ငွေ ဘယ်လောက်ရှိလဲ"

အမတို့မှာ သူများ လှူတာ တန်းတာတွေ စားနေရတော့ ပိုက်ဆံအကုန်အကျ သိပ်မများပါဘူး၊ အမ လက်ထဲမှာ ငွေနှစ်ထောင်ကျော်လောက်တော့ ရှိပါတယ်”

“ဒါဖြင့် တထောင်ကုန်လောက် ရဟန်းခံပွဲ လုပ်ရအောင်၊ လာမယ့် ပြာသိုလဆန်း ၄ရက်နေ့ဆို ညီမမွေးနေ့ပဲ၊ အဲဒီ နေ့မှာ လုပ်မယ်”

မမေဓာဝတီသည် အမ ဖြစ်သူနှင့် တိုင်ပင်ပြီး အကျိုးအကြောင်း လျှောက်ထားရန် ဆရာတော်ကြီးထံ သွားသည်။

ဆရာတော်ကြီးက “ဘာကိစ္စလဲ” ဟု မေးတော်မူရာ “တပည့်တော်မ တိုက်အုပ်ဆရာတော်ဘုရားရဲ့ ကိုရင်က အသက်စေ့နေလို့ ရဟန်းခံပေးဘို့ လာလျှောက်တာပါ ဘုရား” ဟု မမေဓာတီက လျှောက်သည်။

“အေးအေး....ကောင်းတယ် လုပ်ကြ၊ တိုက်အုပ်ဆီ သွားလျှောက်ကြ၊ တိုက်အုပ်က ကြည့် စီစဉ်ပေးလိမ့်မယ်”

မမေဓာဝတီသည် ဆရာတော်ကြီးထံမှ ခွင့် ရသောအခါ တိုက်အုပ်ဆရာတော်ထံ သွားရောက် လျှောက်ထားသည်။

တိုက်အုပ်ဆရာတော်က “ဆရာတော်ကြီးလျှောက်ခဲ့ပလား” ဟု မေးရာ လျှောက်ခဲ့ကြောင်း၊ တိုက်အုပ် ကြည့် စီစဉ်လိမ့်မည် ဟု အမိန့်ရှိလိုက်ကြောင်း လျှောက်သည်။

“အေး–ကောင်းပါတယ်၊ မမေဓာဝတီမှာ ဝတ္ထုကြေးငွေ အလုံအလောက် ရှိရဲ့လား”

“မှန်ပါ....ရှိပါဘုရား”

“ဘယ်နေ့ လုပ်ချင်သလဲ”

"လာမယ့် ပြာသိုလဆန်း ၄ ရက်နေ့မှာ တပည့်တော်မ မွေးနေ့မို့ အဲဒီနေ့ လုပ်ချင်ပါတယ် ဘုရား"

"အင်း—ကောင်းပြီ၊ ရဟန်းလောင်းအတွက် ပရိက္ခရာကို ငါက လှူမယ်၊ နင်တို့က သံဃာ ဆွမ်းကပ်ဘို့သာ စီမံကြ"

မမေဓာဝတီသည် ရဟန်းအမ ပြုလုပ်ခွင့်ရသဖြင့် ပျော်ရွှင် အားရ ဖြစ်သွား၏။ တိုက်အုပ်ဆရာတော် စီစဉ်ညွှန်ကြားသည့် အတိုင်း လိုက်နာဆောင်ရွက်သည်။ ၁၂၆၆ ခုနှစ် ပြာသို လဆန်း ၄ ရက်နေ့တွင် ကိုရင် ဇောတယ၏ ရဟန်းခံပွဲကို အရှေ့ဝိသုဒ္ဓါရုံတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (ကိုရင် ဇောတယ ဆိုသူမှာ အခု သက်တော် ၉၆ နှစ်ရှိ ကောဒသမ ရွှေကျောင်းသာသနာပိုင် ဆရာတော်ကြီးပင်ဖြစ်သည်)

(၁၄)

၁၂၆၇–ခု ကဆုန်လဆန်း ၁၁ ရက်နေ့တွင် မမေဓာဝတီ တို့သည် မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက်မှ စစ်ကိုင်း တောင် ရိုးသို့ ရွှေ့ပြောင်းသွားကြ၏။ စစ်ကိုင်းသွားကာနီးတွင် ဆရာ တော်ကြီးထံ သွားရောက်ကန်တော့ကြရာ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြဖို့ အတူးသဖြင့် ကိုယ်ကျင့် သီလ လုံခြုံအောင် စောင့်စည်းဘို့ ဆုံးမတော်မူလိုက်၏။

ဆရာတော်ကြီး ကန်တော့ပြီးနောက် တိုက်အုပ်ဆရာတော် ထံ သွားရောက် ကန်တော့ကြသည်။ တိုက်အုပ်ဆရာတော်က အလားတူ ဆုံးမဩဝါဒပေးပြီး "ဟိုကျတော့ ဂန္ထာရုံ ဆရာ

တော်ရဲ့ ဆုံးမဩဝါဒကို နာယူပြီးနေကြ” အထူး မှာကြား လိုက်၏။ မခမခါဝတီတို့သည် မန္တလေး ဂေါဝိန်ဆိပ်မှ ငှက် (သမ္ဗန်)ငှားပြီး စစ်ကိုင်းတောင်ရိုးသို့ ကူးလာခဲ့ကြ၏။ သရက် ပင်ဆိပ်မှ ဂူနီချောင်သို့ သွားကြသည်။ ဂူနီချောင်ဆရာကြီးနှင့် တွေ့သောအခါ ဆရာကြီးက ဝမ်းသာ အားရ နှုတ်ဆက် ခေါ်ငင်သည်။

“ငါကဖြင့် ညီမလေးတွေ တူမလေးတွေ ပြောသွားပြီး ပေါ်မလာတော့ ဟုတ်မှ ဟုတ်ရဲ့လားလို့ မျှော်လိုက်ရတာ၊ ခုလို လာကြတော့ ဝမ်းသာလိုက်တာ”ဟု ပြောသည်။

မခမခါဝတီတို့သည် ချောင်ဆရာကြီးကို ကန်တော့ပြီး ဆရာကြီးချထားသည့် နေရာတွင် နေထိုင်ကြသည်။ ချောင် တည်မည့်နေရာကို လှည့်လည်ကြည့်ရှုကြသည်။ မည်သည့်နေရာ ခမ္မာရုံ၊ မည်သည့်နေရာ ဇရပ်စသည်ဖြင့် စိတ်ကူးနှင့်သတ်မှတ် ကြ၏၊ ညပိုင်းတွင် ချောင်ဆရာကြီးက ပြောသည်။

“နံနက်ကျယင် မဟာဂန္ဓရုံ ဆရာတော်ဘုရား ဆွမ်းခံ ကြွ လာလိမ့်မယ်၊ သက်သတ်လွတ် ဆွမ်းဟင်းလောင်းရမယ်၊ အသင့် ပြင်ထားကြပေါ့”

မခမခါဝတီတို့သည် ချောင်ဆရာကြီး ညွှန်ကြား သည့် အတိုင်း နံနက်စောစောထကာ အသင့်ချက်ပြုတ် စီမံထားကြ ၏။ ဆရာတော် ကြွလာသောအခါ ဆွမ်းပါလောင်းပြီး ဂူနီ ချောင်ဆရာကြီးက ချောင်တည်ချင်တဲ့ သီလရှင်ကလေးများ ရောက်လာကြောင်း လျှောက်သည်။

မဟာ ဂန္ဓာရုံဆရာတော်က "လာကြ-လာကြဲ ချောင်နေရာ အပိုင်းအခြားကို ငါပြထားခဲ့မယ်၊အရှေ့လားသော် ဂူနီချောင် လမ်းမ၊ အနောက်လားသော် ပုညရှင် တက်ရာလမ်း၊ တောင် လားသော် လှည်းလမ်း၊ မြောက်လားသော် သေလာဂီရိနယ်စပ် အထိ"ဟု သတ်မှတ်ပေးတော်မူသည်။ထို့နောက် မဟာဂန္ဓာရုံ ဆရာတော်သည် အက်လက်၍ ဆွမ်းခံကြွသွားတော်မူသည်။

(၁၅)

မမေခာဝတီတို့သည် ချောင်နေရာကို အားချင်း ခုတ်ထွင် ရှင်းလင်းကြ၏။ လာမည့် ကဆုန်လပြည့်နေ့တွင် ဇရပ်ပန္နက်ချ ရန် ရက်ရွေးထားကြသည်။ မန္တလေးမြို့အရှေ့ဝိသုဒ္ဓါရုံ တိုက် အုပ်ဆရာတော်နှင့် ဦးပဉ္ဇင်းဦးဇောတယ အပါအဝင် သံဃာ ၁၅ ပါး ပင့်ထားသည်။ ကဆုန်လပြည့်ခနေ့တွင် အရှေ့ဝိသုဒ္ဓါ ရုံတိုက် တိုက်အုပ်ဆရာတော်အမှူးရှိသော သံဃာ ၁၅-ပါး၊ စစ်ကိုင်းတောင်ရိုးမှသံဃာ ၁၀ ပါး၊ စုစုပေါင်း ၂၅ ပါးကို အာရုဏ်ဆွမ်းကပ်၍ဆရာတော်များက ချောင်နေရာ၌အန္တရာယ် ကင်း ချီးမြှင့်တော်မူကြ၏။

ပန္နက်ချပြီး ၇ နာရီတိတိ တိုင်ထူရန် အခါပေးထားသည်။ အခါပေးဆရာက "မြောက်စူးစူးအရပ်မှ ရဟန္တာ ကြွလာလိမ့် မယ်၊ အဲဒီအခါ ပန္နက်ချဖြစ်အောင်ချပါ၊ တနင်္ဂနွေထောင့်မှ စားသောက်ဖွယ်များယူဆောင်၍ ဇနီးမောင်နှံ နှစ်ယောက်လာ လိမ့်မယ်၊ သူတို့ရောက်လာလျှင် ရောက်လာခြင်း တိုင်ထူပါ" ညွှန်းဆိုထား၏။

အချိန်နီးသောအခါ အားလုံးက အသင့်စောင့်နေကြ၏။ ထိုစဉ် မြောက်ဘက်မှ တောင်ဖီလာဆရာတော် ဦးပဏ္ဍဝံသ ကြွလာတော်မူသည်။ ချက်ခြင်း ပန္နက်ရိုက်ပြီး တောင်ဖီလာဆရာတော်အား သက်သတ်လွတ်ဆွမ်းဟင်းနှင့်ဘူးသီးကြော်လောင်းလှူလိုက်ကြ၏။ ပန္နက်ချပြီးနောက် တိုင်ထူရန် အသင့်ဖြစ်နေသောအခါ မန္တလေးမှ ဦးစံလှဘော်နှင့်ဇနီးတို့ ရောက်လာကြသည်။ အခါရပြီဟု တိုင်ထူလိုက်ကြ၏။

ဂူနီချောင် ဦးဘောခေါ် ဒကာကြီးတယောက်ရှိ၏။ သမီး သီလရှင်နှင့်အတူနေသည်။ ဦးဘောက ကန်ထရိုက်တာလုပ်ပြီး ဇရပ်များကို ဆောက်ပေးသည်။ မမေဓာဝတီတို့သည် ဇရပ်ဆောက်ပြီးနောက် ချောင်သစ်သို့ ရွှေ့ပြောင်း နေထိုင်ကြ၏။ ချောင်သစ်အမည်ကို မဟာဂန္ဓာရုံ ဆရာတော်ထံ လျှောက်တောင်းရာ "ခေမေသကချောင်"ဟု အမည်ပေးတော်မူသည်။

"ခေမေသကကို ခေမ+သေကဟု ပုဒ်ဖြတ်လိုက်၊ ခေမ ပဋ္ဌသန္ဓေဘေးဆိုးကြီး၊ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးတို့ ကင်းရာ၊ ကုန်ရာ၊ နိဗ္ဗာန်လို့ အဓိပ္ပာယ်ရတယ်၊ ဒါ့ကြောင့် ဘေးဆိုးကြီးလေးမျိုးတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်ကိုရှာမှီးတဲ့ ပုဂ္ဂိုလ်တို့ နေထိုင်ရာချောင်လို့ မှတ်ယားကြ၊ အင်း နင်တို့ချောင်မှာ တိုက်ကြီးတာကြီးတွေပေါ်ပေါ်လာလိမ့်အုံးမယ်"ဟု မဟာဂန္ဓာရုံ ဆရာတော်ကမိန့်တော်မူသည်။ (ထိုအမိန့်အတိုင်း

ပင် ကြီးကျယ်သော ဘုရား ကျောင်းတိုက်ကြီးနှင့် အ ခြား အဆောက်အဦများ ပေါ်ပေါက်ခဲ့ပါသည်။)

(၁၆)

ခေမေသကချောင် တည်ပြီးနောက် ၃ လခန့် ရှိသောအခါ လူဝတ်ကြောင်ဖြစ်သူ အစ်မကြီးဒေါ်မယ်နှင့် မိတ္ထီလာမင်းရွာမှ ဒေါ်ငယ်တို့လည်း သီလရှင်ဝတ်လိုက်ကြ၏၊

ချောင်သစ်ဖြစ်၍ မြေညှိကြရှင်းလင်းကြနှင့် အလုပ်များနေကြ၏။ သီလရှင်လေးတွေကိုယ်တိုင် ချုံခုတ် ရှင်းလင်းနေကြသည်ကို အောင်မင်္ဂလာရွာမှ ဘုရားဖူးလာသူ ဒေါ်သိုက်ဆိုသူကမြင်၍ သနားသည်၊ သနားရာမှ ကြည်ညိုသဒ္ဓါ မေတ္တာစိတ် ဖြစ်ပွားလာသည်။

ဒေါ်သိုက်သည် ခေမေသကချောင်ထဲဝင်လာပြီး အော်-ဆရာလေးတို့ချောင်သစ်ဆိုတော့ ပင်ပန်းကြမှာပဲ။ အဆောက်အဦကလဲနည်းသေးတယ်။ ဒကာမကြီးလဲ ဇရပ် တလုံးတော့ ဆောက်လှူပါအုံးမယ်။ခုတော့ ဝတ္ထုငွေကြေးတွေကများများ မပါဘူး။ ငွေတရာလှူခဲ့ပါမယ်။မကြာမီ ဒကာမကြီးပြန်လာပြီး လှူပါအုံးမယ်ဟု ပြောဆိုပြန်သွား၏။

မကြာမီပင် ဒေါ်သိုက်ကပြန်လာပြီး တထောင်ကုန် ဇရပ် တဆောင်ဆောက်လှူ၏။ ခေမေသကချောင် အထက်နားရှိ စေတီဟောင်း ၂ ဆူကိုလည်း ဒေါ်သိုက်ကပင် ပြုပြင်သည်။ အထက်စေတီတော်က ဆုတောင်းရ၊ အောက်စေတီတော်က

ဆုတောင်းပြည့် စေတီတော်နှစ်ဆူစလုံး ပြုပြင် ပြီးသောအခါ အောင်မင်္ဂလာရွာမှလူများဖြင့် ထမနဲ ဆယ်ဒယ်ထိုးပြီး သံဃာတော်များနှင့် သီလရှင်များအား လှူဒါန်း ကျွေးမွေးကြ၏။

မန္တလေးမြို့မှ ဦးစံလှဘော်နှင့် ဇနီး ဒေါ်ရှင် တို့ကလည်း အိုင်ယာလန်ထဲပေါက်သဖြင့် ခေမေသကချောင်းသစ်၌ ဓမ္မာရုံ တဆောင်ဆောက်လှူကြ၏။ ခေမေသက ချောင်းသစ်၌ တစထက်တစ အဆောက်အဦးတွေတိုးလာသည်။ ချောင်းတည်စ၌ ချောင်းဆရာဒေါ်မေမာဝတီတို့ ဇရပ်တလုံး၊ ဒေါ်သိုက် ဇရပ်တလုံး၊ ဓမ္မာရုံတလုံးတို့သာ ရှိသေး၏။

သီလရှင်များလည်း တနှစ်ထက်တနှစ်များလာသည်။ မိတ္ထီလာ၊ မလှိုင်တို့မှလာ၍ သီလရှင်ဝတ်ကြ၏။ လက်ပန်ဇင်ရွာမှ မိသားစုပြောင်းလာပြီး အိမ်ဖျက်ဇရပ်ဆောက်ကြ၏။ သားသုံးယောက် ရဟန်းခံပေးပြီး သမီးသုံးယောက်ကို သီလရှင်ဝတ်ပေးကြ၏။

တောင်ငူမှ ဒေါ်မေမာဝတီနှင့် သိကျွမ်းရင်းနှီးသူ မောင်ထွန်းလှိုင်ဆိုသူက ဒေါ်မေမာဝတီတို့ စစ်ကိုင်း တောင်ရိုး၌ ချောင်းတည်နေကြောင်း သတင်းကြား၍လိုက်လာ၏။

ခေမေသကချောင်း ရောက်သောအခါ ဒေါ်မေမာဝတီက

"မောင်ထွန်းလှိုင် မင်းလာတာ ငါ ဝမ်းသာလိုက်တာ၊ ငါကဘုရားကျောင်းဆောက်ချင်တာကွယ့်" ဟု ပြောရာ "ကျွန်တော် တာဝန်ယူပါတယ်၊ ကြိုက်သလိုထားပါ၊ ကျွန်တော်က လူရင်းဆိုတော့ ထားရာနေပါတယ်" ဟု မောင်ထွန်းလှိုင်က အဖြေ ပေး၏။

ထိုစဉ် သရိုင်ရွာမှ သားအဖ နှစ်ယောက်ရောက်လာ၏။ ဖခင်က သမီးသီလရှင်ကို ဒေါ်မေဓာဝတီထံလာအပ်သည်။ သမီးနေရန်ဇရပ်လဲဆောက်မည်ဟု ပြောသည်။ ထိုအခါ ကျောင်းဆရာဒေါ်မေဓာဝတီက "မောင်ထွန်းလှိုင်နဲ့ သရိုင်က ဒကာကြီး နှစ်ဦးပေါင်းပြီး ဘုရားကျောင်းရော လူနေဖို့ပါ ၄ ဆောင်တွဲ ဆောက်ရယင် မကောင်းဘူးလား"ဟု အကြံပေးရာအားလုံးက သဘောတူကြ၏။ သို့ဖြစ်၍ ကန့်ထရိုက်တာ ဦးဘေကို ခေါ်ပြီး စရံပေးကြသည်။ မောင်ထွန်းလှိုင်က ဘုရားဆောင်၊ကျောင်းဆရာနေဖို့တဆောင်၊ အလုပ်အကျွေး သီလရှင် နေဖို့ တဆောင်၊ ပေါင်းသုံးဆောင်တွက် တာဝန်ယူသည်၊ သရိုင် ဒကာကြီးက သမီးနေဖို့တဆောင်အတွက် တာဝန်ယူသည်။ အားလုံး၆၅၀ဝိ ကုန်ကျသည်။

သရိုင်ဒကာကြီးသည် သမီးဖြစ်သူ မသောရီကို ဒေါ်မေဓာဝတီထံအပ်နှံထားခဲ့ပြီး ဇရပ်တဆောင်အတွက် ငွေ ၁၅၀ဝိ ပေးခဲ့သည်။ ဇရပ်ရေစက်ချသောအခါ မိသားစုအကုန် လာမည့်အကြောင်းပြောဆိုပြန်သွား၏။ ဒေါ်မေဓာဝတီက သရိုင်သူ မသောရီကို "ညည်း၊ ငါ့သမီးဖြစ်သွားပြီ၊ ငါ့စကား နားထောင်ရလိမ့်မယ်၊ လိမ်လိမ်မာမာနေ ဟုတ်လား"ဟု ဆုံးမစကားဆိုသည်။

တောင်ငူက မောင်ထွန်းလှိုင်သည် ခေတ္တပြန်သွားပြီး တလခန့်အကြာတွင် ပြန်လာ၏။ မြေဂရုံလုပ်ပေးပြီး ကျောင်းဝင်းကို သွပ်ဆူးကြိုးကာရံပေးသည်။ အစစအရာရာ လိုအပ်သမျှဆောင်ရွက်ပေးသည်။

"ကျွန်တော် ခဏခဏမလာနိုင်ဘူး၊ ကိစ္စဝိစ္စတွေက များတယ်၊ ဒါကြောင့်လိုအပ်တာရှိ အပြီးအစီးလုပ်ပေးချင်တယ်" ဟု ပြောသည်။

၄ ဆောင်တွဲဇရပ်ကြီးပြီးသောအခါ တောင်ငူနှင့် သရိုင်မှ ဒကာ ဒကာမများ ပူးပေါင်းပြီး ရေစက်ချပွဲ ကျင်းပကြ၏။ သံဃာတော်များနှင့် သီလရှင်များကို ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ် ကျွေးမွေးကြသည်။ အလှူဝတ္ထုများကိုလှူဒါန်းကြ၏။

(၁၇)

ခေမေသကချောင် တည်ထောင်ပြီးစ တနှစ်အရတွင်ဖြစ်သည်။ တောင်ငူမြို့မှ အသက် ၄၀ ခန့် ဒေါ်ရင်ဆိုသူသည် ခေမေသကချောင်သို့ရောက်လာ၏။ ဒေါ်ရင်သည် မကုမ္ဗာရီ၏ သူငယ်ချင်းဖြစ်သည်။ တောင်ငူမြို့၌ အထည်ဆိုင်ဖွင့်ပြီး ဈေးအတူရောင်းခဲ့ကြဘူး၏။

မကုမ္ဗာရီက ၁၇ နှစ်သမီးတွင် သီလရှင်ဝတ်ပြီး တောင်ငူမြို့ ထောင့်ကျောင်း၌နေသည်။ ထို့နောက် ဒေါ်မေဓာဝတီနှင့် အတူ မန္တလေး၊ စစ်ကိုင်းသို့ရောက်လာသည်။

မကုမ္ဗာရီတို့ စစ်ကိုင်းရောက်၍ ချောင်ဝက်တည်နေကြောင်း သတင်းကြားသဖြင့် ဒေါ်ရင်က စစ်ကိုင်းသို့လာခြင်းဖြစ်၏။ ပစ္စည်းပစ္စယတွေ အကုန်ရောင်းချပြီး သီလရှင်ဘဝဖြင့် နေရန် ဆုံးဖြတ်လာသည်။

သို့ဖြစ်၍ ဒေါ်မေဓာဝတီထံ ချဉ်းကပ်ပြီး၊ "ဆရာဘုရား တပည့်တော်မကို သီလရှင် ဝတ်ပေးပါ"ဟု ခွင့် တောင်း

သည်။ ဒေါ်မေဓာဝတီက ဝမ်းမြောက် ဝမ်းသာ စီစဉ်ပေးသည်။

သီလရှင်ဝတ်သည့်နေ့တွင် သံဃာတော်များအား ပင့်ဖိတ်၍ဆွမ်းကပ်သည်။ လူဖွယ်များကိုလည်း ဖိတ်ပြီး ကျွေးမွေးလှူဒါန်းသည်။

ဒေါ်ရင်ကို "ဒေါ်သုဓမ္မဝတီ"ဟု ဘွဲ့အမည် ပေးသည်။ ဒေါ်သုဓမ္မဝတီသည် ငယ်စဉ်က အတန်းကျောင်း နေခဲ့သဖြင့် စာဖတ်တော်သည်။ သီလရှင် ဝတ်သောအခါ စာသင်ကြားခြင်းမပြုပဲ ကမ္မဋ္ဌာန်းဘာဝနာဖြင့်သာ နေထိုင်သည်။

(၁၈)

ခေမေသကကျောင်းသစ်၌ တနှစ် ၂ နှစ်အတွင်း အံဆောက်အဦတော့တိုးတက်များပြားလာသလို သီလရှင် ဦးရေကလည်း တိုးတက်များပြားလာ၏။ သို့ဖြစ်၍ မဟာဂန္ဓာရုံ ဆရာတော်၏ ညွှန်ကြားချက်အရ အုပ်ချုပ်ရေးတာဝန်များကို ခွဲဝေ အပ်နှင်းထားရသည်။

ဒေါ်မေဓာဝတီက ကျောင်းဆရာဦးစီးနာယက၊ ဒေါ်ကုမ္မာရီက တိုက်အုပ်၊ ဒေါ်သုဓမ္မဝတီကတိုက်ကြပ်၊ အသီးသီးတာဝန်ထမ်းဆောင်ကြရ၏။

ဒေါ်ကုမ္မာရီနှင့် ဒေါ်သုဓမ္မဝတီတို့သည် တဇရပ်ထည်းတွင် အတူနေထိုင်ကြသည်။ တိုက်အုပ်၊ တိုက်ကြပ်ပီပီ ကျောင်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ကြ၏။

ဒေါ်ကုမ္မာရီက သီလရှင်ကလေးများ အပြစ်ဖြစ်လာလျှင် ဆုံးမကန့်မြစ်သည်၊ ဒဏ်ပေးတန်ပေး၏၊ ကောင်းကောင်းနေကြဖို့ အမြဲဆုံးမ၏။

ဒေါ်သုခမ္မဝတီကအရာရာကြပ်မနိုးဆော်ပေးသည်။ "ညည်းတို့ ဒီလိုမနေကြနဲ့၊ ဒီလိုမလုပ်ကြနဲ့၊ လုပ်ယင် တိုက်အုပ်က ဒဏ်ပေးလိမ့်မယ်" စသည်ဖြင့် ဇရပ်တိုင်း လိုက်ကြည့်ပြီး သတိပေးလေ့ရှိ၏။

ချောင်ဆရာ ဒေါ်မေခါဝတီ၏ ဦးဆောင်မှု မှန်ကန်ခြင်း၊ တိုက်အုပ် ဒေါ်ကုမ္မာရီ၊ တိုက်ကြပ် ဒေါ်သုခမ္မဝတီတို့၏ အုပ်ချုပ်ရေးလိမ်မာခြင်းကြောင့် နှစ်အနည်းငယ် အတွင်းမှာပင် ခေမေသကချောင် ဂုဏ်သတင်းသည် ကျွံ့သင်းကြိုင်လှိုင်ခဲ့လေသည်၊

## (၁၉)

ချောင်ဆရာကြီး ဒေါ်မေခါဝတီသည် အလှူ အတန်း အလှန်ဝါသနာပါသည်။ ချောင်တည်သည့် နေ့မှစ၍ နေ့စဉ်မပြတ်ဆွမ်းလောင်းသည်။

ချောင်တွင်ပူဇော်ထားသည့် ရုပ်ပွားတော်အားဆွမ်း၊ကွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းမပြတ် လှူဒါန်းလေ့ရှိသည်။

ပြာသိုလဆန်း ၄ ရက် မွေးနေ့ရောက်တိုင်း သံဃာတော်များပင့်ပြီး ကျွေးမွေးလှူဒါန်းသည်။ သီလရှင်များကိုလည်း ကျွေးမွေးဧည့်ခံသည်။

၁၂၇၂-ခုနှစ် မွေးနေ့မှစ၍ကား နှစ်စဉ်ထာဝရ ဂဝပါန ခေါ် ဘောဇဉ်တမျိုးကို စီမံချက်ပြုတ်၍ သံဃာတော်များအား စတုဒိသာဆွမ်းအဖြစ် လှူဒါန်းခဲ့လေသည်။

ဆရာကြီး ဒေါ်မေခာဝတီသည် အဋ္ဌသာလိနီ အဋ္ဌကထာ တက်ခဲ့စဉ်က ဂဝပါန ဘောဇဉ်အကြောင်းကို အောက်ပါ အတိုင်း ဖတ်ရှုမှတ်သားခဲ့ရ၏။

"ဂဝပါနန္တိ မဟန္တေ ကောလမ္ဗေ ခီရံသ
ပူရေတွာ ဥဒ္ဓနေသု အာရောပေတွာ ဃနပါကပက္ကေ
ခီရေ ထောကေ တဏ္ဍုလေ ပက္ခိပိတွာ ပက္က မဓု
သက္ခရစုဏ္ဏသပ္ပိဟိ အဘိသင်္ခတံ ဘောဇနံ ဝုစ္စတိ။

ထမင်းအိုးကြီးတို့ကို နွားနို့အပြည့်ထည့်ပြီး မီးဖိုပေါ်တင်၍ နွားနို့ ခပ်ပြစ်ပြစ် ကျက်သောအခါ ဆန်အနည်းငယ်ထည့်ချက်ပြီး ပျား၊ သကြားမှုန့်၊ ထောပတ်တို့ဖြင့် ပြုပြင်စီမံထားသော ဘောဇဉ်တမျိုးကို "ဂဝပါန"ဟု ဆိုအပ်၏။

ဂေါတမဘုရားအလောင်းတော် သုရစ်ပုဏ္ဏားသည် မင်္ဂလဘုရား အမှူးရှိသော သံဃာတော် ကုဋေတသိန်းအား ၇-ရက်ပတ်လုံး ဂဝပါန ဘောဇဉ်ကို ဆက်ကပ် လှူဒါန်းခဲ့ဘူးလေသည်။

ဆရာကြီး ဒေါ်မေခာဝတီသည် "ဂဝပါန" ဘောဇဉ် အကြောင်းကို ဖတ်ရှုခဲ့ရသည်မှစ၍ ထိုဘောဇဉ်မျိုး ပြုလုပ်ကျွေးမွေးရန် စိတ်ဝင်စားနေခဲ့လေသည်။ သို့ရာတွင် ၁၂၇၂ ခုနှစ်ကျမှ ထမြောက်အောင်မြင်ပြီး နှစ်စဉ်ထာဝရ မွေးနေ့ အချိန်ကျတိုင်း သံဃာတော်အား လှူဒါန်းခဲ့လေသည်။

စတုဒ္ဒိသာ သံဃာများအား "ပင့်လျှောက်လွှာတေးထပ်" လေးတပုဒ်ကိုလည်း ရေးစပ်ခဲ့သည်။

သိလရှင်ကလေးများသည် ဂဝပါန ဘောဇဉ်ကို ဒယ်အိုးကြီးတွေဖြင့် ကြိုချက်ယင်း ဝမ်းမြောက်ရွှင်မြူးစွာ တေးထပ်ကလေးကို အောက်ပါအတိုင်း ရင့်ကျူးကြသည်။

### ပင့်လျှောက်တေးထပ်

— တဏ္ဍုလံ မစုရေနှင့် သက္ခရ ဃတံပါ၊
= အတက်ကျ စွက်မှန်ရာ ချက်မှန်စွာ ကျိုလို့၊
= ဂေါပါန စာရှိသည် သာလိနီကျမ်းက အဆို့၊
— ကျမ်းဂန်ထွက် စာအညီ ပမာမို ယူလို့၊
— ဆရာသည် တပည့်တို့ရယ်နှင့် ရရှိဘို့ ကုသလာ၊
— ဇေယျာတွင် အဦးမှတ်လို့ ထူးမြတ်တဲ့ ဘောဇနသုဒ္ဓါ၊
— လေးရက်နေ့ အရုဏ်လာလျှင် ကြိုရာသာအမြန်ကြွလို့၊
— ဂဝပါန ဘောဇနံ့, ဘုဉ်းပေးကြရန်၊
— ဆက်ဆက်ပါ ခေမေသကံကို မသွေ အမှန် ကြွပါ ဘုရားလေး။

## (၂၀)

၁၂၄၃–ခုနှစ်တွင် ဖြစ်၏။

မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ကြီးသည် တပည့် ဒကာ ဒကာမများနှင့်အတူ ဗုဒ္ဓဌာနများ ဖူးမြော်ရန် သီဟိုဠ်နှင့် အိန္ဒိယသို့ ကြွတော်မူသည်။

ထိုစဉ်က ချောင်ဆရာကြီး ဒေါ်မေဓာဝတီ၊ တိုက်အုပ် ဒေါ်ကုမ္မာရီ၊ တိုက်ကြပ် ဒေါ်သုမမ္မဝတီ၊ ဒေါ်ဝဏ္ဏာနှင့် သမီး မစာရဝတီတို့ ခေမေသကချောင်မှ လိုက်ပါသွားကြ၏။

နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ရန်ကုန်မှ စတင်ထွက်ခွာကြပြီး လဆုတ် ၅ ရက်နေ့တွင် သီဟိုဠ်ကျွန်းသို့ ရောက်ကြသည်။ သီဟိုဠ်ရှိ စွယ်တော်နှင့် စေတီတော်များကို လှည့်လည်ဖူးမျှော်ပြီး အိန္ဒိယရှိ ဗုဒ္ဓဌာနများသို့ သွားရောက်ကြသည်။ တပို့တွဲလဆန်း ၁၂ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်ကြ၏။

၎င်း ဘုရားဖူးခရီးမှ ပြန်ရောက်သောအခါ "လက်ာဒိမဂ္ဂဒီပနီ" မည်သော ခရီးသွားမှတ်တမ်းကို တိုက်အုပ် ဆရာတော်ကြီးက စိတ်ဝင်စားဖွယ်အသေးစိတ် ရေးသားပြီး ၁၂၇၄ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

ခေမေသကချောင် ဆရာကြီး ဒေါ်မေဓာဝတီတို့ ဆရာတပည့်သည် အိန္ဒိယမှ ပြန်လာပြီးနောက် ရန်ကုန်တွင် တလခန့်ကြာ နေထိုင်၍ ဘုရားပုထိုးများကို လှည့်လည် ဖူးမျှော်ခဲ့ကြသည်။

တပေါင်းလပြည့်ကျော်လောက်တွင် ချောင်သို့ ပြန်ရောက်ကြ၏။ ရောက်ပြီးနောက်ရက်တွင် မဟာဂန္ဓာရုံ ဆရာတော်၏ ကပ္ပိယ ဘိုးသူတော်ကြီး လာရောက်ခေါ်သဖြင့် မဟာဂန္ဓာရုံ ဆရာတော်အထံသို့ သွားရောက်ကြရ၏။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားက ခေါ်သည် ဆိုကတည်းက ကြောက်ရွံ့နေကြ၏။ 'ဆိုမြည်တော့မှာပဲ၊ ဒဏ်ပေးတော့မှာပဲ' ဟု တွက်ထားကြ၏။ မဟာဂန္ဓာရုံဆရာတော်ကို တတောင်ရိုးလုံးက

ရှိသေလေးစားကြရသည်။ ဆုံးမစရာရှိလျှင် ခပ်နာနာ ဆုံးမ တော်မူတတ်သည်။ အကျင့်သိက္ခာ၊ ဂုဏ်ဝါ အရှိန် အဝါ ကြီးမား၍ ကျော်ကြားတန်ခိုး အလေ ပြုရသော ဆရာတော် ဖြစ်သည်။ [ဤဆရာတော်ကြီးကို "အနာဂါမိ အရိယာကြီး" ဟု အချို့က ဆိုကြ၏။]

ဒေါ်မေဓာဝတီတို့ ဆရာတပည့်သည် မဟာဂန္ဓာရုံ ဆရာ တော်ရှေ့တွင် ဘရိုတသေ လက်အုပ်ချီကာ ထိုင်နေကြ၏။ ထို အခါ မဟာဂန္ဓာရုံ ဆရာတော်က—

"နင်တို့ ဘုရားဖူးသွားတာတော့ ဟုတ်ပါရဲ့၊ ဒါလောက် ကြာကြာကြီး ချောင်ပစ်ထားလို့ မတော်ဘူး၊ ခရီးသွားပြီး အချိန်ဖြုန်းနေတာလဲ ယုတ်ယုတ်ခြင်း အကြောင်းပဲ၊ ချောင် တည်ပြီး ချောင်နှင့် တူအောင်လုပ်မှ ကြီးပွားနိုင်တယ်၊နောင်ကို ဒီလို ချောင်ပစ်သွားယင်ဒဏ်ထမ်းကြရမယ်"စသည်ဖြင့် ဆိုမြည် ကာ ဆုံးမဩဝါဒပေးသည်။ ထိုနောက် ဤသို့ အမိန့် ထုတ် တော်မူသည်။

"ဒီနေ့ကစပြီး တလ လေးသီတင်း ကောသနိက ဓုတင် ပတ္တပိုဏ်မုတင်မပြတ် ဆောင်ကြရမယ်၊ တနေ့လျှင် အနည်းဆုံး တနာရီ နေ့စဉ် ကမ္မဋ္ဌာန်းအားထုတ်ကြရမယ်၊ အကြောင်းမဲ့ ပျက်ကွက်ယင် ဒဏ်ထမ်းကြရမယ်"

(၂၁)

၁၂၇၄ ခုနှစ်တွင် ဖြစ်၏။

ချောင်ဆရာကြီး၏ အမကြီးဖြစ်သူ ဒေါ်မယ်သည် ဇာတိ ရွာသို့ ခေတ္တပြန်ချင်ကြောင်း ညီမကို ပြောသည်။ ညီမဖြစ်သူ

ချောင်ဆရာကြီးက "အမကြီးမှာ သားတွေ သမီးတွေ ရှိနေသေးတော့ ခေတ္တပြန်ချင် ပြန်တာပေါ့၊အဖော်အဖြစ် သီလရှင်လေး နှစ်ယောက် ထည့်လိုက်မယ်" ပြောသည်။

"နေပါစေ… ညီမရယ်၊ သူတို့အတွက် ကိုယ်က ပူနေရလိမ့်မယ်၊ အမကြီးတယောက်ထဲ သွားမယ်"ဟု မန္တလေးသို့ ကူးပြီး ရထားဖြင့် တောင်ငူသို့ လိုက်သွား၏။

တောင်ငူမှ ရွာသို့ ဈေးလာသော လူကြုံများကို အဖော်ပြုကာ လိုက်သွားသည်။ ရွာရောက်သောအခါ သားသမီးများ အမေပြန်လာသည်ဆိုကာ ဝမ်းမြောက်ဝမ်းသာ ဝိုင်းအုံကြ၏။

သမီးအကြီးက "အော်….အမေရယ်÷ ဖြစ်မှ ဖြစ်ရငလေ…. စာလဲမပေး….ဘာလဲမပေး တယောက်ထဲလာတာ အံ့ပါရဲ့"ဟု ရင်သပ်ပြီး ပြောသည်။

"သူတို့ကတော့ လိုက်ပို့မယ်လို့ ပြောသားပဲ၊ အမေက သီလရှင်ငယ်လေးတွေ ပါလာပြန်တော့ သူတို့ကို စိတ်မချရဖြစ်မှာ စိုးတာနဲ့ အစ်မကြီးတယောက်ထဲ ဖြစ်ပါတယ်ဆိုပြီး ပြန်လာခဲ့တာ သမီးများဆီက စာမလာတာ ကြာတော့ စိတ်ပူတာနဲ့ ပြန်လာခဲ့တာပဲ"

သမီးအကြီးက တယောက်ထဲ ဒီအရွယ် ဒီခရီးကြီးပြန်လာရပါမည်လော၊ စာကြို ပေးယင် တောင်ငူအထိ လာကြိုရပါလောဟု တတွတ်တွတ်ပြောနေသည်။

"သမီးရယ်….အမေ ရောက်လာပြီပဲ၊ ခုမှတော့ ပြောမနေပါနဲ့တော့"ဟု နှစ်သိမ့်စကားဆို၏။

ထိုနောက် ဒေါ်မယ်က "အမေ ခရီးပန်းလာလို့လား မသိဘူး၊ သိပ်နေမကောင်းချင်ဘူး"၊ ပြောပြီး အပန်းဖြေ လှဲအိပ်နေသည်၊ သားသမီးများက "အပန်းပြေအောင် အိပ်လိုက်အုံး....အမေ"ဟု စကားပြောရပ်လိုက်ကြ၏။

အိပ်ရာထသောအခါ အပန်းပြေသွားသလိုလိုရှိသော်လည်း အစားအသောက် ပျက်နေသည်။ စားသာ စားရ အရသာမရှိ ဖြစ်နေ၏၊ အိပ်ရာ၌လည်း နှစ်နှစ်ခြိုက်ခြိုက်မရှိလှ။ သို့နှင့် ရွာပြန်ရောက် တလ–နှစ်လလောက် တရှောင်ရှောင်ဖြစ်နေသည်။

ထိုနောက် အဖျားရောဂါ ဝင်ရောက်လာပြီး ပျောက်မလို နှင့် မပျောက်တော့ပဲ ရွာရောက်သည့်နောက် သုံးလလောက် အရတွင် အနိစ္စရောက်သွား၏။

ဒေါ်မယ် ဆုံးလျှင် ဆုံးချင်း တောင်ငူသွားပြီး စစ်ကိုင်းသို့ ကြေးနန်းရိုက်ကြသည်။ ကြေးနန်း ရသောအခါ ဆရာကြီး ဒေါ်မေခါဝတီသည် ဒေါ်ကုမ္မာရီနှင့် ဒေါ်ဂုဏဝတီ တို့ကို ခေါ်ပြီး ညောင်ပင်သာရွာသို့ အမြန်လိုက်ခဲ့ကြသည်။

ဆရာကြီး ဒေါ်မေခါဝတီသည် ညောင်ပင်သာ ရွာ သို့ ရောက်သော်အခါ အသုဘကိစ္စကို စီမံဆောင်ရွက်ပြီး ရက်လည် ဆွမ်း ကျွေးသည်။ တူ တူမများကိုလည်း သောကပြေအောင် တရားဓမ္မဟောပြောပြသပေး၏။ လိမ်လိမ်မာမာနေကြရန် သွန် သင်ဆုံးမခဲ့ပြီး ကြာကြာမနေပဲ စစ်ကိုင်းသို့ ပြန်ခဲ့ကြသည်။

(၂၂)

၁၂၇၉–ခုနှစ်တွင် ဖြစ်၏။

ရတနာဝုဒ္ဓိချောင် ဆရာတော်ကြီး ထံ လေးမျက်နှာမြို့နယ်မှ

မိသားစု ရောက်လာသည်။ သားခြောက်ယောက်၊ သမီး နှစ်ယောက်နှင့် မိဘနှစ်ပါးပါ အားလုံး ၁၀ယောက် ဖြစ်၏။

စစ်ကိုင်းတောင်ရိုးသို့ တအိမ်လုံး တောထွက်လာကြခြင်း ဖြစ်သည်။ သားခြောက်ယောက်ကို ရဟန်းခံပေးပြီး သမီး နှစ်ယောက်ကို သီလရှင် ဝတ်ပေးထားကြသည်။

သားရဟန်း ခြောက်ပါးကို မူဝံချောင် ဆရာတော်ကြီးထံ အပ်ထားသည်။ မိဘနှစ်ပါးနှင့် သမီးနှစ်ယောက်ကပါ မူဝံ ချောင် ဇရပ်တွင် ခေတ္တ နေထိုင်ကြသည်၊

အမြဲထာဝရ ဇရပ်ဆောက်လုပ်ပြီး နေထိုင်ရန် အနီးရှိ ချောင်များသို့ လှည့်လည်ရှာကြည့်ကြ၏။ ထိုစဉ်က ခေမေ သကချောင်သို့ လာရောက်ကြည့်ရှုပြီး ချောင်ဆရာကြီးထံနေရာ တောင်းကြ၏။ ချောင်ဆရာကြီးက နေရာတနေရာ ပေးသဖြင့် ဝမ်းသာအားရ ဇရပ်တဆောင် အမြန်ဆောက်ပြီး ခေမေသက ချောင်သို့ ရွှေ့ပြောင်းနေကြသည်။ သမီးသီလရှင် နှစ်ပါးကို ချောင်ဆရာကြီးထံအပ်ပြီး မိဘနှစ်ပါးကမူ သမီးများနှင့်အတူ ဥပုသ်စောင့်နေကြသည်။ သမီးအကြီးမှာ "မစန္ဒဝတီ" အငယ်က "မကုန္ဒဝတီ" ဖြစ်သည်။

## (၂၃)

၁၂၈၀-ပြည့်နှစ်တွင် ဖြစ်၏။

ပဲခူးမြို့မှ အသက် ၆၀ ကျော် ၇၀ အရွယ်ရှိ ဒကာတဦး ရောက်လာသည်၊ ဘောင်ပေါ်မှ ဘုရားဖူးအပြန် ဝင်လာခြင်း ဖြစ်၏။ ချောင်ဆရာကြီး ဒေါ်မေဓာဝတီထံ ဝင်ရောက်လာပြီး

"ဆရာကြီးခင်ဗျား....ကျွန်တော်က ပဲခူးက ဘုရားဖူးလာတာပါ၊ အခွင့်ရယင် တညလောက် ဒီမှာ တည်းခိုပါရစေ"ဟု ခွင့်တောင်းသည်။

"တည်းနိုင်ပါတယ်၊ ကျွန်မတို့ ဘုရားကျောင်းရှိတယ်၊ ဒါမှ မဟုတ်လဲ ဘုန်းကြီးကျောင်းလဲ ပို့ပေးနိုင်ပါတယ်၊ ဘုန်းကြီးကျောင်းမှာ တည်းပြီး ထမင်းစားတော့ ချောင်လာစားပါ" ဟု ချောင်ဆရာကြီးက ပြောသည်။

"ကောင်းပါပြီခင်ဗျား....ကျွန်တော့်ကို ဘုန်းကြီးကျောင်း ပို့ပေးပါ၊ ဆရာကြီးတို့ကို ကျွန်တော် အားနာပါတယ်"

နောက်ရက်တွင် ထမင်းစားယင်း ပဲခူး ဒကာကြီးက ပြောသည်။

"ဆရာကြီးခင်ဗျား....ကျွန်တော်တခုမေးပရစေ၊ ကျွန်တော် တောင်ပေါ်က ဘုရားဖူးပြီး ပြန်ဆင်းလာတော့ ဟို အထက်နားမှာ တောင်ပူစာလေးတခု တွေ့ပါတယ်၊ အဲဒီအကွက်လေးကို ဆရာကြီးတို့ ပိုင်သလား"

"ပိုင်ပါတယ်....ဦးကြီး ဘာလုပ်ချင်လို့ပါလဲ"

"ကျွန်တော်က အဲဒီနေရာ ဂူတူးပြီး ဉပုသ်လေး ဘာလေး လာစောင့်ချင်လို့ပါ"

"ရပါတယ်....ဦးကြီးနေချင်တယ်ဆိုယင် ဂရံပါ ရအောင် လုပ်ပေးထားပါ့မယ်"

ဆရာကြီး ဒေါ်မေဓာဝတီသည် ထိုကိစ္စအတွက် စစ်ကိုင်းမြို့မှ ရုံးစာရေးကြီး ကိုသိန်းဖေကိုအခေါ်ခိုင်းလိုက်၏။တနင်္ဂနွေ

ရုံးပိတ်ရက်နှင့် ကြုံနေသဖြင့် ကိုသိန်းဖေ ချက်ချင်း လိုက်လာသည်။

"မောင်သိန်းဖေရေ အလယ်ထပ်နဲ့ အောက်ထပ်ကိုတော့ မောင်ထွန်းလှိုင်က သူ့နာမည်နဲ့ဂရုံလုပ်ပြီး ဆရာကြီးကို အပ်သွားတယ်။ ခု ဟိုအထက်နားက နေရာအတွက် ဂရံလုပ်ဖို့ မောင်သိန်းဖေပဲကြည့်ပြီး ဆောင်ရွက်ပေးစေချင်တယ်"

"ဒီကိစ္စလား စိတ်ချပါဆရာကြီး ကျွန်တော် လုပ်ပေးပါ့မယ်"

အောက္ခုံးယ် ဝမ်းသာပါတယ်၊ ပဲခူးက ဘုရားဖူး လာတဲ့ ဒကာကြီးတယောက်က အဲဒီနေရာမှာ ဂူတူးပြီး ရှေ့အဆောက် အဦနဲ့တွဲပြီးဆောက်ချင်တာ သူလာဥပုသ်စောင့်တဲ့အခါသူနေ၊ ပြန်တဲ့အခါ ဆရာကြီးကို လှူထားခဲ့မယ်တဲ့"

ဆရာကြီး ဒေါ်မေခဝတီသည် ရုံးစာရေးကြီး ကိုသိန်းဖေနှင့် ဂရံလုပ်ရန်ကိစ္စပြောပြီးသောအခါ ပဲခူး ဒကာကြီးအား အကျိုးအကြောင်းပြောပြသည်။ ပဲခူး ဒကာကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ပဲခူးသို့ ပြန်သွား၏။ မကြာမီ ပြန်လာပြီး ဂူတူးရန် စီစဉ်မည့်အကြောင်း ပြောသွားသည်။

နောက်တလခန့် အကြာတွင်ဖြစ်၏။

ပဲခူး ဒကာကြီးစစ်ကိုင်းသို့ ပြန်ရောက်လာ၏။ လက်ထဲတွင် ငွေသုံးထောင်ကျော်ပါလာသည်။

အော်....ဦးကြီး ပြန်လာပြီလား။ ဒီလောက် မြန်မယ်မထင်ဘူး၊ ခုတော့ မြန်လိုက်တာ"ဟု ဆရာကြီး ဒေါ်မေခဝတီက တအံ့တသြပြောသည်။

"ဆရာကြီး ကျွန်တော်လဲ အသက် ၇၀ ရှိသွားပြီ။ မငယ်ဘော့ဘူး။ သေဖို့ရာနီးနေပြီ။ လုပ်တုန်း သေမလား။ ပြီးမှ မေသလား မသိနိုင်ဘူး။ မသေခင် ကိုယ့်ဖိုပါ အောင်ယူသွားရမှာပဲ"

"ကောင်းပါတယ် ဦးကြီး၊ ကုသိုလ်ကောင်းမှု လုပ်တယ်ဆိုတာ မြန်မြန်အောင်လေ ကောင်းလေပါပဲ"

အော်....ဒါထက် ဆရာကြီး အဲဒီနားက ဘာစေတီတဲ့"

"ဆုတောင်းရ စေတီပါ"

"အဲ ဟုတ်ပြီ၊ အဲဒီ ဆုတောင်းရစေတီနားမှာ သိမ်သမုတ်ပြီး သိမ်ဘိုက်တလုံး ဆောက်လှူချင်တယ်၊ ရဟန်းခံကိစ္စရှိတော့လဲ သံဃာတွေ အသုံးပြုနိုင်တာပေါ့ဗျာ"

"ကောင်းပါတယ် ဦးကြီး၊ အကျိုးရှိတာ လှူရတော့ ပိုကောင်းတာပေါ့"

ပဲခူး ဒကာကြီးသည် ဒေါ်မေဓာဝတီ၏ အကူအညီဖြင့် နေရာရွေးချယ်ကာ ဂူတူးသည်။ ဂူနှင့်ကပ်လျက်ရှိသောအဆောက်အဦတခုဆောက်သည်။ သိမ်နေရာညှိပြီး သိမ် ဘိုက် ဆောက်သည်။ စုစုပေါင်း နှစ်ထောင့်သုံးရာခန့်ကုန်သွား၏။

အားလုံး ပြီးစီးသောအခါ သံဃာတော်များပင့်၍ သိမ်သမုတ်ကျောင်းရေစက်ချပွဲကျင်းပသည်။ ဆွမ်းကွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများကိုလှူဒါန်းသည်။ သီလရှင် များအားထိုက်သင့်သမျှ ပင့်ဖိတ်လှူဒါန်းသည်။

သိမ်သမုတ် ရေစက်ချပွဲနှင့်စပ်၍ ပဲခူး ဒကာကြီးက ဆရာကြီး ဒေါ်မေဓာဝတီထံ ငွေအပ်လိုက်သည်။ ဆရာကြီး ဒေါ်မေဓာ

ဝတီ အစစအရာရာ အဆင်ပြေအောင် စီမံဆောင်ရွက်ပေး
သည်။

ရေစက်ချပွဲပြီးစီးသောအခါ ပဲခူးဒကာကြီးက ကျေးဇူး
တင်လိုက်တာ ဆရာကြီးရယ်။ကျွန်တော် ယုပ်ချင်တာထမြောက်
အောင်မြင်သွားပြီ။ သူတော်ကောင်းတွေနဲ့ပေါင်းရတာ စိတ်
ချမ်းသာတာပဲ ဝမ်းမြောက်လို့ မဆုံးပါဘူးခင်ဗျာ”ဟု ဝမ်း
သာအားရပြောသည်။

ရေစက်ချပွဲပြီး၍ တပတ်ခန့်ရှိသောအခါ ပဲခူး ဒကာကြီး
သည် ခေတ္တပဲခူးပြန်ပါဦးမည်ဟု နှုတ်ဆက်ကာ ပဲခူး ပြန်သွား
သည်၊ မကြာမီပင် အဆုံပါ ဒကာကြီး ပဲခူးမှာ အနိစ္စရောက်
သွားကြောင်း သတင်းကြားရလေ၏။

ဆရာကြီး ဒေါ်မေဓာဝတီနှင့်တပည့်တစု ထိုသတင်းကြား
ရသဖြင့် စိတ်မကောင်းဖြစ်ကြ၏။ သေခြင်းတရား အာရုံထား
သာ သံဝေဂဉာဏ်ဖြစ်ပွားကြ၏။

ပဲခူးမှ ဒကာကြီး ဂူတူးလှူဒါန်းထားသောကြောင့်“ပဲခူးဂူ
(ပဂိုးဂူချောင်”ဟု ယနေ့တိုင် တွင်နေသည်။ ဒုတိယ ကမ္ဘာစစ်
ကြီးဖြစ်ပွားချိန်၌ ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်သည် ၎င်းပဲခူးဂူ
ချောင်၌ သီတင်းသုံးသွားခဲ့ဘူးသည်။

(၂၄)

တခုသောနှစ်တွင်ဖြစ်၏။

ဆရာမကြီး ဒေါ်မေဓာဝတီသည် တပည့်သီလရှင် ၁၅-
ယောက်နှင့်အတူ ဘုရားဖူးယင်း၊ ဆရာတော်ကြီးများကန်တော့
ယင်း မန္တလေးသို့သွားခဲ့လေသည်။

သရက်ပင်ဆိပ်မှ မန္တလေးဂေါဝိန်အရောက် ငှက်တစင်းလုံး ငှားသည်။ ဂေါဝိန်ဆိပ်မှမြစ်ရေသန့်သန့် ရေအိုးသစ်ဖြင့်ခပ်ယူ၍ အရှေ့ဝိသုဒ္ဓါရုံ ဆရာတော် ကြီးများအား ကန်တော့သည်။ ကန်တော့၍ ပစ္စည်းမျိုးစုံကိုလည်း လှူဒါန်းသည်။

ဆရာတော်ကြီးများအား ကန်တော့ပြီးနောက် ဘုရားကြီး၊ အိမ်တော်ရာ၊ သကျသီဟစသော မြို့တွင်းဘုရားစုံကို လှည့်လည်ဖူးမျှော်သည်။ ထိုနောက် မန္တလေးတောင်နှင့် ရန်ကင်းတောင်တို့သို့ သွားရောက်ဘုရားဖူးသည်။ ရွှေဆိုင်း ဝယ်ပြီး ဘုရားတိုင်း ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆီမီး၊ ရေချမ်း၊ ပန်း ပူဇော်ခြင်းတို့ကိုပြုလုပ်သည်။

ဆရာကြီးသည် တပည့်သီလရှင်များနှင့်အတူ ဘုရားစုံဖူးပြီး စစ်ကိုင်းသို့ ပြန်လာခဲ့၏။ ချောင်ရောက်သောအခါ ဘုရားဖူးပါလာသောသီလရှင်လေးများကို ညည်းတို့ မရောက်ဖူးသူတွေ ရောက်ဖူးပါစေဆိုပြီး ဘုရားဖူးလိုက်ပို့ရတာဘုရားဖူးပြီးဘာများ အကြံရခဲ့ကြတုန်း”ဟု ဆရာကြီးက မေးသည်။

“တပည့်တော်များ ဘုရားဖူးရတာ အမြတ်ဆုံးပါ ဘုရား၊ မရောက်ဖူးတာတွေ ဆရာကြီးလိုက်ပို့လို့ ရောက်ရတာ ဆရာကြီးကျေးဇူးပဲလို့ အောက်မေ့မိကြပါတယ်ဘုရား”

“ငါကတော့ ဘုရားဖူးယင်း အကြံတခုရခဲ့တယ်၊ မန္တလေးကောင်မှာ ရသေ့ကြီး ဦးခန္တီ စောင်းတန်း ပြုလုပ်ထားတာ မြင်ခဲ့ရတော့ ပုညရှင်ဘုရားတက်တဲ့ လမ်းကိုလဲ စောင်းတန်းလုပ်ဖို့ စိတ်ကူးမိတယ် ငါကိုယ်တိုင်လဲ အလှူခံမယ်၊ အလှူခံသေတ္တာလဲ ထားမယ်၊ ပြီးတော့ သူအို သူနာ သူသေ ရဟန်း

ရုပ်လုံးထုပြီး ထားချင်တယ်၊ ဥပက မဆာဝါ ယုန်သေကို ခေါးနဲ့ လှ ိုးနေပုံ မာန်ပါလွန်းလို့ ငါ သဘောကျတယ်၊ အဲဒီ ရုပ်လုံးလဲ ဘုရားကျောင်းပေါ် ထားမယ်"

ဆရာကြီး ဒေါ်မေဓာဝတီသည် စိတ်ကူးထားသည့်အတိုင်း စောင်းတန်းကို အလှူခံပြီး ပြုလုပ်ရာ အခန်း ၅၀ ကျော် ပြီးသည်။ သူအို သူနာ သူသေ ရဟန်း ရုပ်လုံး များ ကို လည်းကောင်း၊ ဥပက မဆာဝါ အရုပ်တို့ကို လည်းကောင်း ပန်းပုဆရာကို ထုလုပ်စေပြီး ဘုရားကျောင်းကြီးပေါ်တွင် ထားသည်။

(၂၅)

၁၂၈၆–ခုနှစ်တွင် ဖြစ်၏။

မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ကြီးသည် ဒုတိယအခေါက်အဖြစ် သီဟိုဠ်သို့ ကြွရောက်တော်မူသည်။ သီဟိုဠ် ဝိသုဒ္ဓါရာမတိုက်မှ မှာထားသော သင်္ကန်းအစုံတရာ၊ ထ ိုးအလက် တရာ၊ ဖိနပ်အရံ တရာတို့ကို ယူဆောင် သွားသည်။

ထိုစဉ်က ဆရာကြီး ဒေါ်မေဓာဝတီနှင့် တပည့် သီလင်ရှင် လေးပါး၊ စုစုပေါင်း ငါးပါး လိုက်ပါသွားကြ၏။ အသွားအပြန် တလကြာ၏၊ ဆရာကြီး ဒေါ်မေဓာဝတီက ကတိုက်ကရိုက် ထပြီး လိုက်လာရသဖြင့် လှူဘွယ် တန်းဘွယ်များ မစီစဉ်ခဲ့ရ၍ တဖြစ်တောက်တောက် ဖြစ်နေသည်။ တတိယ

အခေါက် မရောက် အရောက်သွားဦးမည်ဟု သန္နိဋ္ဌာန်ချထား သည်။

ဆရာကြီး ဒေါ်မေဓာဝတီတို့ သီဟိုဠ်မှပြန်ရောက်လာသော အခါ အမကြီး မမယ်၏သား ဦးပဥ္ဇင်းနှင့် သမီး သီလရှင်တို့ ချောင်တွင် ရောက်နေနှင့် ကြ၏။

ဒေါ်ကုမ္မာရီက "ဆရာဘုရားရဲ့ တူနဲ့တူမရောက်နေတယ်၊ ဦးပဥ္ဇင်းလေးကို အထက်ထပ်မှာ ထားတယ်၊ တူမလေးကိုတော့ တပည့်တော်တို့ဆီမှာ ထားတယ်" ဟု ဆီးကြိုပြောသည်။

ဆရာကြီး ဒေါ်မေဓာဝတီသည် တူ ဦးပဥ္ဇင်းကို စာသင် ရန် လေးကျောင်းတိုက်သို့ လိုက်အပ်ပေးသည်။ ဆွမ်းခံချိန်၌ ဇရပ်သို့ လာရောက်ဆွမ်းခံစေပြီး ဆွမ်းဟင်း၊ ကွမ်းအပြည့်အစုံ လောင်းလှူသည်။ တူမ သီလရှင်ကိုလည်း စာသင်ရန် မရူပဝတီ ထံ အပ်ထားသည်။

ဆရာကြီး ဒေါ်မေဓာဝတီတို့ သီဟိုဠ်မှ ပြန်ရောက်၍ ပါလု ခန့်ရှိသောအခါ ခေမေသကချောင်မှ ဇရပ်အလုံး ၂၀ခန့် မီး လောင်ခံရသေးသည်။နိဗ္ဗိန္နချောင်မှ သီလရှင်တပါး ငါးကြော် ကြော်ရာ ဆီဝေကျပြီး မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်၊

ဆရာကြီး ဒေါ်မေဓာဝတီနေသည့် လေးဆောင်တွဲ ဇရပ် ကြီးလည်း မီးထဲပါသွား၏။ မီးလောင်ပြင်ကို ရှင်းလင်းပြီး ဖြစ်သလို ကမ္မဋ္ဌာန်း ကျောင်းလေးတွေ ဆောက်ပြီး နေကြ ရ၏။

ခေမေသကချောင် မီးလောင်ခံရကြောင်း သတင်း ကြား ရ၍ ရန်ကုန်မှ စက်ရှင်မင်းကြီးနှင့် ဇနီးတို့ လာရောက်ကြ၏။

ခေမသကချောင်နေ ဖွားကုန္ဒခေါ် သီလရှင်ကြီး၏ အသိမိတ်ဆွေများဖြစ်၍ ဖွားကုန္ဒအတွက် မီးလာကူခြင်းဖြစ်၏။

"ကျွန်တော်တို့က အဖွားဇရပ် မီးလောင်ခံရတယ်ကြားလို့ ဇရပ်ဆောက်ပေးမယ်လို့ လာကြတာ"ဟု စက်ရှင်မင်းကြီးက ပြောသည်။

"ငါ့မှာ နေစရာ ရပါပြီ၊ ချောင်ဆရာကြီးမှာ ကမ္မဋ္ဌာန်းကျောင်းလေးနဲ့ နေရလို့ စိတ်မကောင်း ဖြစ်နေတာ၊ ငါ့ဆောက်ပေးမယ့်အစား....ချောင်ဆရာကြီးကို ဆောက်ပေးလိုက်ကြပါ"

"ဒါကတော့ အဖွားသဘောပါပဲ၊ ဇရပ်ဆောက်ဖို့ အဖွားထံ ငွေအပ်ခဲ့ပါမယ်"ဟု ပြောဆိုကာ ငွေသုံးထောင်လှူဒါန်းထားခဲ့ပြီး ပြန်သွားကြ၏။

ဂူနီချောင်နေ ကန်ထရိုက်တာ ဦးဘဘောကို ခေါ်ပြီး စီမံဆောင်ရွက်စေရာ သုံးခန်းပတ်လည် ဆင်ဝင်နှင့် အုတ်နံရံကပ် ဇရပ်တဆောင် သပ်ယပ်စွာ ပြီးသည်။ ဇရပ် ပြီးသောအခါ ဖွားကုန္ဒက ရန်ကုန်လှမ်းပြီး စာရေးအကြောင်းကြားသဖြင့် ဇရပ်ဒကာ စက်ရှင်မင်းကြီး ဇနီးမောင်နှံ သားသမီး လေးယောက်နှင့်အတူ ရောက်လာကြ၏။

သံဃာတော်များအား ပင့်ဖိတ်ဆွမ်းကပ်လှူဒါန်းပြီး ဇရပ်ရေစက်ချသည်။ သီလရှင်များအားလည်း ဖိတ်ကြားလှူဒါန်းသည်။ ဇရပ်ရေစက် ချပြီးသောအခါ "ကျွန်တော်တို့က အစိုးရအလုပ်ဆိုတော့ ကြာကြာ မနေနိုင်ပါ၊ အလုပ် ခွင့်ရက်ရှည်ရမှ လာခဲ့ပါမယ်"ဟု နှုတ်ဆက်ပြန်သွားကြ၏။

၁၂၈၇ခုနှစ်တွင် ချောင်ဆရာကြီး၏ တူ ဦးပဥ္စင်းနှင့်တူမ သီလရှင်တို့သည် မပျော်ပိုက်သဖြင့် ဇာတိရွာသို့ ပြန်သွားကြ၏။ ချောင်ဆရာကြီးက "အေး....ငါက ရောက်လာတော့ ကိုယ့်ဝတ္တရားအတိုင်း ထားပါတယ်၊ သူတို့က မပျော်တာတော့ မတတ်နိုင်ဘူး၊ မနေနိုင်ဘာကို မတားချင်ဘူး''ဟု ပြောဆိုကာ ဝတ္ထုငွေတရာ ပေးလိုက်၏။

(၂၆)

၁၂၈၈—ခုနှစ်တွင် ဖြစ်၏။

မန္တလေးမြို့ ပလိုင်းရပ်မှ ဦးယွန်းနှင့်ဒေါ်အိတို့က ခေမေသကချောင်၌ခုနစ်ခန်း, ခြောက်ခန်းရှိ ဓမ္မာရုံတိုက်ကြီး ဆောက်လုပ် လှူဒါန်းကြ၏။

ဒေါ်အိတို့မှာ ညီအမသုံးယောက်ရှိ၏။ အမကြီးနှစ်ယောက်မှာ အပျိုကြီးများဖြစ်ကြသည်။ ခေမေသကချောင်၌ ဇရပ်ဆောက်၍ လူဝတ်ဖြင့် ဥပုသ်ရက်ရှည် စောင့်လေ့ရှိကြ၏။

အမအကြီးဆုံး အနိစ္စရောက်သွားသောအခါ အမအလတ်က ညီမဖြစ်သူ မအိကို မောင်ယွန်းဆိုသူနှင့် အိမ်ထောင်ချပေးလိုက်သည်။ မကြာမီပင် အမ အလတ်လည်း ဆုံးသွား၏။

ထိုအခါ ဒေါ်အိသည် များစွာသံဝေဂဖြစ်ပြီး သူတပါး၏ သားသမီးများကို ရှင်ပြု အလှူကြီးပေးရာ တသောင်း ကုန်သည်။အလှူပေးပြီးနှစ်များစွာမကြာမီဒေါ်အိလည်း ဆုံးသွားပြန်သည်။

မဆုံးမီ ရက်ပိုင်းတွင် "ကျွန်မ သေယင် ကျွန်မ ဝတ်တဲ့ ဟော့ဒီ စိန်ကြယ်သီးကို ရောင်းချပြီး ခေမေသက ချောင်မှာ ၇ ခန်း၊ ၆ ခန်းဓမ္မာရုံတိုက်ကြီး ဆောက်လှူ လိုက်ပါ။ စိန်ကြယ်သီးက ၂၁ ရတီ ရှိပါတယ်။ လိုတာကို ဖြည့်ပြီးလုပ်ပါ" ဟု ဦးယွန်းကို တတွတ်တွတ်မှာသည်။

"အေးပါကွာ၊ မင်း စိတ်တိုင်းကျ ဖြစ်စေပါ့မယ်၊ မင်းလဲ မသေနိုင်သေးပါဘူး"

"ကျွန်မကိုယ် ကျွန်မ သိပါတယ်လေ၊ကျွန်မ မနေရတော့ပါဘူး၊ ကျွန်မမှာတာကိုသာ လုပ်ဖြစ်အောင် လုပ်ပြီး အမျှအတန်းဝေရစ်ပါ"ဟု ပြောဆိုကာ သေဆုံးသွား၏။

ဦးယွန်းလည်း သောကမီးတောက်ကိုဖြေရှင်းနိုင်သမျှ ဖြေဖျောက်ပြီး ဒေါ်အိဆန္ဒအတိုင်း ဓမ္မာရုံ တိုက်ကြီး ဆောက်လုပ်ရန် ချောင်ဆရာကြီးနှင့် တိုင်ပင်သည်။

ဓမ္မာရုံဆောက်ရန်အတွက် နေရာ ရွေးချယ်သော အခါ ဦးစံလှဘော် ဒေါ်အေးကြွယ် ဓမ္မာရုံဟောင်းကြီးနှင့် မလှတ်ပဲ ရှိနေသည်။ ဦးစံလှဘော်တို့ထံ ချောင် ဆ ရာ ကြီး ကိုယ်တိုင် အကျိုးအကြောင်းသွားပြောရာ "ဆရာကြီး ကြိုက်သလို သုံးပါ"ဟု ခွင့်ပြု ကျေနပ်ကြသည်။

ဓမ္မာရုံဆောက်လုပ်ရန်အတွက် ကန့်ထရိုက်တာကို လွှဲအပ်ဆောင်ရွက်စေသည်။ ၁၂၈၈ မှနှစ်တွင် ခန့်ငြား ထယ်ဝါသော ၇ ခန်း၊ ၆ ခန်း ဓမ္မာရုံတိုက်ကြီး ပြီးစီးလေသည်။

ဦးယွန်းသည် ချောင်ဆရာကြီးနှင့်တိုင်ပင်၍ ဓမ္မာရုံရေစက်ချပွဲကြီးကိုလည်း များစွာအကုန်အကျခံပြီးပြုလုပ်သည်။ သံဃာ

၁၀၀–ကျော်နှင့် သီလရှင် ၂၀၀–ကျော်တို့ကို ပင့်ဖိတ်သည်။ သံဃာ တပါးလျှင် သင်္ကန်း ဒုဝိစုံ၊ ထမီးတလက်၊ ဖိနပ်တရံ၊ ဝတ္ထုငွေ ၂၅ ကျပ်၊ သီလရှင်တပါးလျှင် ၅ ကျပ်စီ လှူဒါန်းသည်။

သွားလေသူ ခမ္မာရုံအမကြီး ဒေါ်အေဝိကို အတူး ရည်စူးကာ အမျှပေးဝေသည်။

(၂၇)

၁၂၈၉ ခုနှစ်တွင် ဖြစ်၏။

အရှေ့ဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော်ကြီးသည် သီဟိုဠ်ကျွန်းနှင့် မဇ္ဈိမဒေသသို့ တတိယအကြိမ် ကြွတော်မူသည်။ ခေမေသကချောင်ဆရာကြီး ဒေါ်မေခာဝတီနှင့် ဆရာတပည့်တစုလည်း ဘုရားဖူးလိုက်ပါသွားကြသည်။

ဆရာကြီးသည် ပဌမအကြိမ်ရောက်စဉ်က မည်သည့်ပစ္စည်းလှူရမည်ဆိုသည်ကို ကြည့်ရှုနားလည်ခဲ့၏။ ဒုတိယ အကြိမ်၌မူ ကတိုက်ကရိုက်ထသွားရသဖြင့် လှူချင်သည်ကို မလှူရချေ။ သို့ဖြစ်၍ တတိယအကြိမ် သွားရောက်သည့်အခါ လှူချင်သည့် ပစ္စည်းများကို အဆင်သင့်စီစဉ်ထားသည်။

၁၂၈၆ ခုနှစ် ဒုတိယ အခေါက် ပြန်ရောက် လာစဉ်က နွေရာသီ ရှမ်းပြည်တက်ပြီး ငွေခွက်များကို အလှူခံသည်။ ဆရာကြီးနောက်မှ ရှမ်းသီရှင်လေး ၂ ပါး ပါသည်။ သီဟိုဠ် တတိယအခေါက်သွားလျှင် ငွေမျက်နှာကျက်နှင့် ငွေဆင်ကြီး တကောင်လုပ်ပြီး လှူဒါန်းမည့် အကြောင်း ပြောပြရာ ရှမ်း

အမျိုးသား အမျိုးသမီးများက သဒ္ဒါတရားပေါက်၍ ငွေခွက်များကိုလှူကြသည်။အိတ်ငယ်များဖြင့်၅အိတ်ခန့်ရရှိလေသည်။
ရှမ်းပြည်မှအပြန် အရှေ့ဝိသုဒ္ဓါရုံတိုက်ဝင်ပြီး ဦးဇောတယထံ ငွေအိတ်တအိတ် အပ်ထားခဲ့သည်။

"ဒကာမကြီး ဒါ ဘာလုပ်ဖို့လဲ"

"တပည့်တော် အနိစ္စရောက်တော့ ငွေပြဿာဒ် လုပ်ပြီး သင်္ဂြိုဟ်ဖို့ပါဘုရား၊ အဲဒါ ဦးပဥ္စင်းကို တပည့်တော်မ အပ်ခဲ့ပါတယ်"ဟု လျှောက်ထားသည်။

ဆရာကြီး ဒေါ်မေဓာဝတီသည် ငွေခွက်အိတ် ၄ အိတ်ကို ငွေပန်းထိမ်ထံအပ်ပြီး ငွေမျက်နှာကျက်နှင့် ငွေဆင်ရုပ်တို့ကို ပြုလုပ်စေသည်။ သီဟိုဠ်သွားသောအပါ ၎င်းတို့ကို ယူသွားပြီး သီဟိုဠ် စွယ်တော်တိုက်တွင် လှူထားခဲ့လေသည်။

ထိုအခေါက်က ဆရာကြီးနှင့်အတူ သီလရှင် ၁၅ ပါးခန့် ပါသွားသည်။

## (၂၀)

ဆရာကြီး ဒေါ်မေဓာဝတီသည် အလှူအတန်း အလှန်ဝါသနာပါသည်။ "ဒါနမှာ မယ်မေဓာ"ဟု ထိုခေတ်က ဆိုရိုးပြုခဲ့သည်။

ရဟန်းခံထားသည့် ပုဂ္ဂိုလ်သုံးပါးရှိ၏။ မန္တလေး အရှေ့ဝိသုဒ္ဓါရုံ ဦးဇောတယ (ယခု ရွှေကျင် သာသနာပိုင် ဆရာတော်ကြီး) စစ်ကိုင်း မစိုးရိမ်မှတပါးနှင့် မိုးညှင်းဦးသုဇာတဖြစ်၏။ ဦးသုဇာတ ကိုကား သိမ်ထပ်ပေးခြင်း ဖြစ်သည်။

ဦးသုဇာတအား မိုးညှင်းချောင်နေရာကို ဆရာကြီး ဒေါ်မေ ခါဝတီကပင် လှူသည်။ ဦးသုဇာတသည် ၄၁ နှစ်တွင် ပျံလွန်တော်မူသွား၏။

ဆရာကြီး ဒေါ်မေခါဝတီသည် ကထိန် ၁၃ ကြိမ်ခင်းခဲ့ သည်။ နှစ်စဉ်မပျက် မွေးနေ့တိုင်း ကျွေးမွေး လှူဒါန်းသည်။

လှူရေးတန်းရေး၌ ဒေါ်ကုမ္မာရီက တိုင်းတိုင်း ထွာထွာ လုပ်လာလျှင် ဆရာကြီးက မကြိုက်၊ "ညည်းက တိုင်းတိုင်း ထွာထွာ လုပ်ချင်တာကိုး၊ ငါက ဒီလို မလုပ်ချင်ဘူး။ ရှိ ယင်စားမယ်၊ မရှိယင် ဖြစ်သလိုပဲ၊ သီလရှင် လုပ်နေမှတော့ များများရများများလှူမယ်၊ နည်းနည်းရယင်ကိုယ်တွက်ခြိုးခြံ၊ ဘုရားကိုစ္စ တရားကိုစ္စ သံဃာကိုစ္စအတွက် မငြိုငြင် စေ ရဘူး၊ ငါကတော့ လှူတန်း နေ ရ မယ် ဆို ယင် နေကောင်း ကျန်းမာလို့ ဝန်မလေးပေါင်"ဟု ဆရာကြီးက ပြောလေ့ ရှိသည်၊

ဆရာကြီး ဒေါ်မေခါဝတီလက်အောက်၌ သီလရှင်အပေါင်း ၇၀ ကျော်ရှိ၏။ ဒေါ်ကုမ္မာရီက တိုက်အုပ်အဖြစ်ဖြင့် လည်း ကောင်း၊ ဒေါ်သုမင္ဂလဝတီက တိုက်ကြပ်အဖြစ်ဖြင့်လည်းကောင်း ခဲမေသကချောင်ကြီးကို အုပ်ထိန်းစောင့်ရှောက်ကြ၏။

ထိုစဉ်က စာချဆရာများမှာ ဒေါ်ဂုဏဝတီ၊ ဒေါ်ဥာဏ ဝတီ၊ ဒေါ်ခေမာသီ၊ ဒေါ်နန္ဒစာရီ၊ ဒေါ်နန္ဒဝတီ၊ ဒေါ်ဝဏ္ဏဝတီ၊ ဒေါ်ဇာနဝတီဟူ၍ ခုနစ်ပါးရှိသည်။ ဆရာကြီးကိုယ်တိုင်ဦးစီး ပြီး စာပေပို့ချပေးရာ အကြီးအောင် သီလရှင် ခုနစ်ပါး၊ အလတ်အောင် ၁၀ ပါး၊ အငယ်အောင် ၂၀ကျော်ထွက်ပေါ်

လာခဲ့သည်။ ဆရာကြီးလက်ထက်က ခေမေသကချောင်၌ ဇရပ် ၂၇ ဆောင်နှင့် ကမ္မဋ္ဌာန်းကျောင်း ၁၀ကျောင်းခန့်ရှိသည်။

(၂၉)

၁၂၉၄ ခုနှစ်။

ဆရာကြီး၏ အသက်သည် ၇၀ တွင်းသို့ ရောက်လာသည်။ ကျန်းမာရေး များစွာ ချတ်ယွင်းမှုမရှိသော်လည်း အိုမင်းခြင်းကြောင့် အားအင်တွေ ကျဆင်းလာ၏။ နှစ်စဉ်ကဲ့သို့ပင် ၇၀ ပြည့်နှစ် မွေးနေ့ပွဲ၌ ကျွေးမွေးလှူဒါန်းသည်။ မွေး နေ့ ပြီး နောက် ပြာသိုလဆန်း ၁၀ ရက် အရောက်တွင် ဇရပ် ဆင်ဝင် အောက်၌ အိပ်ပျော်သွားစဉ် လေရောဂါက နှိပ်စက်လေတော့သည်။ ဆရာကြီးသည် လေရောဂါဒဏ်ကို သုံးရက်ခန့် အလူးအလိမ့်ခံရ၏။ပြာသိုလဆန်း ၁၂ရက်နေ့တွင် သူကိုယ်တိုင် တောချုံ ထွင်ကာ တည်ထောင်ခဲ့သည့် ခေမေသကချောင်ကြီးကို စွန့်ခွာသွားရရှာလေသည်။

ဆရာကြီး၏ အလောင်းကို ဓမ္မာရုံကြီးပေါ်တွင် ပြင်ဆင်ထားကြ၏။ မန္တလေးမြို့ အရှေ့ ဝိသုဒ္ဓါရုံတိုက် ကြေးမြင် ကျောင်းဘုန်းကြီး ဦးဇောတယ ကြွရောက် စီမံပေးသည်။ ဆရာကြီး ဆန္ဒအတိုင်း ငွေပြာသာဒ်လုပ်၍ ပြင်ဆင်ထားကြသည်။

တောင်ငူမှ မြို့ထောင့်ကျောင်း ဆရာတော်ကြီး ကြွရောက်တော် မူလာသည်။ ဇာတိရွာမှ ဆွေမျိုးအချို့လည်း ရောက်လာကြ၏။ မန္တလေးမှ ကြည်ညိုသူ ဒကာ-ဒကာမအများ ပြေးလာ

ကြ၏။ ဈာပနနေ့တွင် သီလရှင်လေးများက သံဝေဂဂါထာများ ရွတ်ဖတ်ကြသည်။ နောက်ဆုံး ကန်တော့ခြင်းဖြင့် ကန်တော့ကြ၏။ ပင့်သံဃာ ၁၀၀ကျော် ကြွရောက်ချီးမြှောက်ကြပြီး သီလရှင် ၇၀၀ကျော် လိုက်ပါပို့ဆောင်ကြသည်။

ဆရာကြီး၏ ရုပ်ကလာပ်ကို "လွှမ်းစေတီ"အနီးတွင် ဂူသွင်းမြှုပ်နှံလိုက်ကြ၏။

"ခေမေသကချောင် ဆရာကြီး"
(အသက် ၇၀)

ဟူသော ကမ္ပည်းစာတန်းကိုလည်း ထိုးနှံထားသည်။

"ဆရာကြီး၏ ဩဝါဒများ"

"ငါ့သမီးတို့ ကောင်းကောင်းနေကြပါ၊ ကောင်းကောင်းနေမှ ဘုရားသမီးတော် ပီသမယ်၊ ငါ့သမီးလဲ ဖြစ်မယ်"

"လိမ်မာမှ ဘုရားလဲ ကြိုက်မယ်၊ ငါလဲ ကြိုက်တယ်၊ ဒါကြောင့် လိမ်မာကြပါ"

"ဘုရားက ကျေးထားလို့ ချမ်းချမ်းသာသာ စားနေကြရတာ မဖောက်ပြန်ကြနဲ့"

"ငါတို့မှာ ညောင်ပင်သာက ထွက်လာပြီး ခက်ခက်ခဲခဲ ပညာသင်ခဲ့ရတာ ညည်းတို့မှာကုသိုလ်ရှိလို့သူများဆောက်ပြီး ဇရပ်ပေါ် အသာတကန်နေ အလွယ်တကူ ပညာသင်ကြရတယ်။

"စာသင်တယ်၊ စာတတ်တယ်ဆိုတာ ကိုယ့်အလုပ်ပဲ၊ ဂုဏ်မစေလးကြပါနဲ့"

# ဒုတိယချောင် ဆရာကြီး
# ဒေါ်ကုမ္မာရီ
# (၁၂၂၈-၁၃၂၃)


## (၁)

တောင်ငူမြို့ မြို့ထောင့်စေတီ၏ အနောက်ဘက် မလှမ်းမကမ်းတွင် ကျွန်းတောကုန်းခေါ် ရွာတရွာရှိသည်။ ထိုရွာ၌ လယ်သမား အများစု နေထိုင်ကြ၍ စပါးကို အဓိကထား စိုက်ပျိုးကြသည်။

၎င်းကျွန်းတောကုန်းရွာသည် ခေမေသကချောင် တိုက်အုပ် ဆရာကြီးအဖြစ်ဖြင့်လည်းကောင်း၊ ဒုတိယချောင်ဆရာကြီးအဖြစ်ဖြင့်လည်းကောင်း အုပ်ချုပ်နေထိုင်သွားသည့် ဆရာကြီး ဒေါ်ကုမ္မာရီ၏ ဇာတိရွာပင် ဖြစ်သည်။

ဆရာကြီး ဒေါ်ကုမ္မာရီ၏ ငယ်နာမည်မှာ မရွှေညိုဖြစ်သည်။ မောင်ဘိုးမှူး၊ မောင်ဘိုးယုံ အကိုနှစ်ယောက်၊ မအေးကြွယ်ခေါ် ညီမငယ်တယောက်၊ အားလုံးမွေးချင်း လေးယောက်ရှိသည်။

တောင်ငူမြို့
မြို့ဒေါင့်ကျောင်း ဆရာတော်ကြီး၏မယ်တော်



ဒုတိယချောင် ဆရာကြီး ဒေါ်ကုမ္ဗာရီ
အသက် ၈၅

မိဘနှစ်ပါးမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြပြီး မြို့ထောင့်ကျောင်း၌ ကျောင်းတဲဆောင် ဆောက်လုပ်လှူဒါန်းထားကြသည်။ တလလေးကြိမ် ကျောင်းသွား၍ ဥပုသ်သီတင်းမပြတ် ဆောက်တည်လေ့ရှိကြောင်း၊ ဆွမ်းဟင်း၊ ဆွမ်း၊ အမြဲတန်း ပို့လှူကြ၏။

"အမေတို့ အဖေတို့ မရှိတဲ့နောက်လဲ ကျောင်းနဲ့ အဆက်မပြတ်စေနဲ့၊ ဆွမ်းဝတ်မပျက်ကြစေနဲ့"ဟု သားသမီးများကို မကြာခဏ ပြောကြားလေ့ရှိသည်။

(၂)

မိဘနှစ်ပါးက သူတို့ မျက်စိမှိတ်မသွားမီ သားသမီးများကို နေရာချပေးရန် စီမံကြ၏။ မောင်ဘိုးမူကို ဖြူးမြို့မှ အမျိုးသမီးကလေးတဦးနှင့် အိမ်ထောင်ချပေးသည်၊ မောင်ဘိုးယုံကို ကျွန်းတောကုန်းရွာသူတဦးနှင့် အိမ်ထောင်ချပေးသည်။

သမီးအကြီး မရွှေဥအတွက် တောင်ငူမြို့ဈေး၌ ဆိုင်တခန်း ဝယ်ယူပြီး အထည်အလိပ် ရောင်းချစေသည်။ သမီး အငယ် မအေးကြွယ်ကိုမူ အိမ်မှာပင် နေစေ၍ ဖွားအေကြီးကို ပြုစုစေသည်။

မိဘ ဘိုးဘွားများ ကွယ်လွန် သွားသောအခါ ညီအမနှစ်ဦးကို ဝမ်းကွဲအမျိုးများက စောင့်ရှောက်ကြသည်။ညီအမနှစ်ယောက် အတူနေကြပြီး အမကြီးက ဈေးရောင်း၊ညီမက အိမ်စောင့် ထမင်းချက်၊ ကိုယ့်တာဝန်ကိုယ် ဆောင်ရွက်သည်။ ချစ်ချစ်ခင်ခင်နေကြသည်။ အိမ်ထောင်နှင့် အကိုနှစ်ယောက်က

လည်း နှမများအပေါ် ကြင်နာကြ၏။ စောင့်ရှောက် ကူညီကြ၏။

## (၃)

### မရွှေဥက ၁၈နှစ်အရွယ်၊ မအေးကြွယ်က ၁၅နှစ်အရွယ်၊

တနေ့သောအခါတွင်ဖြစ်၏။ မရွှေဥ ဈေးရောင်းသွားနေစဉ်၊ မအေးကြွယ်သည် အိမ်နီးအဖော်များနှင့်အတူ ရေချိုးလိုက်သွား၏။ အဖော်များနှင့်အတူ ရေကူးကစားယင်း မအေးကြွယ်ခမျာ ရေနစ်သေဆုံးသွားခဲ့ရှာသည်။

ညီမ၏သတင်းကို ကြားလိုက်ရသောအခါ မရွှေဥမှာ အရူးတပိုင်း ဖြစ်သွားရှာသည်။ ဆိုင်ပစ်ပြီး ညီမရေနစ်ရာသို့ ပြေးသွားလေ၏။ အလောင်းတွေ့ရသောအခါ တက်မတတ် ဖက်၍ ငိုလိုက်သည်။

အကိုလုပ်သူများက မရွှေဥထက် အရင်ရောက်နှင့် နေကြ၏။ "ငါ့နှမရယ်... ငိုမနေပါနဲ့တော့ သူ့ဘဝက ဒါနဲ့ပါလာတာ ဘယ်တတ်နိုင်ပါ့မလဲ"ဟု ဝိုင်းပြီး တရားချကြသည်။

ညီမဖြစ်သူ မအေးကြွယ်၏ အလောင်းကို ထုံးစံအတိုင်း သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်လိုက်ကြ၏။ ဆွေမျိုး မိတ်သင်္ဂဟများက ဝိုင်းဝန်းကူညီကြသည်။

မရွှေဥသည် အသုဘကိစ္စပြီးသောအခါ လူ့ဘဝတွင် မနေချင်သောကြောင့် သီလရှင် ဝတ်ချင်ကြောင်း အကိုများအား ပြောသည်။ ငါ့နှမ ပြောတဲ့အကြံ ကောင်းတယ်၊ အကိုတို့မှာ

အိမ်ထောင်ပြုမိလို့ ဒုက္ခတွေ များလိုက်တာ သားကျွေးမှု၊ မယားကျွေးမှုနဲ့ ရှာရဖွေရနဲ့ အားရ နားရတယ် မရှိဘူး၊ ဒါနဲ့ပဲ အချိန်ကုန်နေရတယ်၊ ဘာမှ အသုံးမကျဘူး၊ ငါ့နှမ သီလရှင် ဝတ်မယ်ဆိုတော့ အကိုတို့က ပိုပြီး သဘောကျတာ ပေါ့''ဟု ပြောဆိုကြသည်။

(၄)

မရွှေဥသည် ညီမလေးဆုံးသွားသည့်အချိန် ဆိုင်ကို လုံးဝ ပြန်မကြည့်နိုင်။ ဆိုင်နီးချင်းလည်းဖြစ်၊ မိတ်ဆွေရင်းလည်းဖြစ်သူ မရင်က ကြည့်ရှုရောင်းချပေးသည်

အသုဘကိစ္စ ပြီးသောအခါ မရွှေဥက ဆိုင်ကို ရောင်းလိုက် ပြီး သီလရှင်ဝတ်တော့မည့်အကြောင်း မရင်အား ပြောသည်။ ဝယ်လိုသူရှိက စပ်ပေးပါရန်လည်း မှာကြားသည်။

''ဒီလိုဆို ငါ့မှာ ညီမ မသန်းမေ ရှိပါတယ်၊ သူ့ဘို့ငါဝယ် ပါမယ်၊ ညည်းလဲ မနာရအောင် ငါ့လဲ မများ ရအောင်ပေါ့၊ နှစ်ထောင်ပေးမယ်အေ၊ ကျေနပ်ကဲ့လား'' ဟု မရင်က ဈေး ဖြတ်ပေးသည်။

''ကိုယ်က ရောင်းချင်တာ ဘယ်လောက်ရရ ရောင်းမှာပဲ၊ လောကီဘောင် မနေချင်လို့ သွားတာ နည်းတယ် များတယ် မအောက်မေ့ပါဘူး၊ လှူဘို့ တန်းဘို့ရ ပြီးတာပါပဲ''

''ညည်း-ကျေနပ်ယင် ပြီးတာပါပဲအေ၊ ငါကလဲ ညည်းကို ကိုယ့်ညီမလေးလို သဘောထားတာပါပဲ၊ ကဲ-ရော့နှစ်ထောင်၊ ငါလဲ ညည်းသွားတော့ ပျင်းနေရစ်တော့မှာပါပဲအေ''

မရွှေဥသည် ဆိုင်းရောင်းခ ငွေနှစ်ထောင်ပဲကိုယူပြီး အိမ်ပြန်လာခဲ့၏။ တူမ ဝမ်းကွဲတော်သူ ၁၃ နှစ်အရွယ် မရွှေကလဲ "ကြီးကြီးနဲ့လိုက်ပြီး အတူ သီလရှင်ဝတ်မယ်" ဟု ပြောထားသည်။ သို့ဖြစ်၍ တူမငယ် မရွှေကိုခေါ်ပြီး မြို့ထောင့်ကျောင်းသို့ ထွက်လာခဲ့သည်။

မြို့ထောင့်ဆရာတော်ကြီးအား အကျိုးအကြောင်းလျှောက်ပြီး တပတ်ခန့် လူဝတ်ဖြင့် ဥပုသ်စောင့်နေကြ၏။

(၅)

၁၂၄၇ ခုနှစ် တပို့တွဲလဆန်း ၈ ရက်နေ့တွင် မရွှေဥနှင့် တူမ မရွှေကိုသည် မြို့ထောင့် ဆရာတော်ကြီးထံ သီလရှင် ဝတ်လိုက်ကြ၏။ သီလရှင်ဝတ်သည့်နေ့မှာ မရွှေဥ၏ မွေးနေ့ဖြစ်၍ သံဃာတော်များကို ပင့်ပြီး ဆွမ်းကပ်ကာ လှူဖွယ်များကို လှူဒါန်းသည်။

သီလရှင်ဝတ်ပြီးနောက် မြို့ထောင့်ဆရာတော်ကြီးက "နင်က ဘာနေ့ သမီးလဲ" ဟု မေးရာ "တပည့်တော်မက တနင်္လာ သမီးပါ၊ တူမလေးက ဗုဒ္ဓဟူး သမီးပါ" ဟု မရွှေဥက လျှောက်ထားသည်။ "အေး-ကောင်းပြီ၊ မရွှေဥက မကုမ္မာရီ ဟုတ်လား၊ မရွှေက မဟာမာရီ၊ ကဲ—ကိုယ့်ဘွဲ့ကိုယ် မှတ်ထားကြ၊ သီလရှင်ဖြစ်လာတော့ စာသင်တာမှ ကောင်းတယ်၊ စာလဲ သင်ရမယ်" ဟု မြို့ထောင့် ဆရာတော်ကြီးက အမိန့်ရှိသည်။

ထိုစဉ်က မြို့ထောင့်ကျောင်း၌ သံဃာတော်များအား ဆွမ်းချက် ကပ်နေသည့် ဒကာကြီးသုံးယောက်ရှိ၏။ ဆရာတော်ကြီးက မကုမ္မာရီတို့ကို အဆိုပါ ဒကာကြီ သုံးယောက်အား အပ်နှင်း၍ ထိန်းသိမ်းစောင့်ရှောက်စေ၏။

"သီလရှင်လေးတွေက ငယ်ရွယ်သူတွေ ဖြစ်တော့ နေကာထိုင်တာ သွားတာ လာတာမှအစ အထူး ဂရုစိုက်ပြီး စောင့်ရှောက်ကြပါ၊ ကိုယ့်ရင်သွေး သမီးကလေးတွေလို အောက်မေ့ပြီး ဆုံးမကြ၊ ထမင်းချက် ဟင်းချက် သူတို့ကို မခိုင်းကြနဲ့၊ ငယ်ရွယ်သူတွေ စာသင်ကြပါစေ"

မြို့ထောင့် ဆရာတော်ကြီးကိုယ်တွင် မကုမ္မာရီတို့ကို စာသင်ပေးသည်။ ဘုံးကလေး ခေါက်လိုက်သောအခါ စာတက်သွားကြရ၏။ ပထမနေ့တွင် ဆရာတော်ကြီးက "နှင်တို့ လေးကီ အတန်း နေခဲ့ဘူးသလား" မေးရာ "နေခဲ့ဘူးကြောင်း" လျှောက်ကြ၏။ "ပရိတ်ကြီးကော....သင်ခဲ့ဘူးရဲ့လား" အဖေ ရှိတုန်းက မေတ္တသုတ်နဲ့ မေတ္တာပို့ ချပေးဘူးပါတယ်ဘုရား"

"အေး-အေး....ဒီလိုဆို ပရိတ်ကြီးကစပြီး ချပေးရတာပေါ့" မြို့ကောင့် ဆရာတော်ကြီးသည် မကုမ္မာရီအား ပရိတ်ကြီးကို ချပေးသည် ပရိတ်ကြီး ဘုန်းသောအခါ ဓမ္မစကြာ အနတ္တလက္ခဏာသုတ်၊ အာဒိတ္တသုတ်၊ မဟာသတိပဋ္ဌာနသုတ်၊ ပဋ္ဌာန်း ၂၄ ပစ္စည်း၊ ပါဠိအနက်၊ တခုပြီးတခု ပို့ချပေးသည်။ သဒ္ဒါ သံခိပ်၊ သင်္ဂဟသံပေါက်နှင့် ဆုံးမစာအတိုအထွာများကိုလည်း သင်ပေးသည်။

မဟောမာရီကို မကုမ္မာရီက တဆင့် သင်ပေးရသည်။ မဟောမာရီကို သူနဲ့ တော်ရာကြည့်ပြီး နင်က သင်ပေးလိုက်၊ ငါ့မှာလဲ ဦးပဉ္စင်းတွေ ကိုရင်တွေ စာသင်ပေးရနဲ့ အချိန်မရဘူးဟု ဆရာတော်ကြီးက အမိန့်ရှိသည်။

(၆)

၁၂၄၅ခုနှစ် နယုန်လတွင်ဖြစ်၏။ သီလရှင် လေးပါးနှင့် လူဝတ်ကြောင် အမျိုးသမီးတဦးတို့ မြို့ထောင့် ကျောင်းသို့ ရောက်လာကြ၏။ မကုမ္မာရီက အမအရွယ်ရှိ သီလရှင်လေးကို မြင်လျှင်မြင်ချင်း ခင်မင်စွာ ဆီးကြိုသည်။ ထိုသီလရှင်လေးမှာ ညောင်ပင်သာရွာမှ မမေဓာဝတီဖြစ်သည်။

မကုမ္မာရီသည် မမေဓာဝတီနှင့်အတူ တောင်ငူ၌ ငါးနှစ်ခန့် နေထိုင်သည်၊ ၁၂၅၀ပြည့်နှစ်တွင် မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက် အပြင်ဇရပ်သို့ ပြောင်းရွှေ့နေထိုင်သည်။ မန္တလေးမြို့၌ ၁၆နှစ်ကြာသည်။

၁၂၆၇=ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ ရွှေ့ပြောင်းပြီး မမေဓာဝတီနှင့်အတူ ခေမေသကချောင်ကြီးကိုထူထောင်သည်။ မကုမ္မာရီသည် ခေမေသကချောင် တိုက်အုပ်ဆရာ အဖြစ်ဖြင့် ၂၇နှစ်တိုင်တိုင် စောင့်ရှောက်ခဲ့သည်။

မကုမ္မာရီသည် ချောင်ဆရာ ဒေါ်မေဓာဝတီနှင့် တွဲဖက်၍ အားကြိုးမာန်တက် သာသနာ့ ကိစ္စကို ဆောင်ရွက်ခဲ့သည်။ သီလရှင်လေးတွေ အနေအထိုင်ပိပြားသေဝပ်အောင် ပညာရည်

ဘိုးတက်အောင် ပဲ့ပြင်ဆုံးမသည်။ ချောင်ဆရာနှင့် တိုက်အုပ်၊ ဘိုက်ကြပ်၊ ဆရာကြီးများ လက်တွဲညီညီ ဆောင်ရွက်ခဲ့သော ကြောင့် ခေမေသကချောင်ကြီးသည် အဘက်ဘက်မှ တိုးတက် လာခဲ့ရပေသည်။

(၇)

၁၂၉၄ ခုနှစ်တွင် ခေမေသကချောင်ဆရာကြီး ဒေါ်မေဓာ ဝတီ ကွယ်လွန်အနိစ္စ ရောက်သွားလေ၏။ ဆရာရင်းဖြစ်သော တောင်ငူ မြို့ထောင့်ကျောင်း ဆရာတော်ကြီးထံ အကြောင်း ကြား လျှောက်ထားလိုက်သဖြင့် ဆရာတော်ကြီးကိုယ်တော်တိုင် ကြွတော်မူလာသည်။ မြို့ထောင့်ဆရာတော်ကြီးသည် ခေမေသက ချောင် အထက်ထပ် ပဲခူး ဂူချောင်၌ ခေတ္တ သီတင်းသုံးတော် မူသည်။

ချောင်ဆရာကြီး၏ ဈာပနကိစ္စပြီးစီးသောအခါ မြို့ထောင့် ဆရာတော်ကြီးက မစိုးရိမ်ဘုန်းကြီး (ဦးပညာဇောတ)၊ သိမ် ကြီး ဘုန်းကြီး၊ အနီးစခန်း ဘုန်းကြီးတို့ကို အပင့် ခိုင်းလိုက် သည်။

ဘုန်းကြီးသုံးပါး ရောက်လာသောအခါ မြို့ထောင့် ဆရာ တော်ကြီး ဤသို့ အမိန့်ရှိသည်။ "ဘုန်းကြီးတို့ကို အပင့် ခိုင်း တာ တခြားမဟုတ်ပါဘူး၊ တို့လဲ အသက်အရွယ်ကြီးပြီ၊ တနေ ရာနဲ့ တနေရာ သွားဘို့ လာဘို့ဆိုတာ သိပ်မလွယ်တော့ဘူး၊ ချောင်ဆရာ မေဓာဝတီဆုံးသွားတော့ ကုမ္မာရီကို ချောင်ဆရာ အဖြစ် တင်ဘို့ပဲ၊ ကုမ္မာရီက ဘိုတပည့်ရင်းဖြစ်နေတော့ သံယော ဇဉ် မကင်းဘူး"

"အဲဒီတော့ ဘုန်းကြီးတို့ သုံးပါးကပဲ ဒီချောင်ကို တို့ ကိုယ်စား ကြည့်ရှုစောင့်ရှောက်ကြပါ၊ တို့က ဘုန်းကြီးတို့ သုံးပါးကို ကြည့်ရှုစောင့်ရှောက်ဘို့ အပ်နှင်းပါတယ်၊ "ဆရာတော်ဘုရားအမိန့်တိုင်း တပည့်တော်များကြည့်ရှုစောင့်ရှောက်ကြပါမည် ဘုရား"

မစိုးရိမ်ဘုန်းကြီးနှင့် သိမ်ကြီးဘုန်းကြီးတို့က ဆက်လျှောက်ကြသည်။ "ဆရာတော်ဘုရား အနီးစခန်းဘုန်းကြီးက ခေမေသကချောင်မှာ ရဟန်းအမကြီး ရှိလေတော့ ပိုပြီး ရင်းနှီးပါတယ်။ အနီးစခန်း ဘုန်းကြီးနဲ့ပဲ သင့်လျော်ပါတယ်။ တပည့်တော်များကတော့ ဘေးကနေပြီး ဝိုင်းဝန်းစောင့်ရှောက်ကြပါမယ် ဘုရား"

"ဒီလိုဆိုလဲ ကောင်းပါတယ်လေ" ဟု ဆရာတော်ကြီးက အမိန့်ရှိသည်။ ထို့နောက် အနီးစခန်း ဘုန်းကြီးက "တပည့်တော် တခုလျှောက်ပါရစေ"ဟု ခွင့်တောင်းရာ "လျှောက်ဗျ" ဟု ဆရာတော်ကြီးက ခွင့်ပေးသည်။ "မဟာဂန္ဓာရုံဆရာတော်ကြီး လက်ထက်တုန်းကတော့ ချောင်မှာ နာယက တိုက်အုပ်တိုက်ကြပ် ထားပါတယ်။ ကနေ့ခေတ်တော့ ချောင်ဆရာအောက်က နာယကဆရာ ခြောက်ပါးလောက်ခန့်ထားယင် ပိုကောင်းမယ် ထင်ပါတယ် ဘုရား"

"တို့က အနီးစခန်းဘုန်းကြီးကို လွှဲထားပြီးပြီပဲ၊ ကောင်းမယ် ထင်သလို စီစဉ်ပေါ့"

ထိုအခါအနီးစခန်းဘုန်းကြီးက ဒေါ်နန္ဒဝတီ၊ ဒေါ်နန္ဒစာရီ၊ ဒေါ်ချာနဝတီ၊ ဒေါ်ဟေမမာလာ၊ မနန္ဒာရီ၊ မသုခမ္မစာရီ

တို့ ၆ ယောက်ကိုခေါ်ခိုင်းလိုက်ပြီး ဒေါ်ကုမ္မာရီလက်အောက် မှနေ၍ ခေမေသကချောင်ကို စောင့်ရှောက်ရန် နာယကဆရာ များအဖြစ် ခန့်ထားလိုက်သည်။

ထိုနောက် မြို့ထောင့် ဆရာတော်ကြီးက ဩဝါဒပေးတော် မူသည်။ "ဟောဒီ ဘုန်းကြီးသုံးပါးဆုံးမတာကို အစစအရာရာ နာယူကြရမယ်၊ ကုမ္မာရီကလည်း ချောင်ဆရာကြီး လုပ်ပြီး မပြောချင်ဘူး မဆုံးမချင်ဘူး မလုပ်နဲ့၊ ပြောစရာရှိပြောရမယ်၊ ဆုံးမစရာရှိဆုံးမရမယ်၊ နာယကဆရာ ၆ ပါးကလည်း ချောင် ဆရာကြီးရဲ့ အဆုံးအမတိုင်း လူငယ်တွေကို ထိန်းသိမ်းစောင့် ရှောက်ကြ"

(ဂ)

တောင်ငူမြို့ မြို့ထောင့်ကျောင်းဆရာတော်ကြီးသည်စစ်ကိုင်း မှ ပြန်ရောက်ပြီးနောက် တလခန့် အကြာတွင် ပျံလွန်တော်မူ သည်။ ဆရာတော်ကြီး ပျံလွန်တော်မူကြောင်း ဒေါ်ကုမ္မာရီ ထံ ကြေးနန်းစာရောက်လာသည်။ ဒေါ်ကုမ္မာရီသည် တပည့် သီလရှင်အချို့ကိုခေါ်၍ တောင်ငူသို့ အမြန်လိုက်သွားသည်။

ဆရာတော်ကြီး၏ ဈာပနကို ရက်အနည်းငယ် အတွင်းမှာ ပင်ပြုလုပ်ကြသည်။ တောရမြို့ပါ ပရိသတ်များ စည်ကား ပြည့်နှက်နေ၏။ မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက်မှ စည်ရှင် ဆရာ တော်နှင့် နောက်ပါတပည့်များလည်း ကြွရောက်လာကြသည်။

ဒေါ်ကုမ္မာရီသည် မိမိတတ်နိုင်သမျှ ဆရာတော်ကြီး၏ ဈာပနတွင် ကုသိုလ် ပါဝင်လှူဒါန်းပြီး ဆရာတော်ကြီးကို နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်သည်။ မြို့ထောင့်ဆရာတော်ကြီး၏ဈာပနပွဲ၌ ပင့်သံဃာ ၁၀၀ကျော်ပင့်သည်၊ သံဃာ ၁၅၀ ပင့်ပြီး ရက်လည်ဆွမ်းကပ်သည်။ သင်္ကန်း၊ ထီး၊ ဖိနပ်နှင့် အနာမာသ ဝတ္ထုငွေတို့ကို လှူဒါန်းသည်။

ဒေါ်ကုမ္မာရီသည်ဈာပနပြီးဆုံးပြီးနောက် တောင်ငူ၌ ၂လ ကျော် ၃ လနီးပါး နေထိုင်ခဲ့သည်။ မောင်ဖြစ်သူ ဦးဖိုးရှိန်နှင့် တူ-တူမများက "ရောက်တုန်းရောက်ခိုက် ၂ လ ၃ လ နေပါအုံး" ဝိုင်းတားကြသည်။

တောင်ငူ၌ နှစ်လကျော်ကျော်နေပြီးနောက် ဖြူးသို့ခေတ္တသွားရောက်နေထိုင်ကာစစ်ကိုင်းသို့ပြန်လာခဲ့သည်။ ဒေါ်ကုမ္မာရီ ပြန်ရောက်သောအခါ သီလရှင်ကလေးများက ဆီးကြိုကြ၏။

"ငါမရှိတုန်း အနီးစခန်း ဆရာတော်ကို အပ်ထားခဲ့တာ ဘာများအပြစ်တွေ ပေါ်သေးလဲ"ဟု ဒေါ်ကုမ္မာရီက မေးသည်။ "ဘာအပြစ်မှ မပေါ်ပါဘုရား" သီလရှင်လေးများက ဖြေကြသည်။ "အေးအေး ကောင်း၊ ကောင်းပါလေ့တော်၊ ကောင်းပါလေ့တော်၊ အပြစ်ပေါ်ယင် မလွယ်သူး၊" "တင်ပါ့ဘုရား၊ ဆရာတော်ဘုရားက သီလရှင်တွေ ခေါ်ပြီး ဆုံးမပါတယ်ဘုရား၊ နင်တို့ချောင်ကို ငါ စောင့်ရှောက်နေတယ် ဆိုတာ အများသိတယ်၊ ငါ့ကိုတော့ နာမည် မဖျက်ကြနဲ့၊ ကောင်းကောင်းနေနိုင်နေကြ၊ မနေနိုင်ယင် စောစောကတည်းက ကျောင်းကြဲပေတော့"

(၉)

ဒေါ်ကုမ္မာရီသည် ခေမေသကချောင်၌ ကိုယ်ပိုင်ဇရပ်တွင် နေထိုင်သည်။ ဒေါ်ကုမ္မာရီ၏ ဇရပ်ကို ဦးကြီး တော်စပ်သူ တောင်ငူမှ ဦးတောညိုက ဆောက်လုပ် လှူဒါန်းခဲ့လေသည်။ ၄ ခန်း ၅ ခန်း နှစ်ထပ်၊ အောက်ထပ် နံရံကပ်၊ အပေါ်ထပ် ပျဉ်ထောင်ကာ ကပ်မိုး၊ ထိုခေတ်တန်ဖိုးဖြင့် ငါးထောင်နီးပါး ကုန်ကျသည်။

ဒေါ်ကုမ္မာရီသည် သဒ္ဓါတရားကောင်းသည်။ အလုပ်အကိုင် အစီအမံ စေ့စပ် သေချာသည်။ ဒေါ်မေဓာဝတီနှင့် အတူ သီဟိုဠ်၊ အိန္ဒိယသို့ ဘုရားဖူးနှစ်ခေါက် ရောက်ခဲ့သည်။

အသက်အရွယ်ကြီးသောအခါ နွေရာသီတွင် တလနှစ်လခန့် တောင်ငူသို့ သွားရောက်နေထိုင်သည်။ မိုးကျ၍အေးသောအခါ မှ စစ်ကိုင်းတောင်သို့ပြန်လာသည်။ တောင်ငူ သွားကာနီးတိုင်း သီလရှင်လေးများအား "ငါမရှိတုန်း နေချင်သလိုမနေကြနဲ့၊ ငါက အနီးစခန်းဆရာတော်ကို အပ်ထားခဲ့မှာ၊ ညည်းတို့မဟုတ် တာလုပ်ယင် ဆရာတော်က ဆုံးမလိမ့်မယ်၊ ကာယကံ ဝစီကံ၊ ကြပ်ကြပ်ထိန်းသိမ်းကြ၊ ကိုယ်ကောင်းလျှင် ဘာမှ ပြောစရာ မလိုဘူး၊ အနေအထိုင် အသွားအလာဆင်ခြင်ကြ၊ လိမ်လိမ်မာ မာ နေကြ"ဟု မှာကြားသွားလေ့ရှိသည်။

(၁၀)

၁၃၂၃ ခု။

ဆရာကြီး ဒေါ်ကုမ္မာရီအသက်သည် ၉၅ နှစ်သို့ ရောက်လာ

၏။ ပင်ကိုယ်ကျန်းမာရေးကောင်းသော်လည်း ခန္ဓာကိုယ်မှာ ရင့်ရော်ပုပ်မဲနေသောသစ်သီးနှင့်တူနေပေသည်။ လေတချက်တို့လျှင် အလွယ်တကူကျွေကျပြီး မြေခမည့် အခြေမျိုးဖြစ်သည်။

ဆောင်းကုန်၍ နွေကူးအံ့ဆဲဆဲ တပေါင်းလသည် အေးချည် ပူလှည့်ဖြင့် လူအိုလူမင်းများကို ခနဲ့တတ်သည်။ အမှည့်ချွေ ချွေတတ်သည်။ တပေါင်းလဆန်း ၆ ရက်နေ့တွင် အသက် ၉၅ နှစ်အရွယ်ရှိ ဒေါ်ကုမ္မာရီသည် အမှည့်ကြွေ ကြွေခဲ့ရရှာပေပြီ။

ဆရာကြီးဆုံးသွားသောအခါ အနီးစခန်း ဆရာတော်ကို သွားပင့်ကြသည်။ ဆရာတော်ချက်ချင်းပင်ကြွလာပြီး လုပ်စရာရှိသမျှကို စီမံညွှန်ကြားသည်။ မချောနုဝတီကို ခေါ်ပြီး အနီးစခန်းဆရာတော်က မေးတော်မူသည်။

"ဆရာကြီးက မဆုံးခင် ဘာများ မှာ သွား သေး သလဲ၊ "ငါသေယင် ငါ့မှာ ငွေနှစ်ထောင်ရှိတယ်။ ညည်းဆီအပ်ထားတဲ့ တထောင်နဲ့ ဆိုယင် သုံးထောင်ပေါ့၊ ဆရာတော်နဲ့ တိုင်ပင်ပြီး ငါ့ချောပနဆောင်ရွက်ပါ၊ ပြီးတော့ ဂါထာတွေ၊ ကဗျာတွေ ရွတ်ကြ ဖတ်ကြ မလုပ်ကြပါနဲ့တဲ့၊ တောင်ငူက မောင်ထံကြေးနန်းရိုက်လိုက်ပါ၊ အ သျှယ်မခွဲကြနဲ့၊ ကျဉ်းကျဉ်းနဲ့ ပြီးအောင် စီမံကြ လို့ မှာသွားပါတယ်ဘုရား"

"ဒါပဲလား" ပြီးတော့ ရှိပါသေးတယ်ဘုရား၊ ချောင်ဂရံစာချုပ်ကို ညည်းအပ်လိုက်တယ်၊ မဂုဏဝတီကို ချောင်ဆရာတင်လိုက်ပါ၊ သူကတော့ မပြောတတ် မဆိုတတ်ဖူး၊ အေးအေးပဲ နေတတ်တယ်၊ ညည်းကပဲ သူ့ကိုယ်စား အစစ

အရာရာ ပြောဆိုစောင့်ရှောက်ပါ၊ ငါသေယင် ငါ့ကိစ္စအတွက် ချောင်ထဲငွေမခွဲပါနဲ့ လို့ လဲ မှာသွားပါတယ်ဘုရား။

"ဆရာကြီးက မခွဲပါနဲ့ ဆိုပေမယ့် ငါ့အနေနဲ့ ပြောရမဲ့ ဝတ္တရားရှိတယ်၊ တချောင်လုံး ခေါ်လိုက်"

အနီးစခန်းဆရာတော်အမိန့်အရ သံချောင်းခေါက်ပြီး သီလရှင် အားလုံးကို ဓမ္မာရုံကြီးပေါ်တွင် စုဝေးစေသည်။ အားလုံး စုံညီသောအခါ အနီးစခန်းဆရာတော်က "ခု ချောင်ဆရာကြီး ကိစ္စအတွက် တပည့်တွေအနေနဲ့ ဝတ္တရားရှိတယ်။ နောက်ဆုံး ကိစ္စမို့ မလုပ်လိုက်ရ မရှိစေကြနဲ့၊ ကိုယ့် ဆ ရာ သ မား အား တတ်နိုင်သမျှ ပူဇော်နိုင်ခွင့် ရှိတယ်"ဟု အမိန့်ရှိတော်မူသည်။

သီလရှင်များက "တပည့်တော်များလဲ တတ်အားသမျှ လှူဘို့ ရည်မှန်းထားကြပါတယ်ဘုရား"ဟု လျှောက်ထားပြီး ဝိုင်းဝန်းလှူကြရာ ဝတ္ထုငွေ သုံးရာကျော်ရရှိသည်။

ဆရာကြီး ဒေါ်ကုမ္မာရီ၏ ရုပ်ကလာပ်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပပြီး ဂူသွင်းသဂြိုဟ်လိုက်ကြ၏။ ပင့် သံဃာအား (၁၀)ကျပ်စီ၊ သီလရှင်တထောင်ကျော်အား တကျပ်စီလှူဒါန်း သည်။

ဒေါ်ကုမ္မာရီ၏ လက်ထက်တွင် ခေမေသကချောင်၌ သီလ ရှင် တရာကျော်ရှိသည်။ ပထမငယ်တန်းအောင် သီလရှင်(၁၀) ပါး၊ အလတ်တန်းအောင်(၁၀)ပါး၊ အကြီးတန်းအောင်(၅) ပါး၊ ဓမ္မာစရိယအောင်(၃)ပါးနှင့် ပထမကျော်သီလရှင်(၁) ပါးတို့ ထွက်ပေါ်ခဲ့သည်။

★

## တတိယချောင်ဆရာကြီး
## ဒေါ်ဂုဏဝတီ

(၁၂၅၂ )

ဒုတိယချောင်ဆရာကြီး ဒေါ်ကုမ္မာရီ ကွယ်လွန်သွားသော အခါ တတိယချောင်ဆရာအဖြစ် ဆက်လက် အုပ်ချုပ်လျက် ရှိသူမှာ ဆရာကြီး ဒေါ်ဂုဏဝတီဖြစ်သည်။ ဒေါ်ဂုဏဝတီ၏ အတ္ထုပ္ပတ္တိကား ဤသို့တည်း....

(၁)

မိတ္ထီလာနယ်၌ မင်းရွာခေါ် ရွာတရွာရှိ၏။ ၎င်းရွာ၌ ဦးငါးမူး-ဒေါ်အေးတို့ မိသားစု နေထိုင်ကြသည်။ ဦးငါးမူး ဒေါ်အေးတို့မှာ သား (၇) ယောက်၊ သမီး (၃) ယောက် ထွန်းကားသည်။

သား (၇) ယောက်တွင် အကြီး (၅) ယောက်မှာ အိမ် ထောင်ရက်သားကျပြီး တောင်သူအလုပ်ဖြင့် အသက်မွေးကြ

အနီးစခန်း ဆရာတော်ဘုရားကြီး၏
ရဟန်းအမဖြစ်သော



တတိယချောင်ဆရာကြီး ဒေါ်ဂုဏဝတီ
အသက် ၉၀

၏။ ကျန် သား(၂)ယောက်ကား သာသနာ့ဘောင်သို့ ဝင်ရောက် ရဟန်းပြုကြသည်။

ရဟန်းတော်(၂)ပါးတွင် အကြီး ရဟန်းတော်သည် မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ သွားရောက်ပညာသင်သည်။ ပါဠိ အဌကထာ ဋီကာ ပေါက်ရောက်သည်။ ပိဋကတ်စာပေ ကြည့်နိုင် ရှုနိုင် ရှိသောအခါ ပဋ္ဌာန်းအသုံးအဘိဓမ္မာ ထုတ်ရန် စိတ်ညွတ်လာသည်။ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်၏ နိဗ္ဗာနမဂ္ဂဘောဒနီစာအုပ်ကိုကြည့်ရှုပြီး ကမ္မဋ္ဌာန်းအလုပ်ကို အား ထုတ်ကြည့်သည်။

ကမ္မဋ္ဌာန်းအားထုတ်လျှင် ဆိတ်ငြိမ်ရာ အရပ်သည် လိုအပ်လှသည်။ သို့ဖြစ်၍ ဆိတ်ငြိမ်ရာအရပ်ကို ရှာမည်ဟု မန္တလေးမြို့မှ အောက်ပြည် အောက်ရွာသို့ ထွက်လာခဲ့သည်။

စစ်တောင်းမြို့အနောက် တိတ်ဆိတ်ငြိမ်သက်သော တောင်ကုန်းကလေးတခုတွေ့၍ ထိုနေရာ၌ နေရန် ဆုံးဖြတ်လိုက်၏။ သစ်ပင်အောက်၌ သီတင်းသုံးနေထိုင်ယင်း မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံကြွရာ တစတစနှင့် ဒကာ ဒကာမများက ကြည်ညိုကိုးကွယ်လာကြသည်။ ကမ္မဋ္ဌာန်းကျောင်း ဆောက်၍ လည်းကောင်း၊ တောင်ကမ်းပါးယံ၌ လိုဏ်ဂူတူး၍ လည်းကောင်း လှူဒါန်းကြ၏။

စစ်တောင်း တောရကျောင်း၌ နှစ်အတော်ကြာ နေထိုင်သောအခါ ကြည်ညိုကိုးကွယ်သူ ဒကာ ဒကာမ များပြားလာပြီး တောရကျောင်းသို့ အဝင် အထွက် အသွား အလာ များပြားလာသည်။ ဆရာတော်ကိုဖူးရန်၊ တရားနာရန် ဝင်လာ

မစဲ ဖြစ်နေ၏။ ကျောင်းဆောက်သူ ဆောက်၊ဓမ္မာရုံဆောက်သူ ဆောက်၊ ဇရပ်ဆောက်သူ ဆောက်၊အဆောက်အအုံတွေ ပေါ် ပေါက်လာ၏။

ဆရာတော်သည် ပရိသတ် တစတစ များပြား၍ ဆိတ်ငြိမ်မှု ပျက်ပြားလာသောအခါ စစ်တောင်းတောရ၌ ပျော်ပိုက်ခြင်းမရှိတော့ချေ။သို့ဖြစ်၍ မိမိလက်အောက်ရှိ တပည့်ဦးပဉ္စင်းတပါးကို ကျောင်းဆက်ထားခဲ့ပြီး သမ္ဘုရာကန်သို့ ကြွသွားသည်။

၎င်း သမ္ဘုရာတောရ၌ ရေပတ်လည် ဝိုင်း လျက် ရှိ သော ကျောက်ဖျာကြီးတခု ရှိသည်။ ဆရာတော်သည် ၎င်းကျောက်ဖျာကြီးပေါ်တွင် ဟမ္မဒ္ဒါန်းကျောင်းငယ်ဖြင့် သီတင်းသုံးတော်မူသည်။

၎င်းနောက် ဖြုတ်ခွဲတောရကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးသည်။ ရောက်သည့်တနေရာမှ တနေရာ ပြောင်းရွှေ့သီတင်းသုံးရာ တောရကျောင်းပေါင်း (၇) ကျောင်း ရှိသည်။ (၁) စစ်တောင်းတောရ၊ (၂) သမ္ဘုရာကန်တောရ၊ (၃) ဖြုတ်ခွဲတောရ၊ (၄) တောဝိဟာတောရ၊ (၅) နောင်သခ်ါတောရ၊ (၆) ဆင်ရွာကြီး တောရ၊ (၇) မိတ္ထီလာ ကန်ကြီးတောရတို့ ဖြစ်၏။

ဆရာတော်၏ ညီ ဦးပဉ္စင်း ဦးဇာဂရကား မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက်၌ ပညာသင်လျက် ရှိသည်။ ဆရာတော်၏ ညီတယောက်လည်း အိမ်ထောင်ကျပြီးနောက် ဒုလ္လဘ ရဟန်းဝတ်၍ ဆရာတော်ထံ တရားအားထုတ်သည်။ ရဟန်းဘဝတွင်

ပျော်မွေ့သဖြင့် လူဝတ်မလဲတော့ချေ။ဘွဲ့အမည်မှာ ဦးဒေါန ဖြစ်သည်။

(၂)

ဦးငါးမူး၊ဒေါ်ဝေ အားတို့၏ သမီး(၃)ယောက်မှာ ဒေါ်ထူး၊ ဒေါ်ဖူးနှင့် ဒေါ်ကျေ့တို့ဖြစ်သည်။ သုံးဦးစလုံး အိမ်ထောင်နှင့် ဖြစ်ရာ ဒေါ်ထူးမှာ သမီးတယောက်၊ ဒေါ်ဖူးမှာ သား နှစ် ယောက်၊ သမီးနှစ်ယောက်၊ ဒေါ်ကျေ့မှာ သားသုံးယောက်၊ သမီး နှစ်ယောက် အသီးသီး ထွန်းကား ပေါ်ပေါက်ခဲ့ကြ သည်။

ဒေါ်ထူး၏ တဦးတည်းသော သမီးမှာ မကွင်းညွှာ ဖြစ် သည်။ ဒေါ်ထူးသည် သမီးတယောက်ရသော်လည်း မိဘများ နှင့် မခွာပဲ အတူနေထိုင်ကာ ပြုစုလုပ်ကျွေးသည်။

မကွင်းညွှာကို မင်းရွာသားတဦးနှင့် အိမ်ထောင် ချပေး သည်။ မကွင်းညွှာ၏ အိမ်သားသည် မိဘများရှိရာ ခွက်မ ရွာသို့ ပြောင်းရွှေ့နေထိုင်ရန် စိစဉ်ပြီး ယောက္ခမကြီးဒေါ်ထူး ကို ပြောသည်။

ဒေါ်ထူးက "ငါတို့မှာ ဒီ သမီးကလေး တယောက်ကို အားကိုးနေရတာ အမေအို...အဖေအိုတွေကို သူပဲ ချက်ပြုတ် ကျွေးမွေးနေတာဖြစ်လို့ ငါ့ သမီးကိုတော့ မထည့်နိုင်ဘူး"ဟု ပြောသည်။ထိုအခါ မကွင်းညွှာအိမ်သားက "မထည့်နိုင်လဲ နေ ပေါ့၊ ကျွန်တော် ဒီမှာ မနေဘူး၊ ခွက်မရွာ ပြောင်းတော့ မယ်"ဟု ပြောသည်။

မကွင်းညွှာကလည်း ခပ်ပြတ်ပြတ်ပင် ကျွန်မကလဲ အဖိုး အဖွား အမေတို့နှင့် ခွဲပြီး ရှင့်နောက် မလိုက်နိုင်ဘူး၊ ရှင် သွား ချင် သွားပေါ့ဟု ပြောလိုက်သည်။ မကွင်းညွှာ အိမ်သားသည် သူ့အစီအစဉ်အတိုင်း ခွက်မရွာသို့ ပြောင်းရွှေ့သွားလေ၏။

မကွင်းညွှာသည် ယောကျ်ားနောက် လိုက်မသွားပဲ အဖိုး အဖွားနှင့် အမေတို့ကို တရိုတသေပြုစုလုပ်ကျွေးနေသည်။ထိုစဉ် မိခင်ဖြစ်သူ ဒေါ်ထူးသည် မကျန်းမမာဖြစ်ပြီး ကွယ်လွန်အနိစ္စ ရောက်သွားလေ၏။

ဒေါ်ထူး ဆုံးပြီးနောက် မကြာမီ မကွင်းညွှာ အိပ်မက် မြင်မက်သည်။ အိပ်မက်ထဲတွင် အမေထူးက "ငါ့သမီးရေ.... အမေက ညည်းဆီ နေမလို့လာတာ"ဟု ပြောသည်။ထို့နောက် မကွင်းညွှာ နိုးသွားသည်။

အိပ်မက်အကြောင်းကို မကွင်းညွှာက အဖိုးနှင့်အဖွားအား ပြောပြသည်။ အဖိုး အဖွားတို့က ငါ့သမီးမယ်ထူးက ငါ့မြေး ထံဝင်စားလိမ့်မယ်။ ဒါကြောင့် အိပ်မက်ပေးတာပဲဟု မှတ် ချက်ချကြသည်။

အိပ်မက်မက်ပြီး မကွင်းညွှာမှာ ကိုယ်ဝန် ရလာ သည်။ ရက်လစေ့သောအခါ သမီးကလေးတဦး ဖွားမြင်လာ၏။ ထို အဖိုးအဖွားတို့က မြစ်ကလေးကိုကြည့်ပြီး မယ်ထူးမှ မယ်ထူး အစစ်ဟု ယုံကြည်ကာ ဝမ်းသာလုံး ဆို့နေကြသည်။ လက် ပေါ်မှမချနိုင်အောင် အချစ်တွေ ပိုနေကြ၏။

မကွင်းညွှာက သမီးကလေးကို 'မသန်း'ဟု နာမည် ပေး ထားသည်။ သမီးကလေး အခါလည် အရွယ် ရောက်သော

အခါ မကွင်းညှာ၏အိမ်သားသည် ခွက်မရွာမှ ပြန်လာသည်။ သမီးကလေးဖွားမြင်ကြောင်းကြားရ၍ မကွင်းညှာတို့အိမ်လာပြီး ပုခက်ထဲမှကလေးကိုပွေ့ချီရန် ကြိုးစားသည်။ ကလေးငယ်က အချီမခံ၊ ကျူကျူပါအောင် ငိုကြွေးလေသည်။

ထိုအခါ အဖိုးအဖွားများက မယ်ထူးဟာ မင်းအပေါ် အတော်စိတ်နာပုံရတယ်၊ ဒီဘဝရောက်တာတောင်မကြေပဲကိုး၊ မင်းကို သူကမှတ်မိပုံရတယ်၊ သွားမချီလေနဲ့ဟု စိတ်မကောင်းစွာနှင့် ပြောကြသည်။ မကွင်းညှာ၏ အိမ်သားသည် ထိုအကြောင်းကိုကြားရ၍ ဝမ်းနည်းစွာ ခွက်မရွာသို့ ပြန်သွားလေ၏။

(၃)

မသန်းကလေး ၅ နှစ်သမီး အရွယ်ဖြစ်၏။ အဖိုး အဖွားများက သမီးအကြီး မထူးဝင်စားသူဟုယူဆကာ မသန်းကို အလွန်အမင်း ချစ်ကြသည်။ လယ်မြေနှင့် အမွေအားလုံးကို မကွင်းညှာတို့သားသမီးအား ရပ်ရွာလူကြီးများရှေ့တွင် မသေမီပေးခဲ့ကြသည်။

(၄)

မသန်း ၁၂ နှစ်အရွယ်တွင်ဖြစ်၏။ ဦးငါးမူး-ဒေါ်အေးတို့၏သားဖြစ်သူ တောရဘုန်းကြီးသည် မင်းရွာသို့ ကြွလာသည်။ ဘုန်းတော်ကြီးက မိအိုဖအိုများ အတွက် ဝတ္ထုငွေ၊ စားဖွယ် သောက်ဖွယ်များ ယူလာသည်။ အနိစ္စ ရောက်လျှင်

ချဖို့ရန်အတွက် မှန်စီရွှေချအခေါင်း (တလား) တခု လည်း ပါလာ၏။

ဘုန်းတော်ကြီးက မိအိုဖအိုများနှင့်တွေ့သောအခါ ကျန်းမာရေးနှင့် နေရေးထိုင်ရေး အခြေအနေတို့ကို မေးမြန်းသည်။ တရားစကားဟောပြောသည်။ သေခြင်းတရား မပြတ်ဆင်ခြင်အောက်မေ့ဖို့ ကုသိုလ်ကောင်းမှုများကိုသာ နှလုံးသွင်းဖို့သတိပေးသည်။

ထို့နောက် ဦးငါးမူး-ဒေါ်အေးတို့က "ဘုန်းတော်ကြီးကြွလာတုန်း လျှောက်ရအုံးမယ်"ဟု စကားစလိုက်ရာ "ဒကာကြီး-ဒကာမကြီးတို့ လျှောက်ချင်တာလျှောက်"ဟု ဘုန်းတော်ကြီးက ခွင့်ပေးသည်။

"တပည့်တော်တို့ပိုင်တဲ့ အိမ်ဝင်း၊ ခြံ၊ လယ်မြေတွေကို ဟောဒီမြေးနဲ့ မြစ်ကလေးအတွက် စာချုပ် စာတမ်းနှင့် လှူပေးထားတယ်ဘုရား။ အဲဒါ တပည့်တော်တို့မရှိလျှင် သူတို့ပဲ"

"ကောင်းပါတယ် ကောင်းပါတယ်၊ ခုလဲ သူတို့ပဲ ဒကာကြီး ဒကာမကြီးတို့ကို လုပ်ကျွေးနေကြတာမဟုတ်လား၊ သူတို့ကျေးဇူးရှိတယ်၊ သူတို့ပြုစုဖော်ရလို့ ဘုန်းကြီးလဲ ဒီလိုအေးအေးနေနိုင်တာ"ဟု ဘုန်းကြီးက အမိန့်ရှိသည်။

ထို့နောက် ဒကာကြီးနှင့် ဒကာမကြီးတို့က ဆက်ပြီးလျှောက်ထားကြ၏။ တပည့်တော်တို့သေယင် မီးမသင်္ဂြိုဟ်ပါနဲ့ဘုရား၊ ဝမ်းထဲက ပိုးကောင်တွေ သေကုန်မှာ စိုးလို့ပါ၊ တွင်းတူး အဝတ်ခင်းပြီး မြေမြှုပ်ပါ၊ ပြီးတော့ တပည့်တော်တို့သေယင် ဒီမြေးသားအမိကို စောင့်ရှောက် လိုက်ပါ"

ဘုန်းတော်ကြီးက "ကောင်းပါပြီ စိတ်ချပါ။ ကိုယ်မသေခင် တရားနှလုံးသွင်းပြီး ကုသိုလ်များများ ရအောင် နေကြပေါ့"ဟု တိုက်တွန်းသည်။ ထို့နောက် ဘုန်းတော်ကြီးသည် ရက်အနည်းငယ်ကြာနေထိုင်ပြီး တောရကျောင်းသို့ ပြန်ကြွသွားသည်။

(၅)

နောက်တနှစ်။

ဦးငါးမူးသည် အသက် ၈၃ နှစ်ရှိပြီးဖြစ်၏။ ရင်ပတ်တွင်ရှိနေသော မှဲ့ကလေးကို ယားသဖြင့် ကုတ်လိုက်မိရာမှ အနာဖြစ်လာသည်။ အနာက တဖြည်းဖြည်းရင်းလာပြီး မပျောက်နိုင်ရှိနေ၏။

ထိုစဉ် ဒေါ်အေးသည် လူကြီး ရောဂါဖြင့် ရုတ်တရက်ကွယ်လွန်အနိစ္စရောက်သွား၏။ ဆွေမျိုး မိတ်သင်္ဂဟများစုပြီး အသုဘကိစ္စဆောင်ရွက်လိုက်ကြ၏။ ဒေါ်အေး ဆုံးပြီးနောက် မကြာမီပင် ဦးငါးမူးသည် အနာရင်း၍အဖျားဝင်ပြီး အနိစ္စရောက်ပြန်သည်။

ဦးငါးမူး အနိစ္စရောက်သောအခါ တောရ ဘုန်းကြီးထံ အကြောင်းကြားသည်။ ဘုန်းကြီးကိုယ်တိုင် ကြွလာပြီး ခမည်းတော်ကြီး၏ ဈာပနကိစ္စကို စီမံဆောင်ရွက်သည်။

ဈာပနကိစ္စပြီးသောအခါ တူမဖြစ်သူ မကွင်းညှာတို့ သားအမိကိစ္စတိုင်ပင်ရသည်။ မကွင်းညှာက အဖိုးအဖွားများမရှိတဲ့နောက် လူဝတ်ကြောင် ဘဝတွင် မနေချင်တော့ကြောင်း၊ သီလရှင်ဝတ်ချင်ကြောင်း လျှောက်သည်။

ထိုအခါ ဘုန်းတော်ကြီးက "အေး— ကောင်းတယ်၊ ကောင်းတယ်၊ သီလရှင်ဝတ်ဖို့ဆိုတာ တော်တော့် ပါရမီနဲ့ ဖြစ်တာမဟုတ်ဘူး။ နင်တို့ ရှေးက ပါရမီအထုံ ရင့်ခဲ့လို့ဖြစ်တာ၊ သီလရှင်ဝတ်ချင်ယင် စစ်ကိုင်းတောင်ကို တို့လိုက်ပို့ပေးမယ်။

တောရဘုန်းတော်ကြီးသည် မကွင်းညွှာတို့ သားအမိကို ခေါ်ပြီး မိတ္ထီလာမြို့နယ်မင်းရွာမှ မန္တလေးမြို့သို့ ထွက်လာခဲ့သည်။ မန္တလေးရောက်သောအခါ ဝိသုဒ္ဓါရုံဆရာတော်ကြီးကို ကန်တော့ရန် အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ သွား၏။

ထိုစဉ်က အရှေ့ဝိသုဒ္ဓါရုံတိုက်၌ ညီဖြစ်သူ ဦးဇာဂရသီတင်းသုံးနေထိုင်လျက်ရှိသည်။ ဝိသုဒ္ဓါရုံတိုက် ရောက်သောအခါ ဆရာတော်ကြီးအား မုန့်သေတ္တာ၊ သစ်သီးဝလံများဖြင့် ကန်တော့သည်။

ဝိသုဒ္ဓါရုံ ဆရာတော်ကြီး အလ္လာပ သလ္လာပ ပြောဆိုပြီး တိုက်အုပ်ဆရာတော်ထံ သွားရောက် ကန်တော့၏။ ထိုစဉ်က ဝိသုဒ္ဓါရုံတိုက် အပြင်ဇရပ်မှာ သီလရှင်များ နေထိုင်ကာ စာသင်လျက်ရှိကြ၏။

ထိုအကြောင်းကိုသိ၍ တောရဘုန်းကြီးတော်ကြီးက မကွင်းညွှာတို့ သားအမိကို သီလရှင်များနှင့်အတူ ထားခဲ့ချင်ကြောင်း တိုက်အုပ်ဆရာတော်အား လျှောက်သည်။

တိုက်အုပ်ဆရာတော်က မမေခဝတီတို့ အခေါ်ခိုင်းပြီး အကျိုးအကြောင်း အမိန့်ရှိကာ မကွင်းညွှာတို့ကို အပ်နှင်းလိုက်သည်။

(၆)

၁၂၆၄—ခု တပို့တွဲလပြည့်နေ့ မကွင်းညှာတို့ သားအမိ သီလရှင်ဝတ်လိုက်ကြသည်။ ထိုနေ့ နံနက် (၆) နာရီအချိန် ဝိသုဒ္ဓါရုံတိုက် သံဃာများအား ဆွမ်းဆက်ကပ်ပြီး လှူဖွယ် တန်းဖွယ်များကို လှူဒါန်းသည်။

သီလရှင် ဝတ်ကာနီးတွင် မကွင်းညှာက တပည့်တော်မ သမီးကလေးကို အရင်ဝတ်ပေးပါဘုရား၊ ဒါမှ တပည့်တော်မ ထက် တပည့်တော်မကို နောက်မှ ဝတ်ပေးပါဟု လျှောက် သည်။ မကွင်းညှာ၏ ဆန္ဒအတိုင်း သားအမိ နှစ်ယောက်တွင် မသန်းကို ပထမ သီလရှင်ဝတ်ပေးပြီးမှ မကွင်းညှာကို ဒုတိယ ဝတ်ပေးသည်။

တိုက်အုပ်ဆရာတော်က သီလရှင်ဝတ်ပေးပြီးနောက် ဘာနေ့ သမီးလဲမေးရာ တပည့်တော်မက ကြာသပတေးသမီး၊ သမီး လေးက တနင်းလာပါ ဘုရားဟု လျှောက်သည်။ အေး.... ကောင်းပြီဟု ဆိုကာ ခဏမျှ စဉ်းစားပြီး အမေ လုပ်သူက မပညာဝါ၊ သမီးက မဂုဏဝတီ၊ ဟုတ်ပလား၊ ကိုယ့်ဘွဲ့ကို မှတ်ထား၊ လူနာမည် မခေါ်ရဘူး၊ သီလရှင်မို့ဘွဲ့ပဲခေါ်ရမယ်၊ ဘွဲ့မခေါ်ယင် ဒဏ်ပေးရမယ်...ဟုတ်လားဟု အမိန့်ရှိသည်။

(၇)

မပညာဝါ၊ မဂုဏဝတီ၊ ဉပုသ်စောင့်ရန် အတူပါလာသူ မငယ်တို့သည် မမေဓာဝတီတို့နှင့် အတူ နေထိုင်ကြသည်။

မဂုဏဝတီက စာသင်ပြီး မပညာဝါက တရားစာ ဖတ်ယင်း သမီးကို ပြုစုစောင့်ရှောက်၏။ မငယ်က ဥပုသ်စောင့်ယင်း ချက် ပြုတ်တာဝန် ဆောင်ရွက်သည်။

၁၂၇၇ ခုနှစ်တွင် ဒေါ်မေဓာဝတီသည် စစ်ကိုင်းတောင်ရိုး သို့ ပြောင်းရွှေ့ပြီး ခေမာသကကျောင်းကို တည်ထောင်သော အခါ မပညာဝါ၊ မဂုဏဝတီတို့လည်း လိုက်ပါသွားကြ၏။ ဒေါ်မေဓာဝတီနှင့်အတူ လက်တွဲပြီး သာသနာပြုကြသည်။

၁၂၇၀ပြည့်နှစ်တွင် ဒေါ်ပညာဝါ၊ သမီး မဂုဏဝတီတို့ နှင့်အတူ ပါလာသူ မိတ္ထီလာမြို့နယ် မင်းရွာမှ ဒေါ်ငယ်သည် ရပ်ရွာသို့ မပြန်တော့ပဲ သီလရှင် ဝတ်သည်။ ဒေါ်ငယ်သည် ခေမာသကကျောင်းကို သာသနာကို တတပ်တအား အကူအညီ ပေးယင်း အသက် ၉၁နှစ်တွင် ကွယ်လွန်သွားသည်။

ခေမာသကကျောင်း၌ နှစ်ခန်းဇရပ်ဆောက်ပြီး ဒေါ်ပညာဝါ၊ ဒေါ်ငယ်နှင့် မဂုဏဝတီတို့အတူနေကြ၏။နောက်တွင် တောင်ငူ မြို့မှ ဒေါ်မှုံက ဇရပ်ဟောင်းဖျက်ပြီး နှစ်ခန်း-သုံးခန်း ဇရပ် သစ် ဆောက်လုပ်ပေးသည်။

(ဂ)

၁၂၇၇ ခုနှစ်။

ဒေါ်ပညာဝါ၏ ဦးကြီးတော်စပ်သည့် တောရကျောင်း ဘုန်းကြီးသည် ဆင်ရွာကြီးတောရကျောင်း၌ သီတင်းသုံးနေ ထိုင် လျက်ရှိသည်။ ညီဖြစ်သူ ဦးပဥ္စင်းကြီးဦးဒေါနကို စစ်ကိုင်း တောင်ရိုးခေမာသကကျောင်းသို့ စေလွှတ်လိုက်ပြီး ဒေါ်ပညာဝါ

နှင့် မဂုဏာဝတီတို့ကိုခေါ်ခိုင်းသည်။ ဒေါ်ပညာဝါနှင့် မဂုဏာဝတီတို့သည် ဆင်ရှာကြီးတောရကျောင်းသို့ လိုက်ပါသွားကြ၏၊

တောရဘုန်းကြီးက "ငါ နင်တို့ကို ခေါ်ခိုင်းတာ အလကား ခေါ်ခိုင်းတာမဟုတ်ဘူး၊ တရား အားထုတ်ရအောင် ခေါ်ခိုင်းတာ"ဟု အမိန့်ရှိပြီး တရားအားထုတ် ခိုင်းသည်။

ဒေါ်ပညာဝါနှင့် မဂုဏာဝတီတို့သည် ဆင်ရှာကြီးတောရ၌ တလခန့်တရားအားထုတ်ကာနေထိုင်ကြသည်။ တနှစ်ပြည့်သောအခါ တောရဘုန်းကြီးက စစ်ကိုင်းတောင်သို့ပြန်ခွင့်ပြုလိုက်၏။

"နင်တို့ ဒီက ပြန်သွားယင် စာသင်တာနဲ့ ချည်းလဲ အချိန်မကုန်ကြစေနဲ့၊ တရားလည်း ဆက်အားထုတ်ကြ၊ စစ်ကိုင်းတောင်ရိုး သံဃာတော်တွေ ဆွမ်းကွမ်း ရှားပါးတယ်။ နေ့တိုင်း ဆန်နှစ်ပြီချက် ပဲတပြီပြုတ် ပီကျာပါတ် ဝတ်မပျက်စေပဲ ဆွမ်းလောင်းကြ၊ ငါက ဆွမ်းလောင်းဘို့အလုံအလောက်ပေးလိုက်မယ်"ဟု တောရဘုန်းကြီးကမှာသည်။

ဒေါ်ပညာဝါနှင့် မဂုဏာဝတီတို့သည် ကြုံတုန်း ကြုံခိုက် ကျိုက်ထီးရိုးဘုရားကို သွားရောက် ဖူးမျှော်ကြပြီး စစ်ကိုင်းတောင်ရိုးသို့ပြန်လာကြသည်။

စစ်ကိုင်းရောက်သောအခါ ချောင်ဆရာကြီး ဒေါ်မေဓာဝတီက "ညည်းတို့သွားအမိခေါ်တာ ဘာကိစ္စတုန်း"ဟု မေးရာ "တလခန့်တရားအားထုတ်ပြီး စစ်ကိုင်း ပြန်ရောက်တဲ့အခါ ဆွမ်းနှစ်ပြီချက်နဲ့ ပဲတပြီပြုတ် နေ့စဉ် သံဃာ ဆွမ်းလောင်းလို့ အမိန့်ရှိလိုက်တာပါဘုရား"ဟု လျှောက်ကြ၏။

"နေ့စဉ် ဆွမ်းလောင်းစရာရတယ်ဆိုတော့ ဝမ်းသာလိုက်တာ၊ နက်ဖြန်မှီအောင်လုပ်ကြပါဟဲ့"ဟု ဆရာကြီးဒေါ်မေဓာဝတီက ဝမ်းသာအားရ တိုက်တွန်းသည်။

(၉)

၁၂၈၀ ပြည့်နှစ်။

ဒေါ်ပညာဝါနှင့် မဂုဏဝတီတို့သည် မန္တလေး ဝိသုဒ္ဓါရုံမှ ကိုရင် ပဏ္ဍိတကို ရဟန်းခံပေးရန် တာဝန် ယူထားကြသည်။ ထိုနှစ် ဝါဆိုလဆန်း ၁၅ ရက်နေ့တွင် ရဟန်းခံပွဲ ကျင်းပသည်။

ကိုရင် ပဏ္ဍိတသည် ဝိသုဒ္ဓါရုံ တိုက်သစ် သုဝဏ္ဏဝတီအုဋ္ဌကျောင်း၌သီတင်းသုံးသည်။ကျောင်းဘုန်းကြီးမှာအဘယာရာမ ဆရာတော်ဟု ကျော်ကြားလတံ့ဖြစ်သော ဦးအဂ္ဂဓမ္မာဘိဝံသဖြစ်၏။

ဝါဆိုလပြည့်နေ့နံနက် ၆ နာရီအချိန် တိုက်သံဃာကုန် ဆွမ်းကပ်ကြသည်။ ဆွမ်းကပ်ပြီးသောအခါ ရဟန်းခံကိစ္စ ဆောင်ရွက်ကြသည်။

ဒီပဲရင်း ဆရာတော်က ဦးပဇ္ဈာယ်အဖြစ် ဆောင်ရွက်သည်။ သုဝဏ္ဏဝတီအုဋ္ဌကျောင်းဘုန်းကြီးနှင့် ကျောင်းဘုန်းကြီးများက ကမ္မဝါစာဆရာအဖြစ်ဆောင်ရွက်ကြသည်။ ကိုရင် ပဏ္ဍိတသည် မြင့်မြတ်သောပဉ္စင်းအဖြစ်သို့ရောက်၍ ဦးပဏ္ဍိတဖြစ်လာသည်။ ဦးပဏ္ဍိသည် အခြားပုဂ္ဂိုလ်မဟုတ်၊ နောင်တွင် စစ်

ကိုင်းတောင်ရိုး အနီးစခန်း ဆရာတော်ဟု ကျော်ကြားမည့် ပုဂ္ဂိုလ်ပင်တည်း။

ဒေါ်ပညာဝါနှင့် မဂုဏ္ဏဝတီတို့သည် အနီးစခန်းဆရာတော် လောင်းလျာ ဦးပဏ္ဍိတ ရဟန်းအမဖြစ်ပြီး ဦးပဏ္ဍိတကို ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းခဲ့ကြသူများဖြစ်သည်။

ဦးပဏ္ဍိတသည် ကိုရင်ဝတ်ဖြင့် အငယ်အလတ်အောင်ပြီး ရဟန်းတဝါအရတွင် အကြီးအောင်သည်။ နှစ်ဝါ ရသော အခါ ပခုက္ကူသို့ စာကြီးဖောက်သွားသည်။ ပခုက္ကူ၌ သုံးနှစ် ခန့်နေပြီး အင်္ဂလိပ်စာသင်လိုသဖြင့် မန္တလေးမြို့ ချမ်းသာကြီး တိုက်သို့ ပြောင်းရွှေ့နေထိုင်သည်။ ချမ်းသာကြီး တိုက်မှနေ၍ နေ့ရှင်နယ်ကျောင်းတွင် အင်္ဂလိပ်စာသင်သည်။

ဦးပဏ္ဍိတသည် ဒေါ်ပညာဝါအား အကျိုးအကြောင်း ပြောပြီး ဆရာတော် ဦးအဂ္ဂမမ္မထံ လျှောက်ကြားစေသည်။ ဒေါ်ပညာဝါတို့သားအမိ ဝိသုဒ္ဓါရုံတိုက် ဆရာတော် ဦးအဂ္ဂ မမ္မထံ ရောက်သောအခါ "ဒကာကြီးတို့ ဦးပဥ္စင်း ဘယ်နေ တုန်း"ဟုမေးရာ "ကျောင်းပြောင်းပြီး နေလို့တဲ့ ဘုရား။ ဆရာတော်ကိုကြောက်လို့ မလျှောက်ရဲတာတဲ့၊ သူ အင်္ဂလိပ် စာ သင်ချင်လို့ပါတဲ့ဘုရား" လျှောက်သည်။

"ဒီစာက ဘာလို့သင်ချင်ရတာလဲ၊ ဒီဦးပဥ္စင်း အလွန် ခက်တဲ့ဦးပဥ္စင်း၊ ငါ မပြောချင်ဘူး"ဟု အမိန့်ရှိပြီး အခန်း တွင်းသို့ကြွ၍ စာကြည့်နေသည်။ ဒေါ် ပညာ ဝါ တို့ လည်း ဆရာတော်ကို အသာဝတ်ချပြီး ပြန်လာခဲ့ကြ၏။

ထို့နောက် ဦးပဏ္ဍိတ နေထိုင်ရာ ချမ်းသာကြီး တိုက်သို့ သွားရောက်ပြီး ဆရာတော်အမိန့်ရှိလိုက်ပုံကို လျှောက်ကြ၏။

"ဆရာတော်က ကျုပ်ကို ဘာပြောမယ်ဆိုတာ ကျုပ်သိပါတယ်။ ကဲ–အဲဒီတော့ စားရေတွေ ဟောဟိုကြောင်အိမ်ထဲ ထည့်ခဲ့၊ ခင်ဗျားတို့လဲ ပြန်ကြ၊ ကျုပ်လဲ ကျောင်းတက်သွားအုံးမယ်"

(၁၀)

ဒေါ်ပညာဝါနှင့် မဂုဏာဝတီတို့သည် မိမိ ရဟန်းခံထားသော ဦးပဏ္ဍိတကိုလိုလေသေးမရှိအောင် ထောက်ပံ့ လှူဒါန်းကြသည်။ နေ့ရှင်နယ်ကျောင်းတက်နေစဉ် စားရေး သောက်ရေးချမ်းသာလှသည်မဟုတ်၊ ယင်းအခြေကိုကြည့်ပြီး ဒေါ်ပညာဝါက "ညည်းတို့တော့ ကိုယ့်ဇရပ်မှာ ကိုယ့်ဟာကို ချက်ပြုတ်စားရတော့ ချမ်းသာတာပေါ့၊ ငါ့ ဦးပဥ္စင်း ကလေးဖြင့် စာသင်ရတာ အစားအသောက် ဆင်းရဲရှာတယ်၊ ဖြစ်သလိုနေ ဖြစ်သလိုစား၊ ငါမြင်ခဲ့ရလို့ မျက်ရည်တောင်ကျမိတယ်" ဟု မဂုဏာဝတီအား ညည်းညူကာ ပြောဆိုဘူးသည်။

ဒေါ်ပညာဝါသည် ဦးပဏ္ဍိတအပေါ် အစစ အရာရာ အလိုလိုက်ပြီး မငြိုငြင်ရအောင် ပြုစုလှူဒါန်းသည်။ ဒေါ်ပညာဝါ၏ ကူညီထောက်ပံ့မှုကြောင့် ဦးပဏ္ဍိတသည် စိတ်ချမ်းသာမှုရရှိကာ ပညာရေးတွင် ကြိုးစား အားထုတ်သဖြင့် ထိပ်တန်းဆရာတော်ကြီးတပါး ဖြစ်လာရပေသည်။

(၁၁)

မဂ္ဂဏာဝတီသည် ခေမာသကကျောင်း၌ စာချဆရာအဖြစ် ထမ်းဆောင်ယင်း သီလရှင်ကလေးများအား စာပေပို့ချပေးခဲ့လေသည်။ ကျောင်းဆရာကြီး ဒေါ်မေဓာဝတီ၊ တိုက်အုပ်ဆရာကြီး ဒေါ်ကုမ္မာရီနှင့်အတူ ကျောင်းစတည်ကတည်းက ပါခဲ့လေသည်။ ဆရာကြီးများနှင့်အတူ လက်တွဲပြီး ခေမာသက ကျောင်းကြီး တိုးတက်ရေးကို ကြိုးစားဆောင်ရွက်ခဲ့သည်။

မိခင်ကြီးဖြစ်သူ ဒေါ်ပညာဝါနှင့်အတူ အနီးစခန်း ဆရာတော်လောင်းလျာ ဦးပဏ္ဍိတကိုရဟန်းခံပေးကြသည်။ လိုလေသေးမရှိရအောင် ပစ္စည်းလေးပါး လှူဒါန်းခဲ့သည်၊ မိခင်ကြီး မရှိသော အခါလည်း ဦးပဏ္ဍိတကို မောင်လေးသဖွယ် ပြုစုစောင့်ရှောက်ခဲ့သည်။ မဂ္ဂဏာဝတီသည် ဦးပဏ္ဍိတထက် ၉ နှစ်ခန့် ကြီးသည်။

ဆရာကြီး ဒေါ်မေဓာဝတီတို့ ကလည်း မဂ္ဂဏာဝတီကို ယုံကြည်အားထားမြှောက်စားကြသည်။ မဂ္ဂဏာဝတီသည် အနေအထိုင် ရိုးသားပြီး စာပေဝါသနာပါသည်။ အေးအေး နေတတ်သည်။ စကားနည်းသည်။

(၁၂)

၁၃၂၃ ခုနှစ်။

ဒေါ်ဂုဏာဝတီသည် အသက် ၇၁ နှစ်ဖြစ်သည်။ ထိုနှစ်တွင် ဒုတိယကျောင်းဆရာကြီး ဒေါ်ကုမ္မာရီ ကွယ်လွန်အနိစ္စ ရောက်

သွား၏။ ဒေါ်ဂုဏဝတီကို တတိယမြောက် ကျောင်းဆရာကြီး အဖြစ် တင်မြှောက်ကြသည်။

ဒေါ်ဂုဏဝတီသည် ခေမေသက ကျောင်းကြီးကို မပျက်စီး ရအောင် ဆက်လက်အုပ်ချုပ်သည်။ ဒေါ်ဂုဏဝတီ လက်ထက် တွင် ခေမေသကကျောင်း၌ သီလရှင် တရာကျော်ရှိသည်။ အနီး စခန်းဆရာတော်ကလည်း ခေမေသကကျောင်းကြီး တိုးတက် စည်ကားရေးအတွက် အမြဲ ဩဝါဒပေးတော်မူသည်။

ဒေါ်ဂုဏဝတီသည် အသက် ၇၅နှစ်တွင် မျက်စိရောဂါရ၍ မျက်စိနှစ်ကွင်း အလင်းမရ ဖြစ်သွား၏။ ထိုအခါ တပည့်ရင်း ဖြစ်သည့် ဆရာကြီးဒေါ်ဈာနဝတီက ကျောင်းကိစ္စအဝဝကိုထိန်း သိမ်းစောင့်ရှောက်ရလေသည်။ ဒေါ်ဂုဏဝတီသည် ၁၃၄၃- ခုနှစ်တွင် အသက် ၉၁နှစ်သို့ ရောက်နေပြီ ဖြစ်သည်။

☆

အနီးစခန်း ဆရာတော် ဘုရားကြီး၏
ရဟန်းအမဖြစ်သော



စတုတ္ထချောင် ဆရာကြီး ဒေါ်ဗျာနဝတီ
အသက် ၇၇

ဇၞော်ကြါးဂၠိုင် ဥတ္တမာ ဒှ်ဍေံဒိုၚ်
ငဝေခ်ဗြဲမဍေးဒှ်ယဝ်



ဗီုပရူပ်ဂတ ကြါကၜာ ဒှ်ပြကေၚ်ဂၠံၚ်
၄၄ သၞာံ

## စတုတ္ထချောင်ဆရာ ဒေါ်စျာနဝတီ

## (၁၂၆၆....     )

တတိယချောင် ဆရာကြီး ဒေါ်ဂုဏဝတီ ကျန်းမာရေး မကောင်းသဖြင့်မျက်စိနှစ်ကွင်းအလင်းမရသောအခါ ဒေါ်စျာနဝတီက စတုတ္ထချောင်ဆရာအဖြစ် ခေမေသချောင်ကို အုပ်ချုပ်လျက်ရှိ၏။ ဒေါ်စျာနဝတီ၏ အကြောင်းအတ္ထုပ္ပတ္တိမှာ ဤသို့ဖြစ်၏။

(၁)

ဦးလွှား ဒေါ်ရွှေဥတို့သည် ဆီမီးခုံမြို့ သာကောင်းရပ်တွင် နေထိုင်ကြသည်။ ဦးကျော်ရန် ဒေါ်စိန်နုတို့ကား ဈေး တန်းရပ်တွင် နေထိုင်ကြသည်။ နှစ်ဦးစလုံးပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကြ၏။

ဦးလွှား ဒေါ်ရွှေဥတို့ကဆီမီးခုံမြောက်ကျောင်း၌ ကျောင်းဆောက်လှူဒါန်းကြသည်။ ဥာဏ်တော် ၁၅ တောင်အမြင့်ရှိ စေတီတော်တဆူကိုလည်း တည်ထားကိုးကွယ်ကြသည်။

ဦးကျော်ရန် ဒေါ်စိန်နုတို့က ဆီမီးခုံ တောင်ကျောင်း၌ ကျောင်းဆောက်လှူ၍ စေတီတော်တဆူကိုလည်း တည်ထား ကိုးကွယ်ကြသည်။ ဘုရားနှင့်စာတိုက်ကို အကြိမ်ကြိမ်လှူဒါန်း လေ့ရှိရာ ၉လုံးအထိရှိသဖြင့် “ကိုးလုံး ဒကာကြီးဦးကျော်ရန်” ဟု အရပ်ကခေါ်ကြသည်။

ဦးလှသွား ဒေါ်ရွှေဥတို့မှာ မောင်စံငြိမ်း၊ မောင်စံအေး၊ မချိန်ဟု သားသမီးသုံးယောက်ထွန်းကားသည်။ ဦးကျော်ရန် ဒေါ်စိန်နုတို့မှာမူ မလှကြီး၊ မအိမ်ကြီး၊ မကြီးကြီး၊ မောင်ရန် လင်းဟု သားသမီးလေးယောက် ထွန်းကားသည်။

အကြီးဆုံး သမီးမလှကြီးကို ငယ်စဉ်ကအနည်းငယ်အကျည်း တန်သောကြောင့် အခိပ္ပါယ်ပြောင်းပြန်ယူ၍ မလှကြီးဟု မှည့် ခေါ်သည်။ သမီးအလတ်ကို ၇ ဆောင်ပြိုင် အိမ်ကြီးပေါ်တွင် မွေးဖွားသောကြောင့် မအိမ်ကြီးဟု မှည့်ခေါ်သည်။ သမီး အငယ်ကိုမူ ၇ ဆောင်ပြိုင် အိမ်ကြီး မီးထဲပါသွား၍ ထပ်မံ ဆောက်လုပ်သော မကြီးမငယ် အိမ်သစ်တွင် မွေးဖွားသော ကြောင့် မကြီးကြီးဟုမှည့်ခေါ်သည်။

## (၂)

ဦးလှသွား ဒေါ်ရွှေဥတို့သည် သားအကြီး ဖြစ်သူ မောင်စံ ငြိမ်းကို ဦးကျော်ရန် ဒေါ်စိန်နုတို့၏ သမီးအလတ် မအိမ်ကြီး နှင့် ထိမ်းမြားလက်ထပ်ပေးကြသည်။ မောင်စံငြိမ်း မအိမ်ကြီး တို့သည် အိမ်ထောင်ကျ၍ မိဘများနှင့် အိမ်ခွဲကာ မင်းရပ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ဦးကျော်ရန်က သမက်နှင့် သမီး

တို့အတွက် ပျဉ်ကာပျဉ်ခင်း၊ အုတ်ကျွတ်မိုး အိမ်ကြီးတဆောင် ဆောက်ပေးသည်။

မောင်စံငြိမ်း မအိမ်ကြီးတို့မှာ သားသမီး ၇ ယောက်ထွန်းကားသည်။ မစိမ့်၊ မငြိမ့်၊ မနု၊ မငွေသောင်၊ မတင်မေ၊ မောင်ထွန်းဖေနှင့် မသိန်းငွေတို့ဖြစ်၏။

သားသမီးများ အရွယ်ရောက်ကြသောအခါ အသီးအသီး အိမ်ထောင်ပြုကြသည်။ အကြီးဆုံးသမီးမစိမ့်သည် မောင်ခန့်ကြီးနှင့်အကြောင်းပါ၍ ပွဲစားအလုပ်ဖြင့် အသက်မွေးသည်။

မငြိမ့်သည် သာဒွန်းရွာ သူကြီးမင်း မောင်သာဆင့်နှင့် အကြောင်းပါ၍ သာဒွန်းရွာတွင်နေသည်။

မနုသည် မန္တလေးမြို့ အိမ်တော်ရာ ယက်မျိုး ဝန်ထောက် မောင်စိန်ဘူးနှင့်အကြောင်းပါ၍ မြစ်ကြီးနားမြို့တွင်နေသည်။

မငွေသောင်သည် ဆေးရိုးစက်ပိုင်ရှင် မောင်ဘတင့်နှင့် အကြောင်းပါ၍ ဆိမီးခုံမှာပင်နေထိုင်သည်။

မတင်မေသည် မင်းကွန်းရွာမှ မြေပိုင်ရှင် မောင်ဥာဏ်ဘော် နှင့် အကြောင်းပါ၍ ဆိမီးခုံမှာပင် နေထိုင်သည်။

မောင်ထွန်းဖေသည် မအေးဆင့်နှင့်အကြောင်းပါ၍ မြေနှိမ်းချပြီး စားသောက်နေထိုင်ကြသည်။

မသိန်းငွေသည် ၁၆ နှစ်အရွယ်တွင် စစ်ကိုင်းတောင်ရိုး ဝိပဿနာချောင်၌ သီလရှင် ဝတ်ပြီး ခေမသက ချောင်၌ စတုတ္ထချောင်ဆရာအဖြစ် အုပ်ချုပ်နေထိုင်သည်။

(၃)

မသိန်းငွေမမွေးမီ တနှစ်အလို (၁၂၆၅) ခုနှစ်တွင်ဖြစ်၏။ ဒေါ်အိမ်ကြီးသည် ဖခင်ဦးကျော်ရန် တည်ထားသော စေတီတော်သို့သွားရောက်ပြီး ဆွမ်းတော်ကပ်၍ ပန်း, ရေချမ်းဖြင့် ပူဇော်သည်။ ဤကောင်းမှုကြောင့် တပည့်တော်မအဖေ့စေတီအနီး စေတီကြီးတဆူ တည်ထားကိုးကွယ်နိုင် ရပါလို၏ဟု ဆုတောင်းသည်။

ထိုနေ့ညတွင် ဤသို့အိပ်မက်မြင်မက်လေ၏။ စေတီအနီး၌ မန်ကြီးပင်ကြီးမှ ဝတ်ဖြူစင်ကြယ်နှင့် ရက္ခစိုးကြီးက နင် ဘုရားအမဖြစ်ချင်ယင် ဟောဒါ ယူသွားဟုပြောဆိုကာ ပဲဖြူထုပ်ကလေးတထုပ်နှင့် ကလေးမလေးတယောက်ကိုပေးလိုက်သည်။ သည်တွင် ငါတို့အိမ်မှာလဲ ပဲဖြူတွေ အရှိသားဟု စိတ်ထဲကအောက်မေ့မိရာ ငါပေးလိုက်တာနဲ့ အိမ်ရှိတာတွေ ရောမွှေထားလိုက်ဟု ရက္ခစိုးကြီးကပြောသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ညက အိပ်မက်အကြောင်းကို ဦးစံငြိမ်းအား ပြောပြသည်။

ကောင်းလိုက်တဲ့အိပ်မက်ဟာ၊ ပဲဖြူ ဈေးသွားပြီး စုံစမ်းလိုက်အုံးမယ်ဟု ဦးစံငြိမ်းသည် သမီးအကြီး မစိမ့်အိမ်သို့ ချက်ခြင်းထပြီးသွားသည်။ ထိုအချိန် မစိမ့်သည် ပွဲရုံလုပ်ငန်းကို လုပ်ကိုင်နေချိန်ဖြစ်သည်။ ဟေ့-မစိမ့် နင်တို့ပွဲရုံမှာ ပဲဖြူဘယ်ဈေးနှုန်းရှိသတုန်းဟုမေးသည်။

အဖေ ပဲဖြူဈေးကောင်းနေတယ်၊ နည်းနည်း ဆိုင်းလိုက် ပါ၊ တက်ဖို့အများကြီး ရှိတယ်ဟု မစိမ့်က ပြောသည်။

ထို့နောက် ရက်များစွာ မကြာမီပင် ရန်ကုန်မြို့မှ တရုတ် တယောက်ရောက်လာ၏။ 'ပွဲစား ဦးခန့်ကြီးနှင့် ပွဲကတော် ဒေါ်စိမ့်တို့ခင်ဗျား ပဲဖြူရသလောက် ဝယ်ပေးပါ၊ ငွေလိုသ လောက် ကျွန်တော်ပေးပါမယ်'ဟု ပြောသည်။

ထိုအခါ မစိမ့်က ဦးစံငြိမ်း–ဒေါ်အိမ်ကြီးတို့ထံ လာပြီး 'အဖေတို့ဆီမှာ ပဲဖြူဘယ်လောက်ရှိလဲ'ဟု မေးသည်။ 'ငါတို့ ဆီမှာ ကျီ ၂လုံးအပြည့်ရှိတယ်။ မဆန့်လို့တောင် အိမ်အောက် ထားရသေးတယ်။

"ရန်ကုန်က တရုတ်တယောက် အဝယ်ရောက်လာလို့ ရသ လောက်ဝယ်မှာပဲ' ပြောဆိုပြန်သွားပြီး တရုတ်ကို ခေါ်လာ သည်။ တရုတ်က ပါလာသည့်ငွေဒင်္ဂါးငါးထောင်၊ ငွေစက္ကူ ခုနစ်ထောင်ပေးပြီး သုံးခန်း လေးခန်းရှိ ကျီတလုံးရှိ ပဲဖြူ အားလုံးကို သိမ်းကြုံး၍ ဝယ်သည်။

ကျွန်တော် ငွေပြန်ယူအုံးမယ်၊ ကျန်သမျှ အကုန်ယူမယ်၊ ဘယ်သူ့ကိုမှ လက်မလွှန်လိုက်ပါနဲ့ဟု မှာထားပြီး တရုတ်က ရန်ကုန်တခေါက်ပြန်သွား၏။

ထို့နောက် မကြာမီ ပြန်လာပြီး ကျန် ကျီတွင်းမှ ပဲဖြူ အားလုံးကို သိမ်းကြုံးဝယ်ယူသည်။

ပဲဖြူရောင်း၍ ငွေတသိန်းကျော် ရရှိလေသည်။

ထိုအချိန်၌ ဒေါ်အိမ်ကြီးမှ သတ္တမမြောက်သမီးရတနာလေး တဦး ဖွားမြင်ခဲ့လေသည်။ မွေးဖွားရက်မှာ(၁၂၆၆-ခု) တော်သတင်းလပြည့်ကျော်(၁၁)ရက် အင်္ဂါနေ့ဖြစ်၏။

သမီးလေးမွေးဖွား၍ ခေါင်းဆေး မင်္ဂလာပြုသောအခါ၌ ငွေတသိန်းကျော်ရသည်ကိုအစွဲပြု၍ မသိန်းငွေဟု နာမည်မှည့်သည်။အရပ်ကို ဖိတ်ပြီး အကြီးအကျယ် ကျွေးမွေးညှော့ခံသည်။

(၄)

၁၂၆၆ ခုနှစ် ဦးစံငြိမ်း-ဒေါ်အိမ်ကြီးတို့သည် စေတီတဆူ တည်ထားကိုးကွယ်ရန် စီမံကြ၏။ စေတီတော်ပုံမှာ မန္တလေးမြို့ အိမ်တော်ရာ စေတီတော်ပုံ ဖြစ်၏။

စေတီတော်အတွက် အုတ်(၁၃) ဖို ဖုတ်ရန် အရှေ့ရွာက လူများက တာဝန်ယူဆောင်ရွက်ကြသည်။ ကလရွာနှင့် ငနှ ရွာက လူများကလည်း လာရောက်ကူညီကြသည်။

စေတီတော် တည်မည့်နေရာ၌ သုတ်သင်ရှင်းလင်းရန် အုတ်၊ သဲ၊ ထုံးတိုက်ရန် အရှေ့ရွာမှ လူတရာကျော်က အင်တိုက် အားတိုက် ဆောင်ရွက်ကြသည်။ ဦးစံငြိမ်းတို့က ဝိုင်းဝန်း ညီညာ ဆောင်ရွက်သူများအား ကောက်ညှင်းပေါင်း၊ ဘယာကြော်၊ ပဲကြော်၊ မုံ့လက်ကောက် ထန်းလျက်ရည်တို့ဖြင့် ကျွေး မွေး ညှော့ခံသည်။ ညှော့ခံသူ လူနှစ်ဆယ်ကျော် သုံးဆယ်ခန့်မှာ လက်မလည်အောင်ရှိသည်။ ဘုရားကိစ္စဖြစ်၍ တပျော်တပါး ဝိုင်းဝန်းဆောင်ရွက်သူ များလှ၏။

ဦးစံငြိမ်း-ဒေါ်အိမ်ကြီးတို့သည် လူအား ငွေအားနှင့်အမြဲဆောင်ရှက်ရာ မကြာမီပင် စေတီတော်ကြီးပြီးစီး အောင်မြင်ခဲ့လေသည်။ စေတီတော်မှုခ်ဦး(၄)ခုနှင့် အာရုံခံ တန်ဆောင်းပြာသာဒ်၊ ရေတွင်း၊ ရေကန်၊ စေတီ အရံ တံကိုင်း တို့ကိုပါ တဆက်တည်း ဆောက်လုပ်သည်။

စေတီတော်သည် ဦးကျော်ရန် တည်ထားသော စေတီထက် ဥာဏ်တော်မြင့်သည်။စေတီ၏ ဘွဲ့တော်ကို "သိရိမဟာမာရဇိန်" ဟု ခေါ်တွင်စေသည်။

သိရိမဟာ မာရဇိန်စေတီတော် ထီးတင်ပွဲကို ငြိမ့်ငြိမ့်သဲမျှ ကျင်းပသည်။ သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကပ်ပြီး အလှူဝတ္ထုများကို လှူဒါန်းဆက်ကပ်သည်။ လာလာသမျှ ဧည့်ပရိတ်သတ်တို့အား ထမင်းကျွေးမွေးဧည့်ခံသည်။

(၅)

၁၂၆၇ ခုနှစ်မှစ၍ သိရိမဟာမာရဇိန်ဘုရားပွဲတော်ကိုနှစ်စဉ် ကျင်းပသည်။ ပွဲတော်ရက်မှာ တပေါင်းလဆန်း (၈) ရက်နေ့ ဖြစ်သည်။

ပွဲတော်ရက်တွင် ဦးစံငြိမ်း ဒေါ်အိမ်ကြီးတို့နေအိမ်မှ ဘုရားအထိ လမ်းတလျှောက်လုံး မီးရှူးတိုင်များကို စိုက်ထူညှိထွန်းထားသည်။ဘုရားပရဝုဏ်အပြင်း၌ ဘုရားပွဲလာပရိသတ်တို့အား ဧည့်ခံ ကျွေးမွေးရန် မဏ္ဍပ်ထိုးထားသည်။

ဆွမ်းတော်ကြီးပွဲများနှင့် သံဃဒါန လောင်းလှူရန် ပန္နည်းအမျိုးစုံကိုလည်းအစီး၂၀ခန့်ဖြင့် ခမ်းနားသိုက်မြိုက်စွာ ဘုရား

သို့ တင်ပို့ကြသည်။ အရပ်သူ အရပ်သားများသည် အတီး အမှုတ် အကအခုန်များဖြင့် တပျော်တပါး လိုက်ပါကြသည်။

ဘုရားပွဲနေ့တွင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်း၍ ဆွမ်းတော်ကြီးပွဲများကို ကပ်လှူသည်။ ဆီမီး ပန်း ရေချမ်းတို့ဖြင့် ပူဇော်သည်။

ပင့်သံဃာတရာကျော်အားဆွမ်း ဆက်ကပ်၍ ဆွမ်းနှင့်ဆွမ်းဟင်း သပိတ်အပြည့်လောင်းလှူသည်၊ မုန့်ခဲဘွယ်များကိုလည်း သပိတ်ပေါ်တွင် တင်လှူသည်၊ လာလာသမျှ လူပရိသတ်တို့အား ထမင်းခဲဘွယ်တို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

## (၄)

၁၂၆၈ ခုနှစ် ဆီးမီးခုံမြို့ မြောက်ကျောင်းတိုက်၌ ဦးလွှား ဒေါ်ရွှေဥတို့ဆောက်လုပ်လှူဒါန်းထားသော ကျောင်းကြီးမှာ နှစ်တွေ့ကြာညောင်း၍ ဟောင်းနွမ်းပျက်စီးလာသည်။ ဦးစံငြိမ်းသည် မိဘများ၏ကောင်းမှုဖြစ်၍ ထပ်မံပြင်ဆင်ရန် စီစဉ်သည်။

ရှေးကျောင်းဟောင်းကြီးကိုပြင်ဆင်ရန် ရှေးမူမပျက်စေချင်သို့ဖြစ်၍ ရှေးဟောင်းပုံစံအတိုင်း လက်သမား(၁၅)ယောက်နှင့် ၁၂၆၈ ခုနှစ်မှ စတင်လုပ်ကိုင်ရာ တနှစ်ကျော်ကြာမှ ပြီးသည်။ လက်ခ ၂၅၀၀ ကျပ်ပေးရ၏။ ကျောင်းကြီး ပြင်ဆင်ပြီးစီးသောအခါ မြောက်ကျောင်း ဘုန်းကြီး ညီအစ်ကိုနှစ်ပါး ကျောင်းတင်၍ ရေစက်ချ လှူဒါန်း၏။

၁၂၇၀ ပြည့်နှစ်၊

ဦးကျော်ရန်-ဒေါ်စိန်နုတို့ ဆောက်လုပ် လှူဒါန်းခဲ့သော တောင်ကျောင်းမှာလည်း ဟောင်းနွမ်းပျက်စီးစ ပြုလာပြီဖြစ်၍ ဦးစံငြိမ်းတို့က ဆက်လက်ပြင်ကြ၏။ မြောက်ကျောင်းနည်းတူပင် ရှေးမူမပျက် ပြင်ဆင်စေသည်။

"မြောက်ကျောင်းတုန်းကလိုဆင်တူလုပ်ပါ၊ကျွန်တော်တို့က ခဏခဏလာမကြည့်နိုင်ဘူး၊ ကောင်းအောင်သာလုပ်၊ကျွန်တော်တို့က ကောင်းမှုကြိုက်တယ်၊ လက်ခလဲမြောက်ကျောင်းအတိုင်း ၂၅၀၀ပေးမယ်"ဟု ဦးစံငြိမ်းက လက်သမားဆရာကို ပြောလည်း။

တောင်ကျောင်းကြီး ပြင်ဆင်ပြီးသွားသောအခါ တောင်ကျောင်း ဘုန်းကြီး ညီအကိုနှစ်ပါးကို ကျောင်းတင်ကြပြီး ရေစက်ချ လှူဒါန်းသည်။

(၇)

၁၂၇၃-ခုနှစ်။

တနေ့သော အခါတွင် ဖြစ်၏ ဦးစံငြိမ်း-ဒေါ်အိမ်ကြီးတို့ အိမ်သို့ သီလရှင်နှစ်ပါး ဆွမ်းဆန်အလှူခံ ရပ်လာသည်။ ထိုအခါ ဒေါ်ကြီးအိမ်က

"ဆရာလေးတို့ ဘယ်ကကြွလာပါသလဲ"ဟု မေးရာ "စစ်ကိုင်းတောင်ရိုးမှ လာကြောင်းဖြေကြသည်။ ဘယ်ချောင်မှာနေပါသလဲ"ဟု မေးပြန်ရာ ဇလွန်သာသယ ချောင်အဆင်း

မတ္တရာချောင်အောက်ထပ် အာရုံခံဇရပ်မှာ နေကြောင်း ပြောပြကြသည်။

ဒေါ်အိမ်ကြီးသည် စစ်ကိုင်းတောင်မှဖြစ်ကြောင်း သိရသောအခါ ဝမ်းသာအားရဖြစ်ပြီး ဘီလရှင်နှစ်ပါးကို အိမ်ထဲကြွရန်ဖိတ်ခေါ်၍ နေရာထိုင်ခင်းပေးသည်။

"နို့ ဆရာလေးတို့ ဆီးမီးခံ့မှာ အသိရှိပါသလား"

"မရှိပါဘူး ဆရာလေးတို့က ပခုက္ကူမြို့နယ် ဇာတိရွာက ပြန်လာကြတာပါ။ စစ်ကိုင်းအပြန် ဒီမရောက်ဘူးတာနဲ့ဝင်လာကြတာပါ"

"ဒါဖြင့် တပည့်တော်မတို့အိမ် တည်းကြပါ၊ ဆရာလေးတို့အပြန် တပည့်တော်မတို့လဲ စစ်ကိုင်းလိုက်ချင်ပါတယ်"

စစ်ကိုင်းတောင်မှ သီလရှင်နှစ်ပါးမှာ သားအမိ ဖြစ်ပြီး သမီးသီလရှင်၏ဘွဲ့အမည်မှာ မမေဓာဝတီဖြစ်သည်။ သီလရှင်နှစ်ပါးသည် ဦးစံငြိမ်း ဒေါ်အိမ်ကြီးတို့အိမ်၌ သုံးညတည်းခို၍ ဆီးမီးခံ့ရှိ ဘုရားကျောင်းကန်များသို့ သွားရောက် လည်ပတ်ဖူးမျှော်ကြသည်။

ဒေါ်အိမ်ကြီးသည် သီလရှင်များအပြန် စစ်ကိုင်းတောင်ရိုးသို့ လိုက်သွားပြီးတလခန့် ဥပုသ်သီတင်းဆောက်တည်၍ တရားအားထုတ်ရန် စိတ်ကူးသည်။

"ကိုစံငြိမ်း ကျွန်မတော့ သီလရှင်များနဲ့ စစ်ကိုင်းတောင်ရိုးလိုက်သွားပြီး တလလောက် ဥပုသ်သီတင်း စောင့်ချင်တယ် တတ်နိုင်သလောက် တရားလဲ အားထုတ်ချင်တယ်"ဟု ဦးစံငြိမ်းကို တိုင်ပင်သည်။

"အေး ကောင်းသွားပဲ၊ ဘယ်သူပါအုန်းမလဲ"

"သမီးလေး ခေါ်သွားမယ်၊ သမီးလေးကလဲ အမေသွားမယ်ဆိုတော့ လိုက်ချင်နေတာ သူ့ကြောင့် ဒေါ်ဒွန်းစပါခေါ်ရမှာ"

ထိုအခါဦးစံငြိမ်းက 'သားအမိနှစ်ယောက်စစ်ကိုင်းတောင်ရိုးသွားပြီး မယ်သီလများ လုပ်မလို့လားမသိ"ဟု ဒေါ်အိမ်ကြီးကို ခနဲ့ရာ 'အမလေး မယ်သီလ မလုပ်ပါဘူး သီလရှင်တွေလာတုန်း အခန့်သင့်လို့ လိုက်တာပါ၊ တလလောက်နေပြီး ပြန်လာမှာပါ"ဟု ပြောသည်။

(ဂ)

နံနက် ၇-နာရီအချိန်။

ဒေါ်အိမ်ကြီးသည် သမီး မသိန်းငွေ အဖော် ဒေါ်ဒွန်းစတို့လိုက်ပါလျက် သီလရှင်နှစ်ပါးနှင့်အတူ ဆိပ်ကမ်းသင်္ဘောပေါ်သို့ ရောက်ရှိနေကြ၏။

ဦးစံငြိမ်းနှင့် သားသမီးများက လိုက်ပို့ကြသည်။ သမီးဖြစ်သူ မငြိမ်က သင်္ဘောပေါ်စားရန် ထမင်းဟင်းများကိုချိုင့်ဖြင့် ထည့်ပေးသည်။ 'အမေဘလပြည့်ရင် လာခေါ်မယ်နော်'ဟု မငြိမ်က မှာလိုက်သည်။

ဒေါ်အိမ်ကြီးတို့သည် သင်္ဘောဖြင့် စစ်ကိုင်းသို့ ထွက်ခဲ့ကြသည်။ စစ်ကိုင်းဆိပ်ကမ်း ရောက်သောအခါ သင်္ဘောမှဆင်း၍ စစ်ကိုင်းတောင်ရိုး မတ္တရာချောင်သို့ သီလရှင်များနှင့်အတူ လိုက်ပါသွားကြသည်။ မတ္တရာချောင် အောက်ဇရပ်၌ တည်းခို

နေထိုင်ပြီး ဥပုသ်သီတင်း ဆောက်တည်၍ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရန် စီစဉ်သည်။

မတ္တရာချောင် အထက်ဇရပ်၌ မတ္တရာ ဝန်ကတော်ကြီးနှင့် အဖော်နှစ်ဦးတို့မှာ ဒေါ်သုန္ဒာနှင့် ဒေါ်ဖြူတို့ဖြစ်၏။

ဒေါ်အိမ်ကြီးသည် နေ့ပိုင်းတွင် မတ္တရာဝန်ကတော်ကြီးထံ သွားရောက်ပြီး ကမ္မဋ္ဌာန်းအားထုတ်သည်။ မတ္တရာဝန်ကတော်ကြီးက ကမ္မဋ္ဌာန်းနည်းကို သင်ပြပေးသည်။

ညည်း ဂန္ဓာရုံဆရာတော်ဘုရားရေးတဲ့ စာအုပ် ကြည့်ဘူးရဲ့လား၊ ကြည့်ဘူးပါ ဘုရား၊ အဲဒီစာအုပ်ကြည့်ရလို့ ဒီကိုလာခဲ့တာပါ ဘုရား။

အဲဒီ စာအုပ်ထဲမှာပါတဲ့ "ဆိတ်, တင်, ဖြောင့်, ငါး, ရှေ့မြဲ ပွား, ကြိုးစား ဘာဝနာ"တဲ့ ဆိတ်ဆိုတာ ဆိတ်ငြိမ်ရာအရပ်ကို ပြောတာ၊ တင်ဆိုတာ တင်ပလ္လင်ခွေပြီး ထိုင်ရမယ်၊ ဒကာမတွေ ကျတော့ ဒူးတုပ်ထိုင်ပေါ့၊ ဖြောင့် ဆိုတာ ခါးဆန့်ပြီး ဖြောင့်ဖြောင့် မတ်မတ် ထိုင်ရမယ်၊ ငါးဆိုတာ အာရုံငါးပါး မဝင်လာစေရဘူး၊ ရှေ့ဆိုတာ မိမိရှေ့ နှစ်တောင်ထွာလောက် အကွာ ဘုရားကိုယ်တော်မြတ်ကြီးကို စိတ်မှန်းနဲ့ပင့်ထားရမယ်၊ မြဲဆိုတာ ဘုရားအာရုံမှာသတိမြဲရမယ်လို့ဆိုလိုတာပဲ၊ကမ္မဋ္ဌာန်း မထိုင်မီ ဘုရားကို မိမိ ခန္ဓာကိုယ်လူပြီးတော့မှ ပုံတော်ကို မှန်းပြီး (အရဟံ-အရဟံ)လို့ပွား၊ မှတ်မိပြီလား၊မှတ်မိပါပြီ ဆရာကြီး၊ ကဲ-ဒါဖြင့် ဂူထဲ သွားပြီး ဒီစာအတိုင်း အားထုတ်ပေတော့။

ဒေါ်အိမ်ကြီးသည် နံနက် ၇နာရီမှ ၁၀နာရီအထိတကြိမ်၊ နေ့ ၁၂နာရီမှ ၃နာရီအထိ တကြိမ်၊ နေ့စဉ် တနေ့ နှစ်ကြိမ်

ဂူအတွင်း၌ ကမ္မဋ္ဌာန်းအားထုတ်သည်။ ကေသနိက်၊ ပတ္တာပိုဏ်
ဓုတင် ဆောက်တည်၍ နေ့စဉ် တထပ်သာ စားသည်။

မသိန်းငွေကား မတ္တရာချောင်အောက်ဇရပ်မှာပင် သီလရှင်
ကလေး မမေမာဂကီနှင့်အတူ နေ့စဉ် မမေဓာဝတီက မဂ္ဂင်
ချောင်သို့ စာဘက်သွားသောအခါ လိုက်ပါသွားတတ်သည်။

(၉)

ဒေါ်အိမ်ကြီးသည် စစ်ကိုင်းတောင်ရိုးသို့ လာရောက်တရား
အားထုတ်ရာ တလပြည့်သွားခဲ့လေပြီ။ တလပြည့်၍ အဓိဋ္ဌာန်
ရက် စေ့သဖြင့် ဆိမ်းခိုသို့ပြန်ရန် စီစဉ်ရသည်။ မတ္တရာ ဝန်
ကတော်ကြီးထံ ဝတ္ထုငွေ(၅၀)ဖြင့် သွားရောက်ကန်တော့၏။
ဝန်ကတော်ဆရာကြီးက တရားထူး တရားမြတ်နဲ့ နေနိုင်ပါစေဟု
ဆုပေးသည်။

ဒေါ်အိမ်ကြီးသည် စစ်ကိုင်းတောင်မှ မပြန်မီ တရက်တွင်
နံနက်စောစောထ၍ တောင်ဘီလူးချောင် စေတီရှိ ဆင်းတု
တော်အား သွားရောက်ဖူးမြော်ကာ ဆွမ်းတော်၊ ပန်းတော်၊
ရေချမ်းတော်ကပ်လှူသည်။ အဖော်အဖြစ် ဒေါ်ဒွန်းစက လိုက်
ပါသည်။

မသိန်းငွေကို "သမီး မလိုက်နဲ့" အိပ်နေရစ်နော်၊ အမေတို့က
အဝေးကြီးသွားမှာ၊ မိုးမှောင်မှောင်မို့ မလိုက်ချင်နဲ့ဟု ချော့
သည်။ သို့ရာတွင် မသိန်းငွေက မရ၊ လိုက်မှာပဲဟု ကပ်နေ
သည်။ နောက်ဆုံးတွင် မသိန်းငွေကိုပါ ခေါ်ခဲ့သည်။ တောင်
ဘီလူးချောင် စေတီတော်သို့ရောက်၍ ဆင်းတုတော်အား ဆွမ်း

တော် ကပ်လှူသောအခါ"မေမေ ဘုရားက ရွှေတွေဝင်းလို့ လှလိုက်တာနော်"ဟု...မသိန်းငွေကပြောရာ"ဟဲ့-လှလိုက်တာလို့ မပြောရဘူး၊ သပ္ပါယ်တယ်၊ကြည်ညိုစရာကောင်းတယ်လို့ ပြောရတယ်"ဟု ဒေါ်အိမ်ကြီးကသင်ပေးသည်။

ဒေါ်အိမ်ကြီးသည် ဆင်းတုတော်အား ဆွမ်းတော်ကပ်လှူပြီး ဘုရားရှိခိုးနေ၏။ ထိုစဉ် မသိန်းငွေသည် တယောက်ထဲ အပြင်ထွက်သွားသည်။ဘုရားရှိခိုးနေစဉ်ဖြစ်၍ အပြင်ထွက်သွားလိုက်သည်ကို သတိမပြုမိ။ ဘုရားရှိခိုးပြီး၍ လှည့်ကြည့်သောအခါ မသိန်းငွေကို မတွေ့ရသဖြင့် သမီးရေ...သမီး၊မသိန်းငွေဟု ခေါ်သည်။ ဒီကလေး....ဘယ်သွားလိုက်ပါလိမ့်"ဟု စိတ်ပူကာ အနီးပတ်ဝန်းကျင် လိုက်ရှာသည်၊ မတွေ့ရချေ။

ဒေါ်အိမ်ကြီးနှင့် ဒေါ်ဒွန်းစ တို့သည် မတ္တရာ ချောင်သို့ အမြန်ပြန်လာခဲ့ကြ၏။ ချောင်ရောက်သောအခါလည်း မသိန်းငွေကို ရှာမတွေ့သဖြင့် အကြီးအကျယ် စိတ်ပူကာ သီလရှင်များ အကူအညီဖြင့် အနီးပတ်ဝန်းကျင်သို့ အနှံ့ အပြား လိုက်လံရှာဖွေကြ၏။ အရိပ်အရောင်မျှ မတွေ့ရချေ။

အားလုံး စိတ်မကောင်းဖြစ်ကြသည်။ ဒေါ်အိမ်ကြီးကမူ ရင်တမမဖြင့် "ဘုရား....ဘုရား"၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ ကြည့်မနေကြပါနဲ့ ကျွန်မသမီးကလေး ကယ်တော်မူကြပါအုံးဟု တတွတ်တွတ် ပြောဆိုကာ သောကမီး တောက်လောင်လျက်ရှိ၏။ တနေကုန် လိုက်လံ စုံစမ်းကြသော်လည်း မသိန်းငွေ၏ သတင်းကို အစအနမျှ မရတော့ချေ။ သို့နှင့် ညနေ နေဝင်ရီတရောအချိန်တိုင် ရောက်လာ၏။

ဒေါ်အိမ်ကြီးသည် မီးအိမ်ကိုယူပြီး ဆက်လက် ရှာရန် ဒေါ်ဒွန်းစတို့နှင့်အတူ ထွက်လာသည်။လမ်းတွင် တောင်းတလုံး ကိုင်၍ တူရွင်းထမ်းလာသော အဖိုးအိုကြီးတယောက်နှင့် တွေ့သည်။

"ဦးကြီးရယ်၊ကလေးမလေးတယောက် ပျောက်နေလို့ လမ်းများတွေ့ယင် ကျွန်မတို့ဆီ ပို့ပေးပါ၊ ကျွန်မတို့က မတ္တရာ ချောင် အောက်ထပ်မှာ နေပါတယ်"ဟု ဒေါ်အိမ်ကြီးက မှာသည်။

အဘိုးကြီးသည် ယခု တောင်ရိုးလမ်းအတိုင်း အနောက်မှ သရက်ပင်ဆိပ်သို့ သွားသည်။ ထိုစဉ် သရက်ပင်ဆိပ်ဘက်မှ အနောက်သို့ လမ်းအတိုင်း လာနေသော ကလေးမလေး တယောက်ကိုတွေ့၍ မေးကြည့်ရာ ငိုမဲ့မဲ့နှင့် ဖြေသည်။"မေမေနဲ့ ဒေါ်ဒေါ် ဘုရားဖူးနေတုန်း ပြန်တက်တယ် ပင်ပြီး ပြန်လာတာ ခုထိ ချောင်ပြန်မရောက်သေးဘူး ဘကြီး" "ဖြစ်မှဖြစ်ရလေ ငါ့မြေးရယ်၊ ဘကြီး လိုက်ပို့ပေးမယ်၊ကလေးရဲ့ မေမေနဲ့ ဒေါ်ဒေါ်ကိုလဲ တွေ့ခဲ့တယ်၊ လာလာ ဒီအနားတင်ပဲ မဝေးတော့ဘူး"

အဘိုးကြီးသည် ပါလာသည့် တောင်းနှင့်တူရွင်းကို အနီးရှိ ချောင်တွင် အပ်ပြီး မသိန်းငွေကိုလိုက်ပို့သည်။ ရန်ရှင်းချောင် အနီးသို့ ရောက်သောအခါ အနောက်မှလာသော ဒေါ်အိမ်ကြီးနှင့် ဒေါ်ဒွန်းစတို့ကို တွေ့သည်။

မသိန်းငွေသည် မိခင်နှင့်အဒေါ်တို့ကို မြင်သောအခါ ပြေးဖက်ပြီး တအားငိုလေတော့၏။ ဒေါ်အိမ်ကြီးသည် ထပ်ဂတ်

ထားသော ထဘီနှစ်ထည်မှ တထည်ကို ချတ်ပြီး မသိန်းငွေကို အုပ်သည်။ ထဘီနှင့် အုပ်လျှင် ဝေဒနာအပင်း မကပ်နိုင်ဟု ယူဆစွဲလန်းထားသောကြောင့် ထိုသို့ ပြုလုပ်ခြင်းဖြစ်၏။ မသိန်းငွေ တကိုယ်လုံးကို ဟိုစမ်း သည်စမ်း စမ်းကြည့်ယင်း "ငါ့သမီးလေး ဘာမျှ မဖြစ်ပါစေနဲ့၊ ဖွဟဲ့....လဲ့ပါစေ....ဖယ်ပါစေ" ဟု နှုတ်မှ တတွတ်တွတ်ရေရွတ်ကာ မျက်ရည် တွေတွေ ကျလျက်ရှိ၏။

အချိန်ကလည်း မှောင်စပျိုးလာ၏။ လိုက်ပို့သော အဘိုးကြီးကို ဒင်္ဂါးငါးကျပ်ပေးသည်။ အဘိုးကြီးက ငြင်းဆန်နေသည်။ ဇွတ်ပေးကာ မတ္တရာချောင်သို့ ပြန်လာခဲ့ကြသည်။

မသိန်းငွေကို လိုက်ရှာနေကြသော သီလရှင်များကို လိုက်ခေါ်ကြရသည်။ အားလုံး ပြန်ရောက်လာပြီး မသိန်းငွေကို တအံ့တသြ မေးကြ မြန်းကြ ပြောဆိုကြသည်။ဒေါ်အိမ်ကြီးက ကူညီ၍ လိုက်လံရှာဖွေကြသော သီလရှင်များအတွက် ဝတ္ထုငွေ (၁၀၀)ကျပ် လှူဒါန်း၏။ ချောင်ဆရာကြီးက တာဝန်ယူ၍ တပါးလျှင် နှစ်ကျပ်၊ သုံးကျပ်စီ ဝေငှလှူဒါန်းရန်ဖြစ်သည်။

ဒေါ်အိမ်ကြီးတို့ မပြန်မီ တရက်အလိုတွင် အကြီးဆုံး သမီးဖြစ်သူ မစိမ့်သည် စစ်ကိုင်းတောင်ရိုးသို့ ရောက်လာ၏။ မိခင်ဖြစ်သူ ဒေါ်အိမ်ကြီးကို ရန်ကုန်သို့ လိုက်ခဲ့ရန်ခေါ်၏။"အမေ ထွက်လာတဲ့ အတူတူ မထူးပါဘူး ရန်ကုန် သွားရအောင်၊ ရွှေတိဂုံဘုရားလဲ ဖူးရတာပေါ့။ အိမ်လဲ အမေ့ခေါ် သွားတယ်လို့ ပြောထားခဲ့တယ်"

"အေး....ကောင်းသားပဲ၊ သမီးလည်း ခေါ်သွားရမယ်"

ထိုအခါ မသိန်းငွေက "အမေ....ကျွန်မ ရန်ကုန်ကိုမလိုက်ချင်ဘူး စာနောက်ကျမှာ စိုးတယ်၊ စစ်ကိုင်း လာတာတောင် မြန်မြန်ပြန်လာခဲ့လို့ ဆရာကြီးက မှာလိုက်တယ်၊ ဒီက အပြန် ၄-တန်း တက်ရမှာ"ဟု ပြောသည်။

(၁၀)

ဒေါ်အိမ်ကြီးတို့သည် စစ်ကိုင်းမှ မန္တလေးသို့ ကူးခဲ့ကြ၏။ အိမ်တော်ရာ ဘုရားအနီးရှိ ရပ်ကွက်တွင် နေထိုင်သည့် တတိယသမီးဖြစ်သူ မနုတို့အိမ်၌ တည်းခိုကြပြီး ရန်ကုန်သို့ ခရီးဆက်ကြသည်။

ဒေါ်ဒွန်းစနှင့် မသိန်းငွေတို့သည် မန္တလေးမှ သင်္ဘောစီး၍ ဆိမ်းမိုးခုံသို့ ပြန်ကြသည်။ အိမ်ပြန်ရောက်သောအခါ ဦးစံငြိမ်းက မသိန်းငွေကို ကြည်ဆယ်သည်။ ညည်းတို့ သား အမိ နှစ်ယောက် စစ်ကိုင်းမှာ သီလရှင်ဝတ်သွားပြီလို့ သတင်းဖြစ်နေတာ ခုတော့ ဘယ့်နှယ် ပြန်ရောက်လာကြတာတုန်း"

"အဖေရယ်....အမေက သီလရှင် လုပ်ဖို့ နေနေ သာသာ စစ်ကိုင်းမှာ ကြာသွားလို့တဲ့၊ ရန်ကုန်တောင် မလိုက်ဘူး ငြင်းနေတာ အမကြီးက "အမေ....နောက်တော့ ရောက်နိုင်မှာမှုတ်ဘူး၊ အိမ်ကို ပြောခဲ့ပြီးသွားပါ လိုက်ခဲ့ပါ" ဇွတ်ခေါ်လို့ ပါသွားတာ"

မသိန်းငွေသည် ဆိမ်းမိုးခုံ ပြန်ရောက်ပြီးနောက် ကျောင်းဆက်တက်သည်။ သီလရှင်ဝတ်ရန်လည်း များစွာ စိတ်ထက်သန်နေသည်။ ဒေါ်အိမ်ကြီးသည် သမီး အကြီး မမိမ့်နှင့်အတူ

မန္တလေးမှ ရန်ကုန်သို့ ရထားဖြင့် လိုက်ပါသွားကြ၏။ ရန်ကုန်ရောက်သောအခါ ပုဇွန်တောင် ဒေါ်မိတို့တိုက်တွင် တည်းခိုသည်။

ဒေါ်မိသည် ဥစ္စာခနေပြည့်စုံ၍ တိုက်နှင့် ကားနှင့် ဖြစ်၏။ ဒေါ်အိမ်ကြီးသွားလိုရာကို ကားဖြင့် လိုက်ပို့ပေး၏။ သမီးများဖြစ်သူ ချစ်ချစ်နှင့် အမကြီးတို့ကလည်း ဖော်ရွေ ခင်မင်တတ်ကြ၏။

ဒေါ်အိမ်ကြီးက ကားစီးရမှာ အားနာနေ သော အခါ "အို...ဒေါ်ဒေါ်ကလဲ တခါတလေလာတာ အားနာမနေပါနဲ့ ကျွန်မတို့ ဝတ္တရား ကျွန်မတို့ လုပ်ပရစေလား" ဟု ပြောဆိုပြီး ဒေါ်အိမ်ကြီးကို သွားလိုရာ သူတို့ပါ အတူ လိုက်ပို့တတ်ကြသည်။

ဒေါ်အိမ်ကြီးသည် ရန်ကုန်၌ ၁၀ ရက်ခန့်နေ၍ ဘုရားပုထိုးများ အားရပါးရလှည့်လည်ဖူးမျှော်ပြီး ရန်ကုန်မှသင်္ဘောဖြင့် ဆိမီးခုံသို့ပြန်လာခဲ့သည်။

ဆိမီးခုံဆိပ်ကမ်းသို့ ရောက်သောအခါ ဆိပ်ကမ်း အလုပ်သမားကူလီများက ဒေါ်အိမ်ကြီးတို့ ပစ္စည်းများကို သယ်ယူကာ အစိမ့်တို့အိမ်အရောက် ပို့ပေးကြ၏။ ကူလီများမှာ အစိမ့်တို့၏လူများဖြစ်၍ မစိမ့်ကိုမြင်လျှင်မြင်ချင်း "ပွဲကတော်ဘာမှ မယူနဲ့ ကျွန်တော်တို့ အိမ်အရောက် ပို့ပေးမယ်" ဟု ဆီးကြိုလိုက်ပို့ကြသည်။

ပွဲရုံရောက်သောအခါ အစိမ့်က "အမေ အိမ် ဝင်ပါအုံး၊ ပြီးတော့မှ သွားတာပေါ့" ဟုပြောရာ 'ညည်းအိမ် ရောက်လို့

မထူးဘူး၊ ငါ့အိမ်ရောက်မှ အေးမှာ။ သမီးအငယ်ကမျှော်နေမှာအော့’ ဟု ပြောဆိုပြီး ဒေါ်အိမ်ကြီးသည် အိမ်အရောက်တန်း ပြန်သွား၏။

ထိုအချိန်၌ မသိန်းငွေကျောင်းမဆင်းသေး။ ကလေးမလေး တယောက်ကိုအခေါ်လွှတ်လိုက်ရ၏။

“မသိန်းငွေ....မသိန်းငွေ၊ ညည်းအမေ ရန်ကုန်ကပြန်လာပြီ၊ ခုခေါ်ခိုင်းလိုက်လို့ ငါလာခဲ့တာအော့”

“အဟုတ်လား”၊ “အဟုတ်ပါ၊ ငါ မလိမ်ပါဘူး”

“အေး....ဟုတ်ယင်ဟုတ် မဟုတ်ယင်တော့ ညည်းတော့ အသိပဲ”

“ညည်းမယုံယင် နေပါလား၊ ရန်ကုန်က ညည်းဖို့ အင်္ကျီ၊ လုံချည်၊ မုန့်တွေပါလာတာ၊ ညည်းမလာယင် ငါတို့ သုံးပစ်လိုက်မှာပဲ”

မသိန်းငွေသည် လာခေါ်သူမိန်းကလေးနှင့်အတူ အပြေးကလေးလိုက်လာသည်။ အိမ်ရောက်သောအခါ မိခင်၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ ဒေါ်အိမ်ကြီးက သမီးလေးကို ပွေ့ဖက်လိုက်ပြီး ပါလာသောပစ္စည်းများကို ပေးသည်။

“ဒါလေးတွေက သမီးဖို့ အမေကြီးကဝယ်ပေးတာ ကြိုက်ရဲ့လား”

မသိန်းငွေသည် ခေါင်းညိတ်ကာ အဖြေပေးပြီး မိခင်ကြီးက ပေးသောပစ္စည်းများကိုယူသည်။ ထို့နောက် အခန်းတွင်းသို့ သွားရောက်သိမ်းထားပြီး ကျောင်းပြန်သွားသည်။

(၁၁)

နှစ်စဉ် ကျင်းပနေကြဖြစ်သော သီရိမဟာ မာရဇိန်ဘုရား ပွဲတော်ကြီးသည် နီးကပ်လာလေပြီ။ ဆွမ်းတော်ပွဲကြီး ကပ်ခန်း နှင့် သံဃဒါနဆွမ်းကြီးလောင်းလှူရန် ကြိုတင် ပြင်ဆင်နေ သည်။

ဦးစံငြိမ်း ဒေါ်အိမ်ကြီးတို့အိမ်၌ လူတရာခန့်ကိုယ်စီအလုပ် လုပ်နေကြသည်။ မီးရှူးတိုင်အတွက် တုတ်ချောင်းများကို သပ်သူတွေသပ်၊ စက္ကူမီးအိမ် လုပ်သူတွေကလုပ်၊ အကြော် ကြော်သူတွေကကြော် တပျော်တပါးကြီးဖြစ်၏။

တပေါင်းလဆန်း ၇ ရက်နေ့တွင် အကအခုန် အတီးအမှုတ် များဖြင့် စည်ကားသိုက်မြိုက်စွာ ဆွမ်းတော်ကြီး ပို့ကြသည်။ ဘုရားရှေ့ ဆွမ်းတော်ကြီးပွဲများဖြင့်ပြင်ဆင်လှူဒါန်းပြီး ဘုရား ပွဲလာသူတို့အား ရုပ်သေး ဆိုင်းဝိုင်းတို့ဖြင့် ညလုံးပေါက် ကပြ ဖြေဖျော်ကြသည်။

တပေါင်းလဆန်း ၈ ရက်နေ့တွင် ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်ပဲ သရေစာအပြည့်အစုံဖြင့် သံဃာတော်များအား သံဃဒါနဆွမ်း ကြီးလောင်းလှူကြသည်။ လာလာသမျှ ပရိသတ် အားလည်း ထမင်း၊ မုန့်ခဲဘွယ်အစုံအလင်ဖြင့် ကျွေးမွေးဧည့်ခံသည်။ အား လုံးပြီးစီးသောအခါ သိက္ခာအကြီးဆုံးဆရာတော်ကိုပင့်၍ ရေ စက်ချအမျှဝေကာ ဘုရားပွဲကိုရုပ်သိမ်းကြသည်။

ဘုရားပွဲတော်သို့ ဆိမီးခုံမြို့နှင့် အနီးအနားရွာများက လာ ကြသဖြင့် အလွန်စည်ကားလှသည်။ အဖိတ်နေ့ညနေနှင့်ညပုသ်

နေ့နံနက်ခင်းတွင် ပရိသတ်သည် ပခုံးစွန်းချင်း ချိတ်လျက် ကြိတ်ကြိတ်တိုးနေသည်။

မသိန်းငွေသည် မိဘများ၊ အမများနှင့်အတူ ဘုရားပွဲသို့ လိုက်ပါလာ၏။ ရွှေလက်ကောက်ဝတ်ဆင်လာသည်။ ရင်းနှီးသူ အချို့က မသိန်းငွေကို စကြသည်။

"ရှက်ပါတယ်ဟေ့၊ ဘုရားဒကာကြီးသမီးဖြစ်လျက်သားနဲ့ ကြေးလက်ကောက်ကြီးနဲ့၊ တို့လိုဆို မဝတ်ပေါင်"ဟု တချို့က ပြောင်သည်။

"ဟုတ်သားပဲ၊ ဒီလက်ကောက်က ရွှေမစစ်ဘူး၊ မိုးကြိုး လက်ကောက်ကြီးပါ"ဟု တချို့က လှောင်သည်။

မသိန်းငွေသည် အပြောင်အလှောင်ခံရသောအခါ ကလေးပီပီ မစဉ်းစားတတ်၊ အဟုတ်မှတ်ပြီး လက်ကောက်ကိုချွတ်ပြီး လွှင့်ပစ်လိုက်၏။

ထိုအခါ ဒုတိယအမဖြစ်သူ မငြိမ်က "အဖေ .. အဖေ့သမီး လေးက သူများတွေက ကြည်စားတာ အဟုတ်မှတ်ပြီး လက်ကောက်တွေ ချွတ်လွှတ်ပစ်လိုက်တာ ဘယ်ရောက်လို့ ရောက်မှန်းမသိဘူး"ဟု ဦးစံငြိမ်းကို တိုင်ပြောသည်။ ဦးစံငြိမ်းက သမီး တယ်မိုက်တာကိုး၊ နောက်.... လက်ကောက် မဝတ်ချင်နဲ့ တော့"ဟု ပြောသည်။

ယိုအကြောင်းကိုဒေါ်အိမ်ကြီးကိုပြောသောအခါ "သမီးက ကလေးမို့ မသိလို့ပစ်လိုက်မိတာကို ငါက မနှမြောပါဘူး၊ သမီးအဖေက သမီးမိုက်တယ်လို့ ဆူလိုက်တယ် ဟုတ်လား၊

ငါ့သမီး လူတွေနဲ့နေရတာ အလွန်ရှုပ်တယ်၊ အမေတို့ သေယင် သီလရှင်သွားဝတ်တာ အအေးဆုံးပဲ”ဟု ပြောသည်။

ဒေါ်အိမ်ကြီးသည် မသိန်းငွေကလေး ဖွားမြင်ပြီးနောက် လက်ဝတ်လက်စားများကိုဝတ်ဆင်ခြင်းမပြုတော့ပေ။ နားကပ်ရော လက်ကောက်ပါ ရန်တော်မူရုပ်ပွားတော်ထုလုပ်ပြီး ဘုရားတွင် ဌာပနာလိုက်သည်။

(၁၂)

၁၂၇၈-ခုနှစ် ပြာသိုလတွင်ဖြစ်၏။

ဦးစံငြိမ်းသည် မီးရေးကိစ္စ စိတ်မချသဖြင့် နှစ်ဆောင်ပြိုင် အသားအိမ်ကြီးကိုဖျက်၍ တိုက်တည်ရန် စီမံသည်။ ပန်းရံလက်သမားများနှင့်တိုင်ပင်ပြီး အုတ်ဖိုပေါင်း ၃၀ ကျော် ဖုတ်ခိုင်းသည်။

တိုက်ကြီးကြီးတည်ပြီး သားသမီး ၇ယောက်ကို သူ့အခန်းနှင့်သူ စုပေါင်းနေစေမည်။ ပစ္စည်းဥစ္စာ အမွေအနှစ်ကိုလည်း တခါတည်းခွဲဝေပေးမည်”ဟု စိတ်ကူးထားသည်။

တနေ့သောအခါတွင်ဖြစ်၏။ အုတ်ဖုတ်သည့် ပန်းရံ ဆရာများက “ဘုရားဒကာကြီး အုတ် ၂၅ ဖိုတော့ ကျက်ပါပြီ၊ ၅ ဖိုပဲ ကျန်ပါတော့တယ်”ဟု ပြောလာကြသည်။ “အေး....ငါ လာကြည့်သေးတာပေါ့”ဟုပြောဆိုကာ အုတ်ဖိုကြည့်ရန် လိုက်သွားသည်၊ ထိုအချိန်၌ ဆီမီးခုံမြို့တွင် ပလိပ်ရောဂါ ဖြစ်ပွားလျက်ရှိသည်။ လူအများ အိုးအိမ်ပစ်ပြီး ဘုန်းကြီးကျောင်းတချို့၊ မြို့ပြင်တချို့ တဲထိုးကာ နေကြသည်။

ဦးစံငြိမ်း—ဒေါ်အိမ်ကြီးတို့ကား တခြားသို့ မသွားကြ၊ "တို့ကတော့ အသက်အရွယ်ကြီးပါပြီ၊ သားတို့ သမီးတို့သာ လွတ်အောင်သွားကြ၊ သမီးလေး မသိန်းငွေကလဲ အချကြီး မတင်မနေနဲ့ လိုက်သွား၊ အဖေတို့ အမေတို့လဲ ရ်ာ ရ်ာ လာခဲ့မယ်ပေါ့"ဟု ပြောဆိုကာ သားသမီးများကို တခြားသို့ စေလွှတ်လိုက်ကြ၏။

ဦးစံငြိမ်း အုတ်ဖိုသွားကြည့်နေစဉ် ဦးစံငြိမ်းတို့အိမ်၌ ကြွက်သေတကောင် ကျလာသည်ကိုတွေ့ရ၍ ဒေါ်အိမ်ကြီးက အင်တုံနှင့် မှောက်ထားပြီး ဦးစံငြိမ်းကို လိုက်ခေါ်ခိုင်းသည်။

ဦးစံငြိမ်း ပြန်လာသောအခါ "ကိုစံငြိမ်း အိမ်ထဲ ကြွက်ကလေး ကျလာပြီး သေနေလို့ ကြောက်တာနဲ့ အင်တုံနဲ့ မှောက်အုပ်ထားတယ်"ဟု ဒေါ်အိမ်ကြီးက ပြောသည်။

-"ဘယ်မှာတုန်း" "ဟိုနားက အင်ဟုံအောက်မှာ"

ဦးစံငြိမ်းသည် အင်တုံကိုလှန်ပြီး ကြွက်သေများ အဆန်း လုပ်လို့၊ ညည်းတို့ မကြောက်ရမှာ ကြောက်မနေစမ်းပါနဲ့" ဟု ပြောဆိုကာ ကြွက်သေကို လက်နှင့်ကောက်ယူပြီး တခြား သွားပစ်လိုက်၏။

ထိုနေ့ညတွင် ဒေါ်အိမ်ကြီး အဖျားဝင်လာသည်။ အား လုံးက စိုးရိမ်ပူပန်နေကြသည်။ ပြာသိုလဆန်း ၇ရက်နေ့ညနေ တွင် ဒေါ်အိမ်ကြီးက ဘုရားပွဲလှည့်လည်ရာ၌ ပင့်ဆောင်လေ့ ရှိသော ကြေးဆင်းတုရုပ်ပွားကို ပင့်ပေးရန် ဦးစံငြိမ်းအား ပြောသည်။ ဦးစံငြိမ်းက ဒေါ်အိမ်ကြီး ဆန္ဒအတိုင်း ပင့်ပေး သည်။

ဒေါ်အိမ်ကြီးသည် ကြေးဆင်းတုတော်ကို ခေါင်းရင်းတွင်ထားပြီး နေမကောင်းရာမှ လက်အုပ်ချီပြီး ရှိခိုးသည်။ ပြာသိုလဆန်း ၈ ရက် နံနက် ၄ နာရီတွင် အနီးရှိ သမီး အငြိမ့်ကိုနှိုးသည်။ "သမီးရေ....၄ နာရီထိုးပြီ ထ–ထ....ဘုရားဆွမ်းတော်ကပ်ရအောင် ဆွမ်းချက်ပါအေ–"

အငြိမ့်သည် ကပျာကရာ ထပြီး အရုဏ်မီ ဆွမ်းချက်သည်။ အရုဏ်တက်သောအခါ ဆွမ်းတော်ပြင်ဆင်ပြီး ဒေါ်အိမ်ကြီးထံ ယူလာသည်။

"အမေ ဆွမ်းတော်ကပ်ရအောင် ဆွမ်းတော်ပွဲ ယူလာပြီ"

"အေး....အေး"

ဒေါ်အိမ်ကြီးသည် ပြောယင်း ဆိုယင်း အိပ် ယာ တွင် လျောင်းနေမှ ထပြီး ဆွမ်းတော်ပွဲကို လှမ်းယူကာ ဘုရားဆွမ်းကပ်သည်။ ဆွမ်းတော်ပွဲ၊ ဆွမ်း၊ ဆွမ်းဟင်း၊ မုံ့၊ ပန်း၊ ရေချမ်းအစုံပါသည်။

ဆွမ်းတော်ပွဲကို တရိုတသေ ကပ်လှူပြီး အိပ်ယာတွင် ပြန်လှဲလိုက်၏။ ထိုစဉ်မှာပင် ဒေါ်အိမ်ကြီးသည် အိပ် ပျော် သည့်အလား ဝိညာဉ်ချုပ်သွားလေ၏။ အချိန်မှာ နံနက် ၅ နာရီခွဲအချိန် ဖြစ်၏။

"ဒေါ်အိမ်ကြီး....ဆုံးပတဲ့"ဟူသောသတင်းသည် တမဟုတ်တွင်း ပျံ့နှံ့သွား၏။ ကြားရသူတိုင်း အံ့သြနေကြ၏။ သားသမီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ ဝမ်းနည်းပူဆွေး ငိုကြွေးကြပြီး နေ့ချင်းချရန် အပူတပြင်း စီမံကြရသည်။

အလောင်းပြင်ရန် ပိတ်အုပ်နှင့် ယာယီစပ်ရန် ပျဉ်များကို ဝယ်ယူစေရာ အပိုအမိုပါလာ၏ ထိုကိစ္စမျိုးအတွက် တိကာ တိုင်းကာ ဝယ်ယူကြသည်။ပိုလျှင် နိမိတ်မရှိဟု ယူဆကြောက်ရွံ့ ကြ၏။ သို့ဖြစ်၍ ပိုသမျှကို လူကြီးတွေ မသိစေပဲ ရေတွင် မျှော ပစ်လိုက်ကြရသည်။

ညနေ ၃နာရီအချိန် ဒေါ်အိမ်ကြီး အသုဘကို ရှေ့ဆိုင်း နောက်ဆိုင်းဖြင့် စည်ကားစွာပို့ဆောင်သင်္ဂြိုဟ်ကြ၏။ကျောင်း ၂၁ကျောင်းမှ ပင့်သံဃာ ၂၁ ပါးပင့်ပြီး ဆန်တအိတ်၊ ဆီ တပုံး၊ ငှက်ပျောတပွဲ၊ ဝတ္ထုငွေ ၁၀၀ကျပ်စီ လှူဒါန်း၏။လိုက် ပါပို့ဆောင်သည့် လူတထောင်ကျော်အား ငွေဒင်္ဂါး၁၀ကျပ်စီ ကမ်းလှမ်းသည်။

(၁၃)

ဦးစံငြိမ်းသည် ဒေါ်အိမ်ကြီး အသုဘပို့ယင်း အနည်းငယ် နေမကောင်းချင်၍ သာဂေါင်ရပ် သပိးအကြီးအိမ်တွင် နေရစ် သည်၊ သုသာန်အထိ လိုက်ပါမသွားချေ။

ဦးစံငြိမ်း နေမကောင်းလို့တဲ့" သတင်းဟလည်း တမဟုတ် တွင်း ပျံ့သွား၏။ ဦးစံငြိမ်း၏ အမေနှင့် အဖေက ထိုသတင်း ကြားသောအခါ ဦးစံငြိမ်းရှိရာသို့ ချက်ချင်းလိုက်လာကြ၏။

"သူကလေးလဲ မအိမ်ကြီးနောက် လိုက်တော့မှာ ထင်ပါ ရဲ့"ဟု ဦးစံငြိမ်း၏ မိခင် ဒေါ်ရွှေဥက ငိုဟို ပြောဆိုယင်း ပူဆွေးသောကရောက်လျက်ရှိ၏။

"ညည်းကလဲ ငါ့သားကို နိမိတ်မရှိ–နမာမရှိ မပြောစမ်းပါနဲ့"ဟု ဦးလွှားက ဟန့်တားသည်။

ဦးစံငြိမ်းက "အမေတို့ အဖေတို့ ကျွန်တော် နေကောင်းပါတယ်၊ ဘယ်သူကမျှ နေမကောင်းဘူး သွားပြောကြပါလို့မှ၊ အသက် ၇၀ကျော် အမေ အဖေတွေ အလကား ဒုက္ခရောက်အောင်"ဟု ညည်းတွားရှာသည်။

"အမေတို့ အဖေတို့ရာ အလကား ဒုက္ခရောက်အောင် လာကြတယ်၊ အိမ်ကနေ မေတ္တာပို့နေ ပြီးရောပေါ့"

"မအိမ်ကြီး အသုံ့ဘချသွားတော့ ငါတို့လဲ အိမ်ပေါက်က ထွက်ကြည့်ပြီး အင်း....ငါ့သမီးကတော့ သွားရှာပြီပေါ့၊ ငါ့သားကြီးတော့ သားတွေ သမီးတွေနဲ့ ဒုက္ခရောက် ကျန်ရစ်ရှာပြီ"လို့ ပြောပြီး စိတ်မကောင်းဘူး သားရေ၊ ကဲ–အမေတို့ အဖေတို့တော့ ဒီမှာ ညမအိပ်တော့ဘူး၊ မင့်ညီ မောင်စံအေး အအိပ်ခိုင်းလိုက်မယ်"

"ကောင်းပါတယ်....အမေတို့ အဖေတို့ ပြန်ကြပါတော့၊ ကဲ–ကျွန်တော် ကန်တော့လိုက်ပါတယ်"

ဦးစံငြိမ်းသည် မိဘနှစ်ပါးကို တရိုတသေ ထိုင်ကန်တော့၏။ ငါ့သား ကျန်းမာချမ်းသာစွာနှင့် သည်ရောဂါဝေဒနာဆိုးမှ မြန်မြန်ကြီးပျောက်ကင်းပါစေ။

ဦးလွှားနှင့် ဒေါ်ရွှေဥတို့သည် သားကြီးဦးစံငြိမ်းအား ဆုပေးပြီး နေအိမ်သို့ ပြန်သွားကြ၏။ ထိုညမမှောင်မီ ဦးစံအေး ရောက်လာ၏။

"ခုလာတာ မောင်စံအေးလားဟေ့"

"ဟုတ်ပါတယ်အကိုကြီး ကျွန်တော်ပါ"

"ငါ့နွား ကပ်ခွဲစမ်း နက်ဖန်ကျယင် ငွေနဲ့ထံ ကြေးနန်း ရိုက်လိုက်ကွာ"

"ဟုတ်ကဲ့အကိုကြီး"

ထိုညဉ့် ဦးစံငြိမ်းမှာ အဖျားတက်လိုက် ကျလိုက်ရှိ၏။ ကိုးရက်နေ့၌ကား အပြင်းအထန်ဖျားသည်။ ဆယ်ရက်နေ့တွင် အဖျားကျ၍ အတော်ကလေး နေကောင်းလာသည်။ ၁၀ရက်နေ့၌ မငွေနု ရောက်လာသည်။ သား သမီး အစုံအညီ ရှိသောအခါ အားလုံးအနားခေါ်ပြီး ပစ္စည်းရေး ကိစ္စအတွက် မှာကြားသည်။

နှစ်ဆောင်ပြိုင်အိမ်ခါးပန်းကိုထုံးကိုတ်ထားတာရဲ့အောက်တဲ့တဲ့မှာ ငွေတသိန်း စဉ့်အိုးတွေနဲ့မြုပ်ထားတယ်၊ ဆယ်ဝင်အိုးကနှစ်လုံး၊ ငါးပိဿဝင်အိုးကငါးလုံး ပေါင်း(၇)လုံး ရှိတယ်၊ အဲဒါတူးဖော်ပြီး ညီကိုမောင်နှမတစု အညီအမျှခွဲယူကြ၊ သားယောကျ်ားလေးက တယောက်ထဲပါတာမို့ သူ့ကိုတော့ နှစ်ပုံပေးလိုက်ကြ။

ဆိမ်းခုံမှာ လယ်ဧက (၇၀၀)ကျော် သာဒွန်းမှာ ဧက (၁၀၀) မင်းဒန်ရွာမှာ (၁၀၀)ကျော်၊ အီသွန့်ရွာမှာ(၁၁) ဧကနှင့် ကျွဲငါးကောင်၊ နွားအကောင်(၁၀၀)ကျော်အပ်ထားတယ်၊ သရက်ပင်က အပင်(၅၀) လဲပင်က (၁၀)ပင် စာရင်း စာအုပ်မှာ အားလုံးရေးထားပြီးရှိတယ်။

ဦးစံငြိမ်းသည် အနည်းငယ်မောသလိုရှိ၍ ခေတ္တစကားဖြတ်အနားယူလိုက်ပြီး ဆေးပေါ့လိပ်ကြီးကို မီးညှိသောက်နေ၏။

ဆေးလိပ်သောက်လိုက် ပြောလိုက်နှင့် ဆေးပေါ့လိပ်နှစ်လိပ်ကုန်သွားသည်။

၁၄နှစ်သားမောင်ထွန်းဖေနှင့် ၁၂နှစ်သမီး မသိန်းငွေတို့ကို ငါ့သမီးကြီးမယ်စိမ့်က စောင့်ရှောက်လိုက် အမေနှင့်ဆိုင်သော ပစ္စည်းကို သမီးလေးပေးလိုက် အဖေ့ပစ္စည်းကို သားလေးကို ပေး၊ ဟုတ်လား။

ဦးစံငြိမ်းသည် သားသမီးများအား ပြောစရာရှိသည်တို့ကို ပြောပြီး "အင်း နင်တို့နဲ့ စကားပြောရင်း ဆေးလိပ်နှစ်လိပ်တောင် ကုန်သွားပြီ ငါအိပ်လိုက်အုန်းမယ်၊ နင်တို့လဲအိပ်ချေကြတော့"ဟု စကားဖြတ်ကာ မှိန်းနေလိုက်၏။

သားသမီးများ အိပ်ရာဝင်ကြသောအခါ ညီဖမောင်စံအေး သမက်ငါးယောက်နှင့် အနှိပ်သက်တို့မှာ ဦးစံငြိမ်း အနီးတွင် ဝိုင်းပြီး အိပ်ကြ၏။ အနှိပ်သယ်က ဆုပ်နယ်ပေးသည်။

ဦးစံငြိမ်းသည် တရေးနိုးလာသောအခါ အနီးရှိ သမက်များအားမေးသည်။ "ငွေနုယောကျ်ားအိပ်ပြီလား" "မပျော်သေးပါဘူးဦး" "မင်းက နက်ဖန်မနက်လေးပြန်တော့ မနက်လေးက အလုပ်သမား (၂၀) လောက်ခေါ်ပြီး မြောက်အိမ်ကို စောင့်ဘို့ လိုက် နားလည်လား"

"ဟုတ်ကဲ့-ဦး၊ ကျွန်တော် နားလည်ပါတယ်"

"မောင်ခန့်ကြီးရယ်၊ မောင်သာဆင့်ရယ်၊ မောင်ဘတင်ရယ်၊ မောင်ဥာဏ်ပေါ်ရယ်၊ မင်းတို့ လေးယောက်က ဘုရားပွဲတော်အတွက် ဝါယမစိုက်ကြ၊ ဘုရားပွဲက နီးလာပြီ၊ တို့ကတော့ ဝီရိယကောင်းတယ်၊ပြာသိုလကစပြီး မီးရှူးတိုင်တို့ ဘာတို့ လုပ်

ထားတယ်၊ မအိမ်ကြီးက သူဆေးလိပ် မသောက်တတ်ပေမယ့် ဆေးလိပ် တသောင်းကျော် လူငှားပြီး ကြိုတင် လိပ်ထားစေတယ်၊ ငါးကျော်တို့ ဘာတို့လဲ ဘာမျှ လိုလေးသေး မရှိစေရ အကုန်စီမံပြီးသား၊ မင်းတို့လဲ တို့လိုပဲ ကြိုကြိုတင်တင် ပြည့်ပြည့်စုံစုံဖြစ်အောင် လုပ်ထားကြ”

ဦးစံငြိမ်းသည် စိတ်ထဲရှိသမျှ မှာကြားပြောဆိုပြီး ခေတ္တမှိန်းနေပြန်သည်။ ညဉ့်လဲ အတော်နက်လာ၏။ ဦးစံငြိမ်းမှာ အိပ်ပျော်လိုက် နိုးလိုက်ဖြစ်နေသည်။ သူ့ကိုယ်သူ၊ လူ့ဘဝတွင် ဆက်လက် နေရတော့မည် မထင်။ သေချင်လျှင် အလွယ်လေးဟု ယူဆထား၏။ သို့ဖြစ်၍ မှာစရာရှိသမျှ သတိရတိုင်း မှာနေသည်။

“ငါနေရတော့မှာ မဟုတ်ဘူး” ငါသေယင် မအိမ်ကြီးဟုန်းကအတိုင်း စီမံကြ၊ ငါ့ဒွေမေ ...အဖေတွေ့အသက် ၈၀ကျော်နေကြပြီ၊ သူတို့သေယင် ငါမှာထားတဲ့အတိုင်း ပြသာဒ်နှင့်ချ”

“သမီးအကြီးကို ခေါ်လိုက်စမ်း၊ မစိမ့်ကိုနှိုးပြီး ခေါ်ခဲ့ကြ၏။ အနားရောက်သောအခါ “ငါ့သမီးက အကြီးဆုံး၊ ငါမရှိတဲ့ အခါ အုပ်အုပ်ထိန်းထိန်း ညီညီညွတ်ညွတ် နေကြ၊ ထင်းအစည်းပြေသလို မဖြစ်စေကြနဲ့၊ အကြီးဆုံးပီပီ စိတ်ကောင်းများများမွေး၊ အဖေတို့ပစ္စည်းတွေ မျှမျှတတ ခွဲယူကြ၊ လောဘမကြီးကြနဲ့” ဟု မှာကြားပြီး “ကဲ--အိပ်အုံးမယ်” ဆိုကာ ဗိုလ်စောင်ကြီး ခေါင်းမြီးခြုံ၍ အိပ်သည်။

နံနက် ၄ နာရီအချိန်တွင် ဦးစံငြိမ်း ကွယ်လွန် သွား၏။ အနီးကပ်ပြီး မကြာခဏ စမ်းကြည့်တတ်သူ ဦးစံအေးက ဆုံး

သွားပြီဖြစ်ကြောင်း သိ၏။ သို့ရာတွင် ဘုညံ့စွာ ဟာစ်ငိုကြမည် စိုး၍ သားသမီးများအား မပြောသေးပဲ အသာထားသည်။

အချိန်ရာသီက ပြာသိုလဖြစ်၍ ခိုက်ခိုက်တုန်မျှ အေးလှသည်။ဦးစံအေးသည် မီးသွေးမီးဖိုကို မီးထည့်ပြီး မီးလှုံနေ၏။ ထိုစဉ် မငြိမ်းသည် အိပ်ယာမှ ထလာပြီး "ဦးလေး အဖေကညတုန်းက စကားတွေပြောလိုက်တာ ခုတော့ အိပ်နေသလား" ဟု မေးသည်။

"လာပါအေ....ငါ့နား လာပြီး မီးလှုံလှည့်"

ဦးစံအေး မီးလှုံနေရာသို့ တယောက်ပြီး တယောက် အိပ်ယာမှ ထလာကြ၏။ ဦးစံအေးသည် စိတ်ကို မနည်းထိန်းချုပ်ထားရသည်။ အကိုကြီး ဆုံးသွားပြီဖြစ်ကြောင်း အပြောရခက်နေ၏။ သို့ဖြစ်၍ ကြံမိ ကြံရာ ကြံပြီး ဤသို့ စကားစလိုက်သည်။

"နင်တို့ ငမိုးရိပ် မိကျောင်းအကြောင်း နားထောင်ကြမလား"

"ဦးလေးပြောယင် နားထောင်မှာပေါ့"

"ရှေးတုန်းက ငမိုးရိပ်ဆိုတဲ့မိကျောင်းကြီးတကောင်ရှိသတဲ့၊ အဲဒီမိကျောင်းက လူအသွင်ဖန်ဆင်းပြီး လူမိန်းမနဲ့ အကြောင်းပါတော့ သားကလေးတယောက် ရသတဲ့၊ ငမိုးရိပ်မိကျောင်းက ရှင်ဘုရင်ကြီးထံ အမြဲတန်း ရွှေ-ငွေ အဆက်အသ သွားရတယ်၊ နောက် သားမယားရတဲ့ အချိန်ကစပြီး မေ့လျော့ပြီး ပျော်ပါးကာ ရှင်ဘုရင်ကြီးထံ မရောက်ဘူး၊ ဒီတော့ ရှင်ဘုရင်ကြီးက အပြစ်ဒဏ်ပေးတဲ့ အနေနဲ့ ကြိမ်စကြာနဲ့ ရိုက်ခေါ်လိုက်

တယ်။ ငမိုးရိပ်မိကျောင်းလဲ မနေနိုင်ဘူး ရှင်ဘုရင်ထံ ချက်ချင်း အခစား ဝင်ရတယ်”

ငမိုးရိပ် မိကျောင်းက သူ သေဘာနိုး မှာသွားလေတယ်၊ မယားနဲ့ သားကို ပြောလိုက်ပါ၊ သူ သေယင် သူ့ ခေါင်းပိုင်းကို ဘုရားတည်ပါ၊ အလယ်ပိုင်းနဲ့ သားကလေး ရှင်ပြုပြီး အမျှဝေပါလို့ မှာကြားပြီး သေသွားသတဲ့။

ငမိုးရိပ်ဇာတ်လမ်းလဲ ဆုံးရော ဦးစံအေးအသံသည် တုန်ယင်လာ၏။ ငိုသံပါလာသည်။

“ခုလဲ ငါ့အကိုကြီး မရှိတော့ဘူး၊ ၄နာရီလောက်ကတည်းက ချုပ်သွားတယ်၊ နင်တို့ ပြောယင် ငိုကြ ယိုကြနဲ့ ဆူဆူညံညံဖြစ်မှာစိုးလို့ ငမိုးရိပ်ဇာတ်လမ်းကိုပြောနေတာ၊အကိုကြီးတို့ကို ပစ်သွားပြီ အီး–ဟီး–ဟီး....အမေတို့ အဖေတို့ကို ငါ ဘယ်လုပ်ပြီး ပြောရမတုန်း၊ အကိုကြီးရေ...ဖြစ်မှ ဖြစ်ရပလေ-အကိုကြီးရဲ့”

ဦးစံအေး ပြောသလို ငိုလို့ဆုံးမိ တအိမ်လုံး အုံးအုံးကျွက်ကျွက်နှင့် ဆူညံကာ ပွက်လောရိုက်သွား၏။

“အို... အဖေရဲ့၊ အမေသေလို့ တရက် နှစ်ရက်ရှိသေးတယ်၊ အဖေက သားတွေ သမီးတွေ ပစ်သွားပြီလား”ဟု အော်ဟစ်ငိုယိုကြကာ စောင်ခြုံကိုဖွင့်ပြီး “အို....အဖေရဲ့”ဟု ခေါ်ကာ ဖက်ပြီး ငိုကြ၏။

သို့နှင့် အချိန်အတော်ကြာ သွားသောအခါ ယောကျ်ားလုပ်သူများက “ကဲ-ကဲ....ခုလိုလုပ်နေလို့ မပြီးသေးဘူး၊ ညနေ

၃ နာရီ ချရမှာမို့ ပြင်ရ ဆင်ရအုံးမယ်၊ ဖယ်ကြ–ဖယ်ကြ”ဟု အတင်းဖယ်ခိုင်းရသည်။

ထိုအခါ သမီးများက သောကကြီးလှသဖြင့် ငြင်းပယ်ကာ “ခု–မချနိုင်ဘူး၊ အဖေ့ အလောင်းကို မှန်ခေါင်းနဲ့ ထားမှာ”ဟု ပြောကြ၏။

ဦးစံငြိမ်းသည် မိမိနေအိမ်တွင် ဆုံးသည်မဟုတ်၊ သမီးအကြီးဖြစ်သူ မစိမ့်အိမ်တွင် ဆုံးခြင်းဖြစ်၏။ ထိုနေ့ညနေတွင်ပင် စည်ကား သိုက်မြိုက်စွာ ဒေါ်အိမ်ကြီး မြှုပ်နှံရာ သုသာန်သို့ ပို့ဆောင် မြှုပ်နှံလိုက်ကြ၏။ သရက်ပင်နှစ်ပင်အကြား ဦးစံငြိမ်းနှင့် ဒေါ်အိမ်ကြီးတို့ကို ယှဉ်လျက် မြှုပ်နှံလိုက်ကြ၏။

အသုဘပို့ဆောင်ရာ၌ ဒေါ်အိမ်ကြီး နည်းတူပင် စီမံလှူဒါန်းကြသည်။ ရှေ့ဆိုင်း နောက်ဆိုင်းဖြင့် လူ ၇၀၀ ကျော် လိုက်ပါပို့ဆောင်ကြလေသည်။

## (၁၄)

၁၂၇၈–ခုနှစ်။

ဦးစံငြိမ်းနှင့် ဒေါ်အိမ်ကြီးတို့ ကွယ်လွန်သည့်နှစ်တွင် သားသမီးများသည် အဖွဲ့မခွဲ ဘုရားပွဲကို စုပေါင်းကျင်းပကြသည်။ နှစ်စဉ်နှစ်တိုင်းကလိုပင် စည်ကားသိုက်မြိုက်အောင် စီမံကြ၏။ ဦးစံငြိမ်း မဆုံးမီ မှာကြားထားသည့်အတိုင်း ဆောင်ရွက်ကြသည်။ သားသမီးများက ထိုနှစ်တွင် မိဘနှစ်ပါးအား အထူးအာရုံထားကာ အမျှအတန်း ပေးဝေကြသည်။

ဘုရားပွဲပြီးသောအခါ မိဘဘက်မှ အမွေ ဥစ္စာများကို သားသမီး ၇ ယောက်အား ခွဲဝေပေးရန် စီမံကြ၏။ အဖိုး အဖွား၊ ဦးကြီး၊ဦးလေး၊ ဘကြီး၊ဘထွေး၊ကြီးဒေါ်၊ဒေါ်ဒေါ်၊ အမကြီး၊ အမလေး၊ ပေါင်း လူကြီး(၁၀) ဦးလောက် ဦးစီး ဦးရွက်ပြုပြီး အမွေခွဲပေးကြသည်။ မြေကော (၃၀၀) ကျော်စီ၊ ကျွဲငါးကောင်စီ၊ ရွှေငါးဆယ်သားစီ၊ နွားအကောင် ငါးဆယ် စီနှင့် ငွေဒင်္ဂါး တသောင်း ငါးထောင်စီအသီးသီးရရှိကြသည်။ အဘ၏ အသုံးအဆောင်ပစ္စည်းများကို မောင်ထွန်းဖေအား လည်းကောင်း၊ အမိ၏ အသုံးအဆောင်ပစ္စည်းများကို မသိန်း ငွေအား လည်းကောင်း သီးသန့်ပေးလိုက်ကြ၏။

အမွေခွဲပေးသော ဆွေရင်း မျိုးရင်း လူကြီး ၁၀ ဦးအား တဦးလျှင် ဝတ္ထုငွေ တထောင်ကျပ်စီ ပူဇော် ကန်တော့ကြ သည်။

အမွေခံ သားသမီးများသည် မိဘ၏ ကုသိုလ် အမွေကို လည်း ဆက်ခံကြရသည်။သီရိမဟာမာရဇိန်ဘုရားပွဲကို အလှည့် ကျ နှစ်စဉ်မပျက်ကျင်းပကြရ၏။ စေတီယော် အာရုံခံ တန် ဆောင်း၊ တံခွန်တိုင်ခေါင်းလောင်း၊ မဟာမုနိတံတိုင်း စသည် ပျက်စီးလျှင် တာဝန်ယူ ပြင်ဆင်ကြရသည်။

ကျောင်းဆောက် ကိုးကွယ်ထားသည့် ဆရာတော်ကြီးများ ပျံလွန်လျှင် လောင်တိုက်ပြာသာဒ်ဖြင့် တာဝန်ယူ သင်္ဂြိုဟ်ရန် ဦးစံငြိမ်းက မှာကြားထားခဲ့သည်။

အမေတို့-အဖေတို့ မသေခင် ဒါန သီလ ဘာဝနာ ကုသိုလ် တရား ကြိုးစားအားထုတ်ကြသလို သားတို့ သမီးတို့လဲ မိဘ

နည်းတူ မပျက်မကွက် ကြိုးစားရစ်ကြပါဟု မိဘနှစ်ပါးက မှာကြားလေ့ရှိကြသည်။

(၁၅)

မသိန်းငွေသည် မိဘနှစ်ပါး ကွယ်လွန်သွားပြီးနောက် အမ အကြီးဆုံးဖြစ်သူ မစိမ့်တို့အိမ်တွင် နေထိုင်သည်။မစိမ့်က မသိန်း ငွေကို အငယ်ဆုံး ညီမလေးဖြစ်၍ အလိုလိုက်ကာ ပိုက် ပိုက် ထွေးထွေး စောင့်ရှောက်သည်။

ဝတ်စားတန်ဆာနှင့် စပ်၍ မလိုရအောင် ဆင်သည်။ ရွှေ ခြေကျင်းကိုပင် အမျိုးမျိုး လုပ်ပေးထား၏။ ရိုးရိုးနှင့်ပြောင်က တမျိုး၊ နန်းတလိမ် ပန်းတလိမ် ကျားခေါင်း ခြေကျင်းက တမျိုး၊ ခြူးခေါင်းက တသွယ်ဖြစ်သည်။

လက်ကောက်၊ လက်စွပ်ကိုလည်း သုံးပင်လိန်လက်ကောက် ဆင်ပြီး စိန်လက်ကောက်၊ မြလက်ကောက်၊ ရွှေလက်စွပ်၊ စိန် လက်စွပ်၊ရွှေဆွဲကြိုး၊ စိန်ကြယ်သီး၊ စိန်နားပန်တို့ကိုလည်း ဆင် ပေး၏။

မသိန်းငွေသည် မည်မျှပင် လက်ဝတ်တန်ဆာ ဆင် ပေး သော်လည်း ခံမင်စွဲမက်ခြင်းမရှိလှ။ မိမိကိုယ်ကို အလှဆင်သည် ထက် ဥပုသ်သီတင်း စောင့်သုံးခြင်းကို ပို၍ စိတ်ဝင်စား၏။ တနေ့နေ့တွင် စစ်ကိုင်းတောင်ရိုးသွားပြီး သီလရှင်ဝတ်မည်ဟု ပင် မှန်းထား၏။

စစ်ကိုင်းတောင်ရိုး၌ မိခင်ကြီးနှင့်အတူ တလကြာ နေထိုင် ပြီး ပြန်လာစက သီလရှင်ဝတ်ချင်ကြောင်း မကြာခဏ ပူဆာ

တတ်၏။ ထိုအခါမျိုး၌ ဦးစံငြိမ်းက "ငါ့သမီး....အမေ သေတော့ ဝတ်တာပေါ့"ဟု ပြောလေ့ရှိ၏။

မသိန်းငွေသည် ဥပုသ်နေ့တိုင်း လူကြီးများနှင့်အတူ ဥပုသ်စောင့်လေ့ရှိ၏။ ဥပုသ်သည် အဒေါ်ကြီးများက မသိန်းငွေကို ခင်မင်ကြ၏။ အသက်ပင် ငယ်သော်လည်း "သူတော်ကောင်းမကလေး"ဟု အရေးပေးကြသည်။

(၁၆)

တနေ့သောအခါတွင် မသိန်းငွေသည် ကြီးဒေါ်နှင့် အတူ ကျောက်ရစ်ဘုရားပွဲနှင့် မြောင်ဘုရားပွဲသို့ အလည်အပတ် လိုက်ပါသွား၏။ မသိန်းငွေ၏ ကြီးဒေါ်က ဘုရားပွဲတွင် အထည်ဆိုင်ဖွင့်ပြီး ရောင်းချသည်။

ဆီးမီးခုံမှ ကျောက်ရစ်သို့ လှေကြီးတစင်း ငှားရမ်းပြီး သွားကြ၏။ ကျောက်ရစ်ဘုရားပွဲသည် အလွန်စည်ကားလှသည်။ ဈေးတန်းကြီးမှာ တမျှော်တခေါ်ကြီးဖြစ်သည်။ ဘုရားပွဲလာသူများမှာ ပြားပန်းခတ်ပမာ များလှပေသည်။ ဈေးဆိုင်များလည်း ဈေးရောင်း၍ အလွန်ကောင်းကြ၏။

မသိန်းငွေတို့သည် ကျောက်ရစ် ဘုရားပွဲ ပြီးသောအခါ မြောင်ပွဲတော် ခရီးဆက်ကြ၏။ မြောင်ပွဲတော်ကလည်း အလွန်စည်၍ ဈေးရောင်းကောင်းသည်၊ မြောင်ပွဲတော်ကအပြန် လှေပေါ်တွင် မသိန်းငွေ၏ လက်ဝတ်လက်စား တထောင်ကျော်ဖိုးမှာ ရှာမတွေ့တော့ပဲ ပျောက်ဆုံးနေ၏။ မသိန်းငွေ၏ ကြီးဒေါ်

နှင့်အတူပါသူ ဒေါ်ဖွားလိုင်တို့မှာ ရှာယင်း ဖွေယင်း စိတ်မကောင်းဖြစ်ကာ ချုန်းချုန်းချပြီး ငိုယိုကြသည်။

မသိန်းငွေကား သိပ်ကြီး တုန်လှုပ်ပုံမရ။ ဝတ္တရားအရ ရှာဖွေသော်လည်း ပူပင်သောကရောက်ခြင်း မရှိလှ။ "ပျောက်သွားလဲ မတတ်နိုင်ဘူး၊ ဒီပစ္စည်းတွေရှိနေယင် သီလရှင်ဝတ်နိုင်မှာ မဟုတ်ဘူး၊ ဒီပစ္စည်းမရှိတာ သီလရှင်ဝတ်ဖို့ ကြုံတာပဲ"ဟု ခပ်အေးအေးပင် ပြောသည်။

## (၁၇)

၁၂၇၆ = ခုနှစ်။

မသိန်းငွေကား ၁၃နှစ်အရွယ်ဖြစ်သည်။

ထိုနှစ်တွင် အမကြီး မစိမ့်၏သား မောင်ထွန်းရှိန်(၁၀)နှစ်သည် သေဆုံးသွား၏။ သားကလေး ဆုံးသွားသဖြင့် မစိမ့်သည် သောကမီးတောက်နေ၏။ နေ့စဉ်နှင့် အမျှ မစားနိုင်မသောက်နိုင် မအိပ်နိုင်ဖြစ်နေသည်။ သုသာန်ဘက် ထွက်သွားကာ တငိုထဲ ငိုနေတတ်သည်။

ထိုစဉ် မစိမ့်နှင့် အလွန်ရင်းနှီးသူ မန္တလေးမြို့နေ မစိန်က "မစိမ့်ရယ်....စိတ်ပြေလက်ပျောက် စစ်ကိုင်းတောင်ရိုး ခဏလောက် သွားနေပါလား၊ ကျွန်မတို့နဲ့ ရင်းနှီးတဲ့ သီလရှင်ဆရာတွေ ရှိပါတယ်၊ ခေမေသကချောင်မှာ သာပါ လိုက်ခဲ့ပါ ကျွန်မလိုက်ပို့ပါမယ်"ဟု မရမက ခေါ်သည်။

မစိမ့်သည် စိတ်သောက ပြေလိုပြေငြား မစိန်နှင့် စစ်ကိုင်း

တောင်ရိုးသို့ လိုက်ပါသွားသည်။ ညီမငယ် မသိန်းငွေကိုလည်း အဖော်အဖြစ် ခေါ်ခဲ့သည်။

စစ်ကိုင်းတောင်ရိုး ခေမေသကချောင်သို့ ရောက်သောအခါ မစိန်က မစိမ့်တို့ ညီအမကို ဒေါ်ပညာဝါဇရပ်သို့ပို့ပေးသည်။ ဒေါ်ပညာဝါအား အကျိုး အကြောင်း ပြောပြပြီး မစိမ့်တို့ ညီအမကို ဂရုစိုက်ပါရန် အပ်နှံကာ မန္တလေးသို့ ပြန်သွား၏။

ဒေါ်ပညာဝါသည် သီလရှင် မဂ္ဂဏာပတိနှင့် အတူနေသူ ဖြစ်သည်။ သားအမိ နှစ်ဦးစလုံးက ညီအမ နှစ်ဦးကို ဂရုစိုက်ကြသည်။

"ညီမနှစ်ယောက် တရားအားထုတ်ချင်ယင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးထံပို့ပေးမယ် သွားမလား"၊ "ကောင်းသားပဲ ဆရာလေး"

ဒေါ်ပညာဝါသည် မစိမ့်တို့ ညီအမနှစ်ဦးကို မဟာဂန္ဓာရုံ ဆရာတော်ထံ လိုက်ပို့သည်။ဆရာတော်ကြီးထံရောက်၍ အကျိုး အကြောင်း လျှောက်သောအခါ "ကမ္ဘာ့ဥာန်း ယူချင်ယင် ဆူးတား ဘုန်းကြီးဆီ သွားကြ၊ တို့က သိပ်နေမကောင်းလို့ ဆူးတား ဘုန်းကြီးကို လွှဲထားတယ်"ဟု အမိန့်ရှိသည်။

ဒေါ်ပညာဝါသည် မစိမ့်တို့ညီအမကို ဆူးတားဘုန်းကြီးထံ လိုက်ပို့သည်။ ဆူးတားဘုန်းကြီး သိတင်းသုံးရာ ကျောင်းသို့ ရောက်သောအခါ ဘုန်းကြီးအား ဝင်ရောက် ကန်တော့ကြသည်။ "အင်း... သီလရှင်နဲ့ ဒကာမတွေ ဘယ်က လာကြသလဲ" "ခေမေသကချောင်ကပါ ဘုရား၊ သူတို့က ဆိမ်းခိုက တရား အားထုတ်ချင်တယ်ဆိုလို့ ဒီကို လိုက်ပို့တာပါ ဘုရား"

ဒေါ်ပညာဝါက အကျိုးအကြောင်း လျှောက်ထားပြီး ပါလာသော လှူဘွယ်ဝတ္ထုများဖြင့် ဆူးတားဘုန်းကြီးအား ကန်တော့ကြသည်။ ဘုန်းကြီးက ဆုပေးပြီး ဗုဒ္ဓါနုဿတိ ပွားနည်းကို သင်ကြားပေးသည်။

“ဘုရားကို ကိုယ့်ရဲ့ ရှေ့မှောက်ပင့်ပြီး ရွှေပလ္လင် ပေါ် သို့တင်းသုံးနေပုံ အာရုံပြုထားပြီးတော့ မိမိကိုယ်ကို ဘုရားလှူ၊ သတ္တဝါအားလုံး မေတ္တာပို့ပြီးမှ “ဆိတ်၊ တင်၊ ဖြောင့်၊ ငါး၊ ရှေ့၊ မြဲ၊ ပွား ကြိုးစား ဘာဝနာ” ဆိုတဲ့ ဆောင်ပုဒ် အတိုင်း ဘုရားဂုဏ်ကို အာရုံပြုပြီး ပွား၊ သမာဓိရလာတဲ့အခါ ဘုရားဂုဏ်ကို အာရုံပြုတဲ့ဘက်ဟာ နာမ်တရား၊ ၎င်း နာမ်တရားရဲ့တည်ရာ ဟဒယဝတ္ထုက ရုပ်တရား၊ ဒီ ရုပ်နာမ်တရား နှစ်ပါးလုံးဟာ ငါမဟုတ်ဘူး၊ ရုပ်နာမ်တရား သက်သက်သာ ဖြစ်တယ်လို့ နှလုံးသွင်းပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်အောင် ရှု”

မစိမ့်သည် ဆူးတားဘုန်းကြီးထံ ကမ္မဋ္ဌာန်းယူပြီး ခေခေ သကချောင်ပြန်ကာ တရားအားထုတ်သည်။ မသိန်းငွေကလည်း အမကြီးနည်းတူ အားထုတ်သည်။ မရှင်းမလင်းသောအရာများကို မဂုဏဝတီက မဟာဂန္ဓာရုံ ဆရာတော် ရေးသားသည့် နိဗ္ဗာနမဂ္ဂဘောဒနီကျမ်းကိုဖတ်ပြီး ရှင်းပြသည်။

မစိမ့်သည် တရားအားထုတ်ယင်း သောကပြေကာ ငြိမ်းအေးမှုကို အတန်ငယ် ရရှိလာသည်။ နှလုံး သွင်းတတ်သဖြင့် စိတ်ချမ်းသာလာသည်။ မသိန်းငွေကား စစ်ကိုင်းတောင်ရိုးတွင် ပျော်၍ပင် နေသည်။ “ဆီမီးခုံကို ပြန်မလိုက် တော့ဘူး၊

မဂ္ဂာဝတီတို့နဲ့ပဲ **နေရစ်တော့မယ်၊** သီလရှင်ဝတ်မယ်”ဟု ပြောနေသည်။

မစိမ့်က “ညီမလေးသီလရှင် ဝတ်ချင်ယင်ဝတ်ရပါတယ်၊ ဒါပေမဲ့ တနှစ်တန်သည် နှစ်နှစ်တန်သည် ဆိုင်းပါအုံး”ဟု ချော့သည်။

စစ်ကိုင်းတောင်ရိုးတွင် တရားအားထုတ်၍ဘာလကိုးသာတင်း ရှိသောအခါ မစိမ့်က ဆီမီးခုံပြန်ရန် စီစဉ်သည်၊ ထိုအခါ မသိန်းငွေက “စစ်ကိုင်းနေရစ်မည်”ဟု အတည်ပြောနေသဖြင့် ညီမငယ်၏ဆန္ဒအတိုင်း ဒေါ်ပညာဝါတို့ထံ အပ်နှံကာ မစိမ့် တယောက်ထဲပြန်လာခဲ့သည်။

ညီမများက မစိမ့်ကိုမေးကြသည်။ “ညီမလေး ဘယ်တား ခဲ့တာလဲ” “ညီမလေးကမလိုက်ချင်ဘူးဆိုပြီး စစ်ကိုင်းနေရစ် တယ်” “ညီမလေးတယောက်ထဲ စစ်ကိုင်းထားခဲ့တယ်၊ အံ့ပါ ရဲ့တော်၊ ညည်းမို့တောကြီးတောင်ကြီးထဲ ထားရက်တယ်”

ညီမဖြစ်သူတို့က အစိမ့်ကိုဝိုင်း၍ဝေဘန်ကြ အပြစ်တင်ကြ သည်။ “ညီမလေးအမွေရပဲ့ ပစ္စည်းသူအပိုင်စီးချင်လို့နေမှာ” စသည်ဖြင့် ဘေးကဘင်မြင်ယူဆကာပြောဆိုမေငေါ့ကြသည်။

ထိုအခါမစိမ့်သည် ညီမများနှင့် အခြားလူများ၏ အထင် အမြင်သေးမှုကိုမခံနိုင်၍ “ညည်းတို့ညီမ နက်ဖန်ကျငါသွားခေါ် ပေးမယ် နားမပူကြနဲ့” ဟုပြောဆိုကာနောက်တရက် စစ်ကိုင်း သို့ထွက်လာခဲ့၏။

စစ်ကိုင်းရောက်သောအခါမသိန်းငွေကို အကျိုးအကြောင်း ပြောပြီး ချော့မော့ပြန်ခေါ်လာခဲ့သည်။

မသိန်းငွေက အမများအားပြောသည်၊ "ကျွန်မက အမေတို့ အဖေတို့မရှိတော့ ဘယ်အမနဲ့မှ မနေချင်ဘူး၊ စစ်ကိုင်းတောင်သွားပြီး သီလရှင်ဝတ်မှာ၊ အဖေကလဲ "ငါ့သမီး အမေမရှိယင် သီလရှင်သာဝတ်လို့" မှာသွားတာ၊ ကျွန်မကတော့ ဒီမှာမနေဘူး။

(၁၀)

**၁၂၈၁-ခုနှစ် နယုန်လ**

မသိန်းငွေ ၁၅ နှစ်အရွယ်ဖြစ်၏၊ မသိန်းငွေသည် သီလရှင်ဝတ်ရန်စိတ်ဆန္ဒပြင်းပြလျက်ရှိ၏။ သည်တကြိမ် မည်သူတားတား မနေတော့၊ သီလရှင်ဝတ်တော့မည်ဟု ဆုံးဖြတ်ထား၏။

"အမေတို့အဖေတို့ကြည့်ပါလား သားတွေသမီးတွေပစ္စည်းဥစ္စာတွေစွန့်ပယ်ပြီးသေသွားကြပြီ၊ တနေ့ကျယင် ကျွန်မတို့လဲ သေရမှာပဲ၊ အဲဒီကျမှခွဲချင်ပဲလဲ ခွဲရမှာ၊ ကျွန်မတော့ မသေခင် သီလရှင်ဝတ်မှာပဲ" ဟု မသိန်းငွေကအမများအား ပြောတတ်သည်။

အချိန်ကားနယုန်လဖြစ်သည်။ မသိန်းငွေသည် တူမလေးတယောက်နှင့်အတူ စစ်ကိုင်းတောင်သို့ သွားရောက်၍ သီလရှင်ဝတ်ရန် စီစဉ်သည်။ အဖိုးအဖွားတို့ကို ကန်တော့ပြီး စစ်ကိုင်းသို့ထွက်လာခဲ့သည်။

စစ်ကိုင်းဆိပ်ကမ်းဆင်းပြီး ငှက် (သမ္ဗာန်) စီးကာ စစ်ကိုင်းတောင်ရိုးသရက်ပင်ဆိပ်သို့ သွားကြသည်။ သရက်ပင်ဆိပ်မှ ခေမေသကချောင်သို့ ရောက်သည်။

"ဟယ် မသိန်းငွေ ညီမလာပြီလား၊ သီလရှင် ဝတ်ဖြစ်သလား" ဟု မဂုဏဝတီက ဝမ်းသာအားရ ဆီးကြိုယင်းမေးသည်။

"တင်ပါဘုရား တပည့်တော်နဲ့ တူမလေး နှစ်ယောက်လုံး သီလရှင်ဝတ်မှာပါဘုရား"

မသိန်းငွေတို့ တူအရီးသည် မဂုဏဝတီနှင့်အတူ ချောင်ဆရာကြီးထံသွား၍ ကန်တော့ကြပြီး အကျိုးအကြောင်းပြောဆိုကြ၏။ ချောင်ဆရာကြီးက "သူ့ရဲ့အမကြီးကတော့က သီလရှင်ဝတ်တာ သဘောမတူဘူး၊ တော်ကြာလိုက်လာပြီး ဆူဆူပူပူလုပ်နေယင် မကောင်းဘူး၊ အဲဒီတော့ ဝိပဿနာချောင်သွားနေဖို့ ညွှန်လိုက်ရမကောင်းဘူးလား" ဟု မဂုဏဝတီအား ပြောသည်။ မဂုဏဝတီက "ကောင်းပါတယ်ဘုရား" ဟု လျှောက်သည်။ မသိန်းငွေတို့ကလည်း ဆိတ်ငြိမ်ရာပို၍ အကွင်းကျသော ဝိပဿနာချောင်ကို သဘောကျကြသည်။

နောက်တရက်တွင် မဂုဏဝတီက မသိန်းငွေတို့ကို ဝိပဿနာချောင်သို့လိုက်ပို့သည်။ ထိုစဉ်က ဝိပဿနာချောင်၌ ကမ္မဋ္ဌာန်းကျောင်းကလေး ၄ လုံးသာရှိသည်။ အချို့ယောဂီများသည် မဟာဂန္ဓာရုံမမ္ဘုံကျောင်း၌နေထိုင်ကြရသည်။

သမိဒ္ဓေါချောင်ဆရာကြီးနှင့် တပည့်မတယောက် ဂူနီချောင်ရွှေမျက်မှန်ဆရာနှင့် တပည့်တယောက် တောင်ဂူက ဒေါ်ပွင့်၊ မန္တလေးမှ ဒေါ်မိုးတို့သည် ဝိပဿနာဆရာတော်ထံ တရားအားထုတ်လျက်ရှိကြသည်။

မသိန်းငွေတို့တူအရီးသည်ဝိပဿနာဆရာတော်ကို ကန်တော့ပြီးအကျိုးအကြောင်း လျှောက်ထားကြသည်။ ဆရာတော်က ဒေါ်မိုးကိုခေါ်ပြီး မသိန်းငွေတို့ကို ကြည့်ရှုစောင့်ရှောက်ရန် အပ်နှံလိုက်သည်။မသိန်းငွေတို့သည် ဒေါ်မိုးတို့နှင့် အတူနေပြီး ဆရာတော်ထံ ကမ္မဋ္ဌာန်းယူကာ တရားအားထုတ်ကြသည်။

မသိန်းငွေတို့ ဝိပဿနာချောင်ရောက်ပြီး မကြာမီ အမကြီးဖြစ်သူ မစိမ့်လိုက်လာသည်။ ခမေသကချောင် ဝင်ရောက်စုံစမ်းပြီး ဝိပဿနာချောင်တွင် မသိန်းငွေတို့နှင့် တွေ့သည်။

မစိမ့်ကညီမလေးကို စိတ်မချ၍ အမကြီးလိုက်လာကြောင်း ပြောပြီး ဝိပဿနာဆရာတော်ထံ မသိန်းငွေတို့ကို အပ်နှံကာ ၇ ရက်ခန့်နေထိုင်၍ ဆီမီးခုံသို့ ပြန်သွားသည်။

မသိန်းငွေတို့သည် ဝါတွင်းသုံးလ လူဝတ်ကြောင်ဘဝဖြင့် ဥပုသ်စောင့်သုံးနေထိုင်ကြပြီး၊ ဝါကျွတ်သောအခါ သီလရှင်ဝတ်ရန်စီစဉ်ထားကြ၏။

## (၁၉)

### ၁၂၈၁-၊ တန်ဆောင်မုန်းလ

မသိန်းငွေသည် သီလရှင်ဝတ်ရန် ဝိပဿနာဆရာတော်ထံ လျှောက်သည်။ ဝိပဿနာဆရာတော်ကခမေသကချောင် ပြန်ပြီး ဝတ်လိုကဝတ်နိုင်ကြောင်းအမိန့်ရှိရာ "ချောင်မပြန်တော့ပါ ဆရာတော်ဘုရားထံမှာပဲ ဝတ်ပါမည်။ ဒေါ်ဂုဏဝတီကိုလည်း မှာထားပါသည်" ဘုရားဟုလျှောက်သည်၊

ဟန်ဆောင်မှုန်းလဆန်း ၈ ရက်နေ့တွင် ဒေါ်ဂုဏဝတီ သည် ဝိပဿနာချောင်သို့ ရောက်လာ၏။ မသိန်းငွေ တို့ကို သီလရှင်ဝတ်ပေးရန် အစီအစဉ်လုပ်ပေးသည်။

ဒေါ်ဂုဏဝတီက မသိန်းငွေတို့ကို ဆံချပေးခါနီးတွင် ညည်းတို့ကို ငါ ဒီအတိုင်း ခေါင်းတုံးတုံးမပေးရဲဘူး၊ တော်ကြာ ညည်းအမကြီးတွေက ငါ့ကိုအပြစ်တင်နေကြမှာ ဒီတော့ ညည်း တို့ဖာသာ ညည်းတို့ တစ်ယောက်ဆံပင်တယောက် ကတ်ကျေးနဲ့ အရင်ဖြတ်ကြအုံး၊ ပြီးတော့မှငါခေါင်းရိတ်ပေးမယ်' 'ဟု ပြော သည်။

မသိန်းငွေ သီလရှင်ဝတ်မည်ကို မစိမ့်က သဘောတူ သော် လည်း ကျန်အမလေးယောက်က သဘောမတူချေ။ မဝတ်ရန် ဖျက်လေ့ရှိကြသည်။ ထိုအကြောင်းကိုသိ၍ ဒေါ်ဂုဏဝတီက ပြောခြင်းဖြစ်၏။

မသိန်းငွေက ကောင်းပါပြီ အမဘုရား ဟု ပြောဆိုကာ တယောက်ခေါင်း တစ်ယောက် ကတ်ကျေးဖြင့် ကိုက်ဖြတ်လိုက် ကြ၏။ ဆံပင်ပြတ်လာကြသောအခါမသိန်းငွေမှာ အပျော်ကြီး ပျော်သွားသည်။ ဒီတခါ ငါ့ရဲ့ဆန္ဒ ပြည့်ဝလာပြီဟု ဝမ်းသာ အားရဖြစ်နေသည်။

ဒေါ်ဂုဏဝတီက မသိန်းငွေတို့ကို ခေါင်းရိတ်ပေးသည်။ ၎င်းနေ့နံနက် ၇-နာရီ အချိန်တွင် ဝိပဿနာ ဆရာတော်ထံ သီလယူကာ သီလရှင်အသွင် ဝတ်ဆင်လိုက်ကြ၏။

မသိန်းငွေတို့ သီလရှင်ဝတ်ပွဲ၌ ပင့်သံဃာ ၁၁-ပါးအား ဆွမ်းဆက်ကပ်ပြီး၊ လှူဖွယ် ဝတ္ထုများကို လှူဒါန်းသည်။

သီလရှင်များအားလုံး မုံ့ဟင်းခါးသက်သတ်လွတ်ကျွေးမွေးပြီး ဝတ္ထုငွေ တစ်ကျပ်စီ လှူဒါန်းသည်။

ဝိပဿနာ ဆရာတော်က မသိန်းငွေကို "မဈာနဝတီ" တူမဖြစ်သူကို "မအဂ္ဂဝတီ" ဟု သီလရှင်ဘွဲ့ အသီးသီး ချီးမြှင့်တော်မူသည်။

မဈာနဝတီ၊ မအဂ္ဂဝတီတို့သည် ငယ်ရွယ်သူများ ဖြစ်သော်လည်းသဒ္ဒါပဗ္ဗဇိတဖြစ်၍ သဒ္ဒါတရားထက်သန်ကြ၏။ သီလရှင်ဖြစ်လာပြီးနောက် သီလကိုအထူး လေးစားသည့်အပြင်၊ ကေသနိတ်ဓုတင် ပတ္တပိုဏ်ဓုတင် အကျင့်များကိုလည်း မပြတ်ကျင့်ကြသည်။ အချိန်ရသရွေ့ ဝိပဿနာကမ္မဋ္ဌာန်း အလုပ်ကိုလည်း ကြိုးစား အားထုတ် ကြလေသည်။

## (၂၀)

၁၂၈၂-ခုနှစ်

မဈာနဝတီတို့သည် သီလရှင်ဝတ်ဖြင့် ဝိပဿနာချောင်၌ ၄-၅-၈ လခန့် တရားအားထုတ် နေထိုင်ကြပြီး ခေမေသကချောင်သို့ပြောင်းရွှေ့ခဲ့ကြသည်။ ခေမေသကချောင်၌ နေထိုင်ပြီး စာပေပရိယတ်တို့ကို သင်ယူ ကျက်မှတ်ကြသည်။ ဒေါ်ဂုဏဝတီက သဒ္ဒါသုတ်စဉ်နှင့် သုတ်နက်ကိုစတင် ပို့ချပေးသည်။ တသုတ်တရုပ် တွက်ပေးသည်။ သဒ္ဒါနှင့်တွဲဖက်၍ သင်္ဂြိုဟ်ကိုလည်း တချိန်သင်ပေးသည်။

မဈာနဝတီသည် ဉာဏ်ကောင်း၍ ကြိုးစားသည်၊ စာချဆရာများ ကလည်း အားပေးကြသည်၊ "ညည်းကဉာဏ်ကောင်း

တယ်၊ ကြိုးစားကျက်၊ဒီအတိုင်းဆို မကြာခင်စာမေးပွဲ အောင်နိုင်တယ်”ဟု ပြောကြသည်။

ချောင်ဆရာကြီးဒေါ်မေစာဝတီက“မဗျာနဝတီ၊ ညည်းကိုလဲ စာမေးပွဲဖြေဘို့ စာရင်းသွင်းထားတယ်၊ ကြိုးစားကျက်ပေတော့”ဟုတိုက်တွန်းသည်။

မဗျာနဝတီအား ဒေါ်နန္ဒဝတီက သင်္ဒါကြီးအောက် ၄-စောင်ကို ချပေးသည်။ ဒေါ်ဂုဏဝတီက အထက် ၄-စောင်၊ ဒေါ်ငယ်က မာတိကာခေဘုကထာ အသီးသီး ပို့ချ ပေးကြသည်။

မဗျာနဝတီသည် အငယ်တန်း ဝင်ရမည် ဆို၍ နေ့မအား ညမအား ကြိုးစားရာ အနည်းငယ် ပင်ပန်းသွားပြီး နေထိုင်မကောင်း ဖြစ်လာသည်။ မဗျာနဝတီ နေမကောင်းကြောင်း ဆီမီးခုံက သတင်းကြား၍ အမကြီးမစိမ့်ကိုယ်တိုင် လာခေါ်၍ ဆီမီးခုံသို့ ခေတ္တပြန်လိုက်သွားရသည်။ မအဂ္ဂဝတီကမူ စာသင်ရတာခက်သည်။ ကမ္မဋ္ဌာန်းပဲ အားထုတ်မည်ဆိုကာ ဝိသုဒ္ဓာချောင်သို့ပြောင်းရွှေ့နေထိုင်သည်။

## (၂၁)

၁၂၈၅-ခုနှစ်

မဗျာနဝတီသည် ၁၉-နှစ်အရွယ်တွင် အစိုးရပဋ္ဌမငယ်တန်းကိုဝင်ရောက်ဖြေဆိုခဲ့ရာ နှစ်ခြင်းအောင်မြင်ခဲ့လေသည်။

ထိုနှစ်က နယုန်လဆန်း ၁-ရက်နေ့တွင် စာမေးပွဲ စတင်ကျင်းပသည်၊ မဗျာနဝတီသည် ပဋ္ဌမငယ်တန်းကို မန္တလေးမြို့

သို့သွားရောက်ဖြေဆိုရသည်၊ မဟာမြတ်မုနိအာရုံခံတန်ဆောင်း အတွင်းစာမေးပွဲကျင်းပသည်။ သဒ္ဒါဘာသာ ၆-ပုစ္ဆာ၊ သင်္ဂြိုဟ် ၆-ပုစ္ဆာ၊ မာတိကာ ၆-ပုစ္ဆာ၊ ဘာသာပြန် ၆ပုစ္ဆာ ဖြေရသည်။ မစျာနဝတီ၏ ခုံအမှတ်မှာ(၁၀၀၇)ဖြစ်သည်။

ပဌမငယ် အောင်မြင်၍ စာအောင်ဆုအဖြစ် ဝတ္တုငွေ ၅၀ ကျပ်ရရှိသည်၊ မစျာနဝတီသည်ရရှိသောဆုငွေများကို ကုသိုလ် ရေးအတွက်အသုံးပြုသည်။

## ၁၂၈၇—ခုနှစ်

အသက် ၂၁ နှစ်တွင် အစိုးရ အလတ်တန်းကို ဖြေဆိုရာ နှစ်ခြင်း အောင်သည်။ ထိုနှစ် အလတ်တန်းကို စစ်ကိုင်းမြို့ ဆင်များရှင်ဘုရား အာရုံခံ တန်ဆောင်းအတွင်း ကျင်းပသည်၊ ငယ်လတ်ကြီး စာဖြေသီလရှင် ၂၅ ပါး ရှိ၏။ မစျာနဝတီ၏ ခုံအမှတ်မှာ (၃၇၄)ဖြစ်၏။ ပဌမလတ်တန်း အောင်၍ ဆုငွေ အဖြစ် ဝတ္တုငွေ ၇၅-ကျပ် ရရှိရာ ကုသိုလ်ပြု၏။

## ၁၂၈၉—ခုစ်နှစ်

အသက် ၂၃ နှစ်တွင် အစိုးရအကြီးတန်းကိုဝင်ရောက်ဖြေဆို ရာနှစ်ခြင်းအောင်မြင်သည်။ ထိုနှစ် အကြီးတန်းကို မန္တလေးမြို့ မဟာမြတ်မုနိ အာရုံခံ တန်ဆောင်းအတွင်း ဖြေဆိုရသည်။ သဒ္ဒါ ၁၀-ပုစ္ဆာ၊ သင်္ဂြိုဟ် ၁၀-ပုစ္ဆာ၊ မာတိကာ ၁၀-ပုစ္ဆာ၊ ဓာတုကထာ ၁၀ပုစ္ဆာ၊ ယမိုက် ၁၀-ပုစ္ဆာ၊ ဘာသာပြန်ပါဠိ ၁၀-ပုစ္ဆာ၊ မြန်မာ ၁၀-ပုစ္ဆာ၊ ဝိနည်း ၁၀-ပုစ္ဆာ ဖြေဆို၏၊ အချို့သီလရှင်များ မေးခွန်းခက်၍မဖြေဆိုပဲပြန်သွားကြသည်။

မဈျာနဝတီသည် ဇွဲကောင်းကောင်းဖြင့် သံဃာ တရားခန်းအလယ်
သီလရှင်တပါးထဲအားခဲဖြေဆိုခဲ့သည်။

စာမဖြေမီ ဖေါ်ပြပါ ဂါထာဖြင့် နေ့စဉ် ဘုရားရှိခိုး ဆု
တောင်းသည်။

ဈျာ—ယန္တံ ပါဏီနံ နာထံ၊
န —န္ဒိဝစ္စန ကာရကံ။
ဝ —န္ဒာ မျှံဟံ အနုဒ္ဒဂ္ဂံ၊
တီ—သု လောကေသု ပါကဋံ။

တီသု လောကေသု-သတ္တလောက, သင်္ခါရလောက,
ဩကာသလောကဟု ဆိုအပ်သော သုံးပါးသော လောကတို့၌၊
ပါကဋံ—စကြာဝဠာ ကမ္ဘာမဆံ့ ပြန့်နှံ့ထင်ရှားတော် မူထ
သော၊ အနုဒ္ဒဂ္ဂံ—အထက်မရှိ အလွန်မရှိ အသာမရှိ လောက
ခါတ်လုံးတွင် အထိပ်ဆုံး အလွန်ဆုံး အသာဆုံး အမြတ်ဆုံး
ပုဂ္ဂိုလ်ကြီးဖြစ်တော်မူထသော၊နန္ဒိဝစ္စန ကာရကံ-ဗြဟ္မာနတ်လူ
ခပ်သိမ်းသူတို့၏ ကြည်ဖြူ နှစ်သက်ခြင်း၏ ပွားများခြင်းကို
ပြုတော်မူ ထသော၊ ပါဏီနံ ခပင်းများစွာ ဝေနေယျာတို့၏၊
နာထံ-ကိုးကွယ်ရာစင်စစ် ဖြစ်တော်မူ ထသော၊ ဈျာယန္တံ-
ဒုစရိုက်ဟု ဆိုအပ်သော မကောင်းမှု တသိုက်ကို ဖုတ်မြိုက်
တော်မူတတ်သော၊ နာထံ-မြတ်စွာဘုရားကို၊ အဟံ-သံသရာ
စခန်းကျွတ်ရာလမ်းကိုရည်မှန်းတောင့်တ တပည့်တော်မ မဟ်
ဈျာနဝတီသည်၊ ဝန္ဒာမိ-လက်ဆယ်အင်ကို ဦးမှာတင်လျက်
ကြည်လင်မြတ်နိုး ဦးနှိမ်ကျိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

မချာနဝတီသည် ပထမကြီးတန်းကို ခုံအမှတ်(၁၁၁၅)ဖြင့် ဖြေဆိုအောင်မြင်၍ ဆုငွေ ၁၀၀ ကျပ် ရရှိသည်။ ရရှိသော ဆုငွေကို ကိုယ်တွက် မသုံးမူ၍ ကောင်းမှုပြုလေ၏။

(၂၂)

၁၂၉၀-ပြည့်နှစ်

မချာနဝတီ ပထကြီးတန်း အောင်ပြီးနောက် ဆရာကြီး ဒေါ်မေဓာဝတီက စာချဆရာအဖြစ် ခန့်အပ်ပြီး စာချခိုင်းသည်။ "ညည်း....စာတွေတတ်အောင် သင်ထားတာ ရှေ့ ဆက်ပြီးလဲ ကြိုးစားအုံးပေါ့၊ သူများကိုလဲ နေ့ဝါ-ညဝါ တတ်အားသလောက် ချပို့ပေးပါ၊ ဒါမှ စာတွေ ပိုကြေတယ်" ဟု တိုက်တွန်းသည်။

"ဆရာဘုရားခိုင်းတာ တပည့်တော်မ မငြင်းပါဘုရား၊ ဘယ်စာဝါပဲဖြစ်ဖြစ် ချပါမယ်ဘုရား"မချာနဝတီက လျှောက်သည်။

မချာနဝတီသည် စာချဆရာ ဖြစ်လာပြီးနောက် စာပေကို ကြိုးစားပို့ချပေးသည်။ နေ့ဝါအဖြစ် သဒ္ဒါကြီး၊ ရူပသိဒ္ဓိ၊ သင်္ဂြိုဟ်ကျမ်းတို့ကို လည်းကောင်း၊ ညဝါအဖြစ် မာတိကာ ဓာတုကထာ ယမိုက်ကျမ်းတို့ကို လည်းကောင်း ပို့ချပေးခဲ့လေသည်။

ခေမမသကကျောင်းနှင့် မောက္ခသိဝံကျောင်း၊ ဂူနီကျောင်းတို့မှ သီလရှင်ဆရာလေးများ လာရောက် စာတက်ကြ၏။အသက်ကြီး

သော သီလရှင်ဆရာကြီးများလည်း စာနာသူအဖြစ်လာရောက် နားထောင်ကြ၏။

"မစျာနဝတီက စာတွေ သိပ်ကြေတာပဲ၊ ညဝါတွေဆိုယင် အလွတ်တောင် ပြောနိုင်တယ်၊ စာပြောကလဲ ရှင်းလိုက်တာ" ဟု စာနာသူ စာလိုက်သူများက ချီးမွမ်းကြ၏။

တိုက်အုပ်ဆရာကြီး ဒေါ်သုဓမ္မဝတီကလည်း "ညည်း–စာချ ကောင်းတယ် ပြောတယ်၊ ငါလဲ စာနာလာရအုံးမယ်တော်" ဟု ပြောကာ နေ့စဉ်လိုလို စာချရာသို့ လာရောက် နားထောင် လေ့ ရှိသည်။

(၂၃)

မစျာနဝတီသည် ၁၂၉၀–ပြည့် နှစ် တွင် စာဝါ မချမီ အောက်ပြည်အနှံ့ ဘုရားဖူးခရီး ထွက်ခဲ့သည်။ ဆရာ ဖြစ်သူ ဒေါ်ဂုဏဝတီနှင့် အဖော်သီလရှင်များ ပါသည်။

မန္တလေး ဂေါဝိန် သင်္ဘောဆိပ်မှ သင်္ဘောစီး၍ ပုဂံ ညောင်ဦး၊ ပခုက္ကူ၊ ချောက်မြို့များရှိ ဘုရားပုထိုး များကို လှည့် လည် ဖူးမျှော်သည်။ ထိုနောက် မကွေး၊မင်းဘူး မန်းစက်တော် သို့ လည်းကောင်း၊ ပြည် ရွှေဆံတော်သို့ လည်းကောင်း သွား ရောက် ဖူးမျှော်သည်။ ပြည်မှ ရန်ကုန်သို့ သွားရောက်သည်။ ရွှေတိဂုံနှင့် ဘုရားစုံဖူးပြီး ကျိုက်ထီးရိုးသို့ ခရီး ဆက်သည်။ ကျိုက်ထီးရိုးသို့တက်၍ တောင်ပေါ်ရောက်သောအခါ မစျာန ဝတီမှာ အမောလွန်ပြီး သတိမရသလို တက်သလိုဖြစ်သွား၏။ ထိုအခါ အနီးရှိ ဘုန်းကြီးသုံးပါးက ပရိတ်ရွတ်ပေးကြသည်။

ဘုန်းကြီးများက ပရိတ်ရွတ်ပြီး အခြေအနေ အကဲခတ်ကြည့်ကာ ဒကာမကြီး အမောလွန်သွားလို့ဖြစ်တာပါ၊ ကိစ္စမရှိပါဘူး၊ သက်သာသွားမှာပါဟု ပြောဆိုကြ၏။ ဒေါ်ဂုဏဝတီက ဘုန်းကြီးများအား ဘိလပ်ရည် ဝယ်ယူ ကပ်လှူပြီး မချာနဝတီကိုလည်း တိုက်သည်။

မချာနဝတီသည် ဘိလပ်ရည်တဖန်ခွက် သောက်ပြီးနောက် အမောပြေကာ ပြန်လည်လန်းဆန်းလာသည်။ "မောလိုက်တာဘုရား၊ ဟပည့်တော်ဖြင့် သေရတော့မှာလား အောက်မေ့မိတယ်"ဟု ဒေါ်ဂုဏဝတီအား ပြောသည်။

မချာနဝတီတို့သည် ကျိုက်ထီးရိုးဘုရား ဖူးပြီးနောက် တဖြည်းဖြည်း တောင်ပေါ်မှ ဆင်းခဲ့ကြသည်။ ထို့နောက် ဘီးလင်းသို့ ခရီးဆက်ပြီး ဘီလင်း ကုသိနာရုံဘုရားကို သွားရောက် ဖူးမျှော်ကြသည်။

ကျိုက်ထို၊ ကျိုက်လတ်၊ ဟသာတ လှည့်လည်သွားပြီးနောက် ပဲခူးသို့ ခေတ္တ ဝင်ရောက်သည်။ ၎င်းမှတဆင့် မန္တလေးသို့ ပြန်ခဲ့ကြသည်။ မန္တလေး ဂေါဝိန်ဆိပ်မှ သုံးခေါက်ပြန်သင်္ဘောကို စီးပြီး စစ်ကိုင်းရောက်ကြ၏။ မချာနဝတီတို့ ဘုရားဖူးခရီးသည် နှစ်လခန့် ကြာသည်။

ခေမေသကချောင် ပြန်ရောက်သောအခါ ဒေါ်ပညာဝါက ဤမျှ ကြာရပါမည်လော-ဟု ဆီးကြို ဆူပူသည်။

## (၂၄)

ဒေါ်ချာနဝတီသည် မိဘအမွေဖြစ်သော ဆိမ်းခုံမြို့ သီရိ

မဟာ မာရဇိန် ဘုရားပွဲတော်အတွက် အမများ၊ အကိုများနည်းအတူ အလှည့်ကျ တာဝန်ယူ ကျင်းပရသည်။

၁၂၇၅-ခုနှစ်တွင် ဒေါ်စျာနဝတီ အလှည့်ကျသဖြင့် ခေမေသကချောင်မှ သီလရှင်များနှင့်အတူ ဆီမီးခုံသို့ သွားရောက်ပြီး ဘုရားပွဲတော် ဦးဆောင်ကျင်းပရသည်။

စေတီတော် ရုပ်ပွားတော်အား ဆွမ်း၊ ကွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဆက်ကပ်ပူဇော်ပြီး သံဃာတော် များအား သံဃဒါန ဆွမ်းဟင်း အာရုံလောင်းလှူသည်။ လာသမျှ ဧည့်ပရိပတ်များအားလည်း ထုံးစံအတိုင်း ကျွေးမွေးဧည့်ခံသည်။

ထိုနှစ်က ဆီမီးခုံသို့ အနီးစခန်းဘုန်းကြီး ဦးပဏ္ဍိတ၊ မန္တလေး ဝိဇ္ဇာလင်္ကာရ ဘုန်းကြီး ဦးဝိသုဒ္ဓ တို့လည်း လိုက်ပါကြွရောက်တော်မူကြသည်။

ဒေါ်စျာနဝတီသည်ဘုရားပွဲကျယင် အလှည့်ကျတိုင်းမပျက်မကွက် သွားရောက် ဆောင်ရွက်သည်။ ၁၂၈၁ခုနှစ်၊ ၁၂၈၇ ခုနှစ်၊ ၁၃၁၅ခုနှစ်၊ ၁၃၂၁ခုနှစ်၊ ၁၃၂၇ခုနှစ်၊၁၃၃၄ခုနှစ် တို့၌လည်း ဒေါ်စျာနဝတီအလှည့်ကျ သွားရောက်ကာ ဘုရားပွဲ ကျင်းပသည်။

(၂၅)

**၁၃၂၃-ခုနှစ်**

ဒေါ်စျာနဝတီသည်အိန္ဒိယနှင့်သီဟိုဠ်နိုင်ငံများသို့ ဘုရားဖူးသွားရန် စီစဉ်သည်။ ငယ်စဉ်ကင် ဗုဒ္ဓဂါယာသို့ သွားရောက်ရန် ဆန္ဒ ပြင်းပြသော်လည်း မအောင်မြင်ခဲ့ပေ။ ဆရာကြီး ဒေါ်မေဓာဝတီသွားစဉ်က လည်းကောင်း၊ တူမဖြစ်သူ မအောင်

ဝတီတို့ သွားစဉ်က လည်းကောင်း၊ မြို့ချောင် ဆရာကြီးများ သွားစဉ်က လည်းကောင်း အတူလိုက်ပါရန် စိစဉ်သော်လည်း အကြောင်း မညီညွတ်သဖြင့် မလိုက်ဖြစ်ခဲ့ပေ။

ဤသို့ အကြိမ်ကြိမ် အကြောင်း မညီညွတ်သော အခါ "တပည့်တော်မသည် တနေ့သောအခါ အိန္ဒိယ၊ သီဟိုဠ်သို့ ဘုရားဖူးသွားနိုင် ရပါလို၏" ဟု ဘုရားထံ ဆုပန်မိလေသည်။

ဒေါ်ချာနဝတီသည် အသက် ၅၇ နှစ်တွင် အိန္ဒိယ၊ သီဟိုဠ်သို့ ဘုရားဖူးသွားရန် အကြောင်း ညီညွတ်လာသည်။ အနီးစခန်းဆရာတော် အစစ စီမံပေးသည်။

၁၃၂၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်နေ့တွင် လေယာဉ်ဖြင့် ကာလကတ္တားသို့ လိုက်ပါသွားရသည်။ ဘင်္ဂါလီ ဗုဒ္ဓဘာသာကျောင်းမှ ဘိက္ခုမြမ့ပါလက ဒေါ်ချာနဝတီပါသော ဘုရားဖူးအဖွဲ့ကို လာရောက်ကြိုဆိုသည်။ ဘင်္ဂါလီ ဗုဒ္ဓဘာသာ ကျောင်း၌ တည်းခိုပြီး နောက်ရက်တွင် ကာလကတ္တားမြို့၌ လှည့်လည်ကြည့်ရှုကြသည်။

ဘင်္ဂါလီ ဗုဒ္ဓဘာသာကျောင်း၌ သုံးညတည်းခိုပြီး ပါလာသည့် ဆွမ်းသံဃဝါယနာမှု ငါကာစာအုပ်များနှင့် ဝတ္ထုငွေများ လှူဒါန်းခဲ့သည်။

တပို့တွဲလပြည့်ကျော် ၁-ရက်နေ့တွင် ဂျိန်း ဘုရားရှိခိုး ကျောင်းသို့ သွားရောက်ကြည့်ရှုကြသည်။ ညနေ ၆နာရီအချိန် ဟောင်ရာ ဘူတာသို့ အရောက်သွားပြီး ၇ နာရီ ၅၅ မိနစ်တွင် မီးရထားဖြင့် ဂယာသို့ သွားကြသည်။ နောက် ရက် ၅နာရီ ၅၅မိနစ်တွင် ဂယာသို့ ရောက်ပြီး ၎င်းမှတဆင့် ဗုဒ္ဓ

ဂါယာသို့ သွားကြသည်။ ဗုဒ္ဓဂါယာတွင် ဆရာတော် ဦးဉတ္တမ ကျောင်း၌ တည်းခိုနေထိုင်ကြသည်။ ၎င်းမှ မဟာဗောဓိစေတီ တော်စသော ဗုဒ္ဓဂါယာကို သွားရောက် ဖူးမြင်ကြသည်၊

ဗုဒ္ဓဂါယာမှ ရာဇဂြိုဟ်သို့ ကားဖြင့် သွားရောက်ကြပြီး ဆရာ ဦးဇယန္တကျောင်း၌ တည်းခိုနေထိုင်ကာ ဝေဠုဝန် ကျောင်းတော်ရာ စသည်တို့ကို ကြည့်ရှုဖူးမြင်ကြသည်။

ရာဇဂြိုဟ်မှ ဗာရာဏသီသို့သွား၏။ မိဂဒါဝုန်တော ဓမ္မစကြာ ဌာနတို့ကို ဦးတိုက်သည်။ ၎င်းမှ ကုသိနာရုံသို့ သွားရောက်ကြ ပြီး ပရိနိဗ္ဗာန ရုပ်ပွားတော်ကို ဖူးမြင်ယင်း မျက်ရည်ကျခဲ့ကြရ သည်။ ၂၅-ခန်း နှစ်ထပ်သင်္ကန်းနှင့်ရွှေဘင်္ဂင်းလှူဒါန်းခဲ့သည်။

ကုသိနာရုံမှ ကားတတန်၊ မီးရထားတတန်စီးပြီး လုမ္ဗိနီ ဥယျာဉ်သို့ သွားရောက်ခဲ့ကြသည်။ ၎င်းမှတဆင့် သာဝတ္ထိမြို့သို့ သွားရောက်ပြီး ဗုဒ္ဓဌာနများကို လှည့်လည် ဖူးမြင်ကြ၏။

ထိုနောက် သီဟိုဠ်ကျွန်းသို့ ခရီးဆက်ကြရာ တပေါင်း လဆန်း ၇ရက်နေ့တွင် ကိုလံဘိုမြို့သို့ ရောက်သည်။ ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ တည်းခိုနေထိုင်ပြီး စေတီပုထိုးများ သာသနာ့ဌာနများကို လှည့်လည် ဖူးမျှော်ကြည့်ရှုကြ၏။

၁၃၂၄ခုနှစ် တန်ခူးလဆန်း ၁၂ရက်နေ့တွင် မြန်မာနိုင်ငံ သို့ ပြန်လည် ထွက်ခွာခဲ့ကြသည်။

ဒေါ်ဈာနဝတီသည် ဘုရားဖူးခရီးစဉ်ကို ပျော်ရွှင် ဝမ်း မြောက်စွာ မှတ်တမ်းတင်ခဲ့လေသည်။ငယ်စဉ်မှစ၍ သွားရောက် ရန် ဆန္ဒပြင်းပြခဲ့သော အိန္ဒိယ၊ သီဟိုဠ်သို့သွားရောက်ခဲ့ရသဖြင့် ဝမ်းသာမဆုံး ဖြစ်နေသည်။

၁၃၃၇-ခုနှစ်

ခေမေသကကျောင်း တတိယမြောက် ကျောင်းဆရာကြီး ဒေါ်ဂုဏဝတီသည် အသက် (၇၅) နှစ်အရွယ်တွင် မျက်စိ နှစ်ကွင်းအလင်းမရဖြစ်သွားသည်၊ ထိုအခါအတူနေတပည့်ကြီး ဖြစ်သူ ဒေါ်ဈာနဝတီက ဆရာကြီးကိုပြုစုရင်း ခေမေသက ကျောင်းကြီးကိုတာဝန်ယူ အုပ်ချုပ်ရလေသည်။

ဒေါ်ဈာနဝတီလက်အောက်မှနေ၍ ခေမေသကကျောင်းကို ကူညီအုပ်ချုပ်ရန် နာယက ဆရာခြောက်ပါးကို ရွေးချယ်ခန့် အပ်ထားသည်။ (၁) ဒေါ်ဟေမမာလာ၊ (၂) ဒေါ်နန္ဒာရီ (၃) ဒေါ်သုဓမ္မစာရီ၊ (၄) ဒေါ်သာမာဝတီ (၅) ဒေါ် သောမာထေရီ၊ (၆) ဒေါ်ကဥ္စနာ၊ (ကြီး)တို့ဖြစ်သည်။

ဒေါ်ဈာနဝတီသည် ချမ်းသာသောမိဘမှ မွေးဖွားလာသူ ဖြစ်၍ ဥစ္စာစေနပြည့်စုံသူဖြစ်သည်။ သို့ရာတွင် ပစ္စည်းဥစ္စာများ ကို တွယ်တာမက်မောနေမြော တွန့်တိုခြင်းမရှိ၊ ရက်ရက်ရောရော စွန့်ကြဲပေးကမ်းလှူဒါန်းလေ့ရှိ၏။ ၁၂၈၀–ပြည့်နှစ်မှ ယခုနှစ် (၁၃၄၃-ခုနှစ်) အထိ=၆၃ နှစ်အတွင်း လှူဒါန်း ခဲ့သမျှ တန်ဘိုးငွေပေါင်းမှာ တသိန်းကျော်ဖြစ်သည်။

ဒေါ်ဈာနဝတီသည် အနီးစခန်းဆရာတော်၏ ဩဝါဒကို ခံယူ၍ ခေမေသကကျောင်းကြီးကို အုပ်ချုပ်သည်၊ အနီးစခန်း ဆရာတော်အတွက် ဆွမ်းဝတ် ကွမ်းဝတ်များကိုလည်း ရဟန်း အမကြီး ဒေါ်ဂုဏဝတီကိုယ်စား သဒ္ဒါတရားထက်သန်စွာဖြင့် ဆောင်ရွက်သည်။

၁၃၃၅–ခုနှစ်တွင် အနီးစခန်းဆရာတော်လေငန်းရောဂါ

ရပြီး မကျန်းမမာဖြစ်သည်။ ဆေးဝါးကုသ သောအခါ ၁၃၃၇ခုနှစ်တွင် အနည်းငယ်သက်သာလာသည်၊ ထိုစဉ်ရဟန်း အမကြီး ဒေါ်ဂုဏဝတီနှင့် ဒေါ်စျာနဝတီတို့ကို ခေါ်ခိုင်းပြီး ခေမေသကချောင်အုပ်ချုပ်ရေး ပညာရေး ကြီးပွားတိုးတက် ရေးတို့ကို မိန့်ကြားသည်။

ချောင်ဆရာကြီးများ၏ ဓါတ်ပုံများကို ဓမ္မာရုံကြီးတွင် စာ တန်းရေးထိုး ချိတ်ဆွဲထားရန်မှအစ သတိပေးစရာရှိသမျှ ပေး သည်။

ထိုအခါဆရာကြီး ဒေါ်ဂုဏဝတီသည်အနီးစခန်းဆရာတော် ၏ ကျန်းမာရေးကို လျှောက်ထားပြီးဆရာတော်ကလဲ မကျန်း မမာ တပည့်တော်မကလဲ မျက်စိနှစ်ကွင်းအလင်းမရ ဟုဝမ်း နည်းပမ်းနည်းဖြစ်ရှာသည်။

"ဒကာမကြီး ဘာမှဝမ်းနည်းမနေနဲ့၊ သူဖြစ်ချင်တာဖြစ်မှာ လို့သာအောက်မေ့"ဟု အမိန့်ရှိကာ သောကကိုလျော့ပါး စေသည်။

၁၃၃၈-ခုနှစ်တွင် အနီးစခန်းဆရာတော်သည် အနီးစခန်း ချောင်၌ပင် ပျံလွန်သည်။ ဒေါ်စျာနဝတီက အနီးစခန်း ဆရာတော်အတွက် ရည်စူးပြီး ဆန်ရှစ်ပြည်ချက် သံဃဒါန ဆွမ်းကြီးလောင်းလှူသော၏။

၁၃၄၃ ခုနှစ်တွင် ဆရာကြီးဒေါ်စျာနဝတီသည် အသက် (၇၇)နှစ် ရှိလေပြီ၊ ဆရာကြီး ဒေါ်စျာနဝတီသည် နေ့စဉ်နှင့် အမျှ သီလရှင် ဆရာလေးများအား ဩဝါဒပေးခြင်း မိမိ

ကိုယ်တိုင် တရားဘာဝနာပွားများခြင်းဖြင့်သာ အချိန်ကုန်လွန် စေလျက်ရှိပေသည်။

ဆရာကြီး ဒေါ်ချောနဝတီသည် ၁၂၉၀ ပြည့်နှစ်မှ စ၍ ဘုရားဂုဏ်တော် တနေ့တထောင် ပုတီးစိတ်လျက် ပွားများသည်။ အသက် ၆၀ ကျော်မှစ၍ စာဝါများကို မပို့ချတော့ပဲ ပဋိပတ္တိအလုပ်ကိုသာ အချိန်ရသမျှအားထုတ်လေ့ရှိ၏။

ညစဉ် ၇ နာရီမှစ၍ မေတ္တာဘာဝနာ မပြတ်ပွားသည်၊ ဗုဒ္ဓါနုဿတိကို အားထုတ်သည်။


ဂုဏ်တော်ကိုးပါးရွတ်ဆို ဘုရားရှိခိုးပြီး ပရိတ် ၁၁ သုတ်၊ မဟာသမယသုတ်၊ အတ္တဒဏ္ဍသုတ်၊ ကလဟဝိဝါဒသုတ်၊ စူဠဗျူဟသုတ်၊ မဟာဗျူဟသုတ်၊ ပူရာဘေဒသုတ်၊ သမ္မာပရိဗ္ဗာဇနီယသုတ်၊ တုဝဋ္ဋကသုတ်၊ အာဋာနာဋိယသုတ်၊ မဟာသတိပဋ္ဌာန်သုတ်၊ ပဋ္ဌာနပါဠိပစ္စယနိဒ္ဒေသတို့ကိုရွတ်ဖတ်သည်။

သုတ် ပါဠိတော်ကြီးများကို စွမ်းနိုင်သမျှ ရွတ်ဆိုပြီးနောက် မဟာဂန္ဓာရုံ ဆရာတော်နည်းအတိုင်း ကမ္မဋ္ဌာန်း နှလုံးသွင်းသည်။ ည ၁၀ နာရီတွင် တရားနှလုံးသွင်းယင်းအိပ်စက်သည်။

ကုသိုလ်ပြုတိုင်း ပြုတိုင်း "ဤဒါနသီလ သမထ ဝိပဿနာ ထူးမြတ်လှစွာသော ကုသိုလ်ကောင်းမှုတို့ကြောင့် မအိုရာ မနာရာ မသေရာ ပငြိမ်းသန္တနေခြင်း တို့၏ ချုပ်ငြိမ်းရာ မဟာအသင်္ခတဓာတ်မြတ်လှစွာသော နိဗ္ဗာန်ရွှေပြည်မြတ်သို့ လျင်မြန်ဆောစွာရောက်ရပါလို၏ အရှင်ဘုရား" ဟု ဆုတောင်းလေ့ရှိ၏။ သာဝကဗောဓိဆု ရည်သန်လျက် ကျင့်ကြံကြိုးကုတ်အားထုတ်လျက်ရှိပါသတည်း။ ။

## နောက်ဆက်တွဲ

## ဆရာကြီး ဒေါ်ဂျာနဝတီ၏ ဇာတာ




၁၂၆၆-ခု တော်သလင်းလဆန်း ၁၀ ရက် နေ့၊ ညဉ့် ၂ ချက်တီးကျော် ၁၁ရက် အင်္ဂါနေ့သို့အဝင် မီးရှူးသန့်စင် ဖွားမြင်သည်။ အမည်-မစိန်ငွေ။

## ဇာတာပုံ တေးထပ်

ထောင့်နှစ်ရာ ခြောက်ဆယ့်ခြောက်၊ မောက်ဘွယ်ရောက်
ဇာတာ၊ တော်သလင်း မြစ်တွင်းသာသည်၊ သစ်ဆင်းရာ ရဘုံ၊
ဆန်း(၁၀)ရက် သန်းခေါင်ကျော် အရောက်နေ်မလှ၊ အင်္ဂါ
နေ့ မီးရှူးစင်၊ မှီးလူ့ခွင်ယခု၊ ကြီးထုအင် ဥာဏ်အစုရယ်
ကြောင့် ကြုံသမှုခက်ဝေ၊ မိဿမှာ ဂရုမြက်၊ ကရကဋ် စန်း
လက်မဘွေ၊ သိဟ်ရာဟု ခြသေ့်နေတယ်၊ ကန်အခြေ ဂဠုန်မင်း

ရှုယ်နဲ့၊ ဆင်မယှဉ်း တူကြွက်ပျော်ပေ၊ မရဏစနေ၊ ဇာတာခွင်
သူ့အခြေမှာ၊ လူ့ပြေရွာ ရှိဘူးထင့်လေး။

## ဒေါ်ဈာနဝတီ၏ နောက်ဆုံးအချိန် အစီအစဉ်

စစ်ကိုင်းတောင်ရိုး ခေမေသကချောင် တတိယ ချောင် ဆရာကြီး ဒေါ်ဂုဏဝတီနှင့် စတုတ္ထချောင် ဆရာကြီး ဒေါ် ဈာနဝတီတို့ အနိစ္စ ရောက်သောအခါ စီစဉ် ဆောင်ရွက်ရန် များကိုလည်း ယခုနှစ်ကပင် ကြိုတင်၍ (**သေတန်းစာသဘော**) ဤသို့ စီမံခန့်ခွဲထားလေသည်။

၁။ ကွယ်လွန်သောအခါ ၃-ရက်၊ သို့မဟုတ် ၅-ရက်မျှ ထားရန်

၂။ ဘုရားအား ဆွမ်းတော်တင် ကပ်လှူ၍ သံဃာတော် များ ပင့်လျက် သက်ပျောက်ဆွမ်း ကပ်ရန်

၃။ ဘုရားကျောင်းကြီးအား ဝတ္ထုငွေ (၁၀၀) လှူရန်

၄။ တရားပွဲကျင်းပ၍ ဓမ္မပူဇာ (၁၀၀) လှူရန်

၅။ ပင့်သံဃာ တရာကျော်တို့အား တပါးလျှင် (၂၅) ကျပ်၊ စုစုငွေ (၃၀၀၀) ကျပ် လှူရန်

၆။ သက်ပျောက်ဆွမ်း ကျွေးရန်အတွက် (၃၀၀) ကျပ်

၇။ အလောင်းပြင်ဆင်ရန်အတွက် (၅၀၀) ကျပ်

၈။ ဂူသွင်းရန်အတွက် (၁၀၀၀) ကျပ်

၉။ ရက်လည်ဆွမ်း ကပ်လှူရန်အတွက် (၁၀၀၀) ကျပ် တို့ကို အသင့် စီမံ အပ်နှံ၍ ထားလေ၏။

— ငါ့သမီးတို့ ကောင်းကောင်း နေကြပါ။

— ကောင်းကောင်းနေမှ ဘုရားသမီးတော် ပီသမယ်။

— ငါ့သမီးလည်း ဖြစ်မယ်။

— လိမ္မာမှ ဘုရားလည်း ကြိုက်မယ်။

= ငါလည်း ကြိုက်တယ်။

— ဒါ့ကြောင့် လိမ္မာကြပါ။

— ဘုရားကကျွေးထားလို့ ချမ်းချမ်းသာသာစားနေကြရတာ။

— မဖေါက်ပြန်ကြနဲ့။

(ပထမချောင် ဆရာကြီး၏ ဩဝါဒ)